# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ခုနှစ် ၊ ကဆုန်လဆန်း (၃) ရက် ၊ သောကြာနေ့ ၊ (10-5-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၁၀)

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုနယ်မြေ နေပြည်တော် "စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု" အခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် ဓာတ်ပုံမှတ်တမ်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။

**နေပြည်တော် မေ ၉**

ပြည်ထောင်စုနယ်မြေနေပြည်တော် "စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု" အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့်ဖိတ်ကြားထားသူများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ နေပြည်တော် စာကြည့်တိုက်များဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊နေပြည်တော် Book Club အဖွဲ့ဝင်များ၊

**စာမျက်နှာ ၁၆ ကော်လံ ၁**



ရတနာပုံ
၂၀၂၄ ခုနှစ် မေ ၁၀ ရက်
အယ်ဒီတာ့အာဘော်

# သန်းခေါင်စာရင်းကောက်ယူနိုင်ရေး ပြည်သူအားလုံးပါဝင်ပေး

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုအပေါ် မူတည်သလို ယင်းနိုင်ငံ၏ စာရင်းအင်းကိန်းဂဏန်းအချက်အလက်များသည် အချိန်နှင့်တစ်ပြေးညီ တိကျမှန်ကန်မှုရှိရေးသည်လည်း မဖြစ်မနေလိုအပ်မည်ဖြစ်ပါသည်။ သို့မှသာ တိကျမှန်ကန်သော စာရင်းအင်းကိန်းဂဏန်းအချက်အလက်များကို အခြေတည်၍ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေး ကိစ္စရပ်များဆိုင်ရာမူဝါဒများကို တိတိကျကျရေးဆွဲချမှတ်ကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် အခြေခံအသုံးပြုရသော လူဦးရေဆိုင်ရာစာရင်းအချက်အလက်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူရရှိသော လူဦးရေသန်းခေါင်စာရင်းမှ ရရှိမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကို ၁၉၇၃ ခုနှစ်နှင့် ၁၉၈၃ ခုနှစ်တို့တွင် ကောက်ယူခဲ့ပြီးနောက် နှစ်ပေါင်း ၃၀ ကျော်ကြာ အကြောင်းအမျိုးမျိုးကြောင့် ကောက်ယူနိုင်ခဲ့ခြင်းမရှိဘဲ ၂၀၁၄ ခုနှစ်တွင် အောင်မြင်စွာပြန်လည်ကောက်ယူနိုင်ခဲ့သည်။ ယခု ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို လာမည့်အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်ထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်လုံးကျွတ်အဆင့် ကောက်ယူသွားမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားသည့် ၂၀၂၄ ခုနှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားတွင် **“၂၀၂၄ ခုနှစ်အတွင်းမှာ ကျွန်တော်တို့နိုင်ငံအတွင်း ပြည်လုံးကျွတ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းတွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သန်းခေါင်စာရင်းမှရရှိတဲ့ လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များက ကျွန်တော်တို့နိုင်ငံရဲ့ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များမှာ အကျိုးရှိရှိလုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ ဒါ့ပြင် ကျွန်တော်တို့အစိုးရရဲ့ အဓိကရည်မှန်းချက်ဖြစ်တဲ့ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးဖြစ်ပေါ်စေရေးအတွက် အခြေခံအချက်ဖြစ်တဲ့ မဲစာရင်းများမှန်ကန်ပြည့်စုံရေးမှာလည်း အသုံးပြုနိုင်မှာဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေနဲ့လည်း ဆောင်ရွက်မယ့် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်များမှာ ပူးပေါင်းပါဝင်ပေးကြဖို့လည်း ပြောကြားလိုပါတယ်”**ဟူ၍ ထည့်သွင်းပြောကြားထားပါသည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ခေတ်မီနည်းပညာ **Computer-Assisted Personal Interviews(CAPI)** နည်းစနစ်ကို အသုံးပြု၍ **Mobile Tablet** များဖြင့် ကောက်ယူသွားမည်ဖြစ်ပြီး သန်းခေါင်စာရင်းသင်တန်းအဆင့်ဆင့်ကို လာမည့် ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။ သန်းခေါင်စာရင်း ရည်ညွှန်းချိန်မှာ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃၀ ရက် ညသန်းခေါင်ယံဖြစ်ပြီး အိမ်ထောင်စုမေးခွန်းပုံစံအတွက် မေးခွန်း ၆၈ ခု၊ အဖွဲ့အစည်းမေးခွန်းပုံစံအတွက် မေးခွန်း ၁၈ ခုကို မေးမြန်းကောက်ယူသွားမည်ဖြစ်ပါသည်။ ထိုသို့ကောက်ယူခြင်းဖြင့် နိုင်ငံတော်၏ပကတိအခြေအနေမှန်များကို မှန်မှန်ကန်ကန်တိတိကျကျ သိရှိနိုင်မည်ဖြစ်ပြီး နိုင်ငံတော်၏ လက်ရှိနှင့်အနာဂတ်စီမံကိန်းများကို မှန်ကန်စွာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း တိုင်းပြည်နှင့်လူမျိုးအတွက် အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်ပေသည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူများအနေဖြင့် ၂၀၂၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရာတွင် စာရင်းအင်းကိန်းဂဏန်း အချက်အလက်များ တိကျမှန်ကန်စွာကောက်ယူနိုင်ရေး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီး မြို့နယ် ၂၀ ၌ ဝါ ၅၂၃၆၉ ဧကအတွက် ချေးငွေများထုတ်ပေးမည်



**မန္တလေး မေ ၉**

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၂၀ ရှိ သမဝါယမအသင်းသားတောင်သူများစိုက်ပျိုးမည့် ဝါ ၅၂၃၆၉ ဧကအတွက် ချေးငွေများ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးက ပြောပြ၍ သိရသည်။

အဆိုပါမြို့နယ် ၂၀ တွင် ဝါစိုက်ပျိုးမှုများကို မိုးကြို၊ မိုး၊ မိုးနှောင်းဟူ၍ သုံးမျိုးခွဲခြားကြောင်း၊ ထုတ်ချေးပေးသွားမည့် ဧကများအနေဖြင့် မိုးကြိုဝါလျာထားဧက ၂၀၀၀၊ မိုးဝါလျာထားဧက ၁၀၀၀၀၊ မိုးနှောင်းဝါလျာထားဧက ၄၀၃၆၉ ဧက စုစုပေါင်း ၅၂၃၆၉ ဧကလျာထားပြီး တစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀၀ ဖြင့် မေလ ဒုတိယပတ်မှစ၍ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ မန္တလေးတိုင်းဒေသကြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ တိုင်းဒေသကြီးအစိုးရရန်ပုံငွေ၊ အသင်းပိုင်ငွေတွေ ပူးပေါင်းပြီးတော့ ဝါစိုက်ပျိုးရေး စီမံကိန်းဆောင်ရွက်ကြတဲ့ တောင်သူတွေ သွင်းအားစုထည့်သွင်းအသုံးပြုစေပြီးတော့ တစ်ဧကအထွက်နှုန်းတိုးတက်လာစေဖို့ဖြစ်ပါတယ်။ သမဝါယမအသင်းသား၊ အသင်းသူတွေ အကျိုးအမြတ်ပိုမိုရရှိစေဖို့ပါ။ တောင်သူတွေကြိုက်တဲ့ ဝါမျိုးတွေဖြစ်တဲ့ ရွှေတောင်(၁၀)၊ ရွှေတောင်(၉)၊ ရွှေတောင်(၈)၊ Rakka စတဲ့ ဝါမျိုးတွေကိုပေးမယ်။ သွင်းအားစုကတော့ ဆေး၊ သဘာဝမြေဩဇာတွေ ပေးသွားမယ်။ အတိုးနှုန်းကတော့ ငွေကျပ် ၁၀၀ ကို တစ်ကျပ်နှုန်းပါ” ဟု ဦးလှိုင်မိုးက ပြောပြသည်။

ထိုသို့ထုတ်ချေးပေးမည့် မြို့နယ်များမှာ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ ကျောက်ပန်းတောင်း၊ ညောင်ဦး၊ ငါန်းဇွန်၊ တံတားဦး၊ ပြင်ဦးလွင်၊ မလှိုင်၊ မိတ္ထီလာ၊ ဝမ်းတွင်း၊ သာစည်၊ တောင်သာ၊ နွားထိုးကြီး၊ မြင်းခြံ၊ ပျော်ဘွယ်၊ ရမည်းသင်း၊ သပိတ်ကျင်း၊ ပုသိမ်ကြီး၊ မတ္တရာမြို့နယ်တို့ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ သိရသည်။

(၁၈၅)

# မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

**မန္တလေး မေ ၉**

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင် ထိုင်းနိုင်ငံထုတ် Auto ဂီယာဘီးများနှင့် တရုတ်တစ်ပတ်ရစ်ဘီးများ အရောင်းအဝယ်ကောင်းလျက်ရှိပြီး အသစ်ဘီးများလည်း ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်လာကြောင်း ၅၉ လမ်းဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

ထို့ပြင် လျှပ်စစ်သုံးဆိုင်ကယ်များ လူကြိုက်များလာကာ ဝယ်ယူမှုများနေပြီး အနည်းဆုံးငွေကျပ် ၁၆ သိန်း ၅သောင်းမှ သိန်း ၅၀ ကျော်ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် တရုတ်နိုင်ငံထုတ် အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၇ သိန်းမှ ၁၃ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရှပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၉ သောင်းမှ ၁၅ သိန်းခန့်ထိ ရှိကြောင်း သိရသည်။

ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click (ပုံပြောင်း) ဒလက်ဘီးများမှာ ငွေကျပ် ၃၅ သိန်းမှ ၄၄ သိန်း၊ အနိမ့်ဘီး Click များမှာ ငွေကျပ် ၁၈ သိန်းမှ သိန်း ၂၀ ခန့်၊ Scoopy i ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၃၈ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၄ သိန်းမှ ၁၇ သိန်းခန့် ဈေးရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးမင်းနိုင်ထံမှ သိရသည်။

ကားဈေးကွက်တွင် ပွိုင့်သရီးကားလေးများနှင့် ၆၆၀ စီစီပစ်ကပ်ကားလေးများ အရောင်းအဝယ်အနည်းငယ်ရှိနေပြီး နံပါတ်ထွက်ပြီး တစ်ပတ်ရစ်ညာမောင်းကားများမှ အင်ဂျင်ပါဝါမြင့်ကားများအရောင်းအဝယ်အေးနေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

အရောင်းအဝယ်ဖြစ်နေသည့် ပွိုင့်သရီးကားလေးများနှင့် ၆၆၀ စီစီ ပစ်ကပ်ကားလေးများအနက် ငွေကျပ်သိန်း ၂၅၀ မှ သိန်း ၃၅၀ ကြား ကားများအရောင်းအဝယ်ရှိနေကြောင်း၊ ပွိုင့်သရီးကားအမျိုးအစားများမှ ဟွန်ဒါဖစ်၊ တိုယိုတာဝစ်ရှ်၊ တိုယိုတာဗစ်ဇ်၊ တိုယိုတာရက်တစ်ဇ်၊ တိုယိုတာဘယ်လ်တာ ကားအမျိုးအစားများ အရောင်းအဝယ်ရှိကြောင်း၊ လျှပ်စစ်သုံးကားများကိုလည်း စိတ်ဝင်စားမှုမြင့်တက်နေပြီး ငွေကျပ် သိန်း ၁၅၀၀ ခန့် ပေါက်ဈေးရှိကြောင်း၊ ပြည်တွင်းတပ်ဆင်ထုတ်လုပ်သော SKD ကားများတွင်လည်း ငွေကျပ် သိန်း ၁၀၀၀ ခန့်ထိရှိခဲ့ရာမှ ယခုအခါဈေးနှုန်းများကျဆင်းလာကြောင်း သိရသည်။

၆၆၀ စီစီပစ်ကပ်ကားလေးများတွင် ဟိုက်ဂျက် Auto ငွေကျပ် သိန်း ၁၅၀ ခန့်၊ Manual ငွေကျပ် သိန်း ၁၃၀ ခန့်ဈေးပေါက်နေပြီး အခြားသော ခွေးဘီလူးကားများတွင်လည်း Manual ငွေကျပ် သိန်း ၁၀၀၊ Auto ငွေကျပ်သိန်း ၁၂၀ ခန့်ဖြင့် အရောင်းအဝယ်ရှိနေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

(၁၇၃)

# မန္တလေးဈေးကွက်တွင် ဆီမုန်ညင်းစေ့များ အရောင်းအဝယ်ကောင်းနေ

**မန္တလေး မေ ၉**

မန္တလေးဈေးကွက်အတွင်း ဆီမုန်ညင်းစေ့များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့် ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြ၍ သိရသည်။

အဆိုပါ မုန်ညင်းစေ့များသည် ယခုရက်ပိုင်းအတွင်း ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကလေး၊ ကလေးဝ၊ ဇန်းမော်၊ ကသာတို့မှ မန္တလေးဈေးကွက်အတွင်းဝင်ရောက်လာပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ ယခုအချိန်တွင် ဆီမုန်ညင်းစေ့ တစ်ပိဿာလျှင် ငွေကျပ် ၃၂၀၀ ဈေးရှိနေကြောင်း သိရသည်။

“ဒီရက်ပိုင်း ဈေးကွက်ကိုဝင်ရောက်လာတဲ့ ဆီထွက်သီးနှံမုန်ညင်းစေ့တွေဟာ အရောင်းအဝယ်တွေ ကောင်းမွန်နေပါတယ်။ မုန်ညင်းက အရွက်စားဟင်းချက်မုန်ညင်းနဲ့ ဆီထုတ်လုပ်နိုင်တဲ့ ဆီမုန်ညင်းဆိုပြီး နှစ်မျိုးနှစ်စားရှိပါတယ်။ ဆီမုန်ညင်းကတော့ ဆောင်းသီးနှံအနေနဲ့ တစ်ရာသီပဲ စိုက်ပျိုးကြပါတယ်။ ဈေးကွက်ဝင်သီးနှံလဲဖြစ်ပါတယ်။ ဆီမုန်ညင်းစေ့ကို အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွေကို နှစ်စဉ်တင်ပို့နေရပါတယ်။ လက်ရှိမှာ ဆီမုန်ညင်းစေ့ကိုအိန္ဒိယဝယ်လက်တွေက ဝယ်ယူနေပါတယ်။ အဲဒါကြောင့် ဆီမုန်ညင်းကို တောင်သူတွေအနေနဲ့ တိုးချဲ့စိုက်ပျိုးသင့်ပါတယ်။ တောင်ပေါ်ဒေသတွေမှာ ပိုမိုဖြစ်ထွန်းပါတယ်”ဟု ဦးစိုးဝင်းမြင့်က ပြောပြသည်။

အဆိုပါဆီမုန်ညင်းကို ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း စသည့်ဒေသများတွင် အဓိက စိုက်ပျိုးကြကြောင်း သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရေကွက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# မုံရွာခရိုင်တွင် ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၄၀၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မုံရွာ မေ ၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၄၀၅ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။



မုံရွာခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၆၄၂၇ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ မုံရွာမြို့နယ်တွင် ၄၁၅ ဧက၊ ဘုတလင်မြို့နယ်တွင် ၁၄ ဧက၊ အရာတော်မြို့နယ်တွင် ဧက ၁၈၄၀ နှင့် ချောင်းဦးမြို့နယ်တွင် ၂၁၃၆ ဧက စုစုပေါင်း ၄၄၀၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မုံရွာခရိုင်မှာ နှမ်းဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နွေနှမ်းစိုက်ပျိုးမှုလျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဒါ့ပြင် အထွက်နှုန်းကောင်းမွန်ဖို့၊ GAPစနစ်နဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ မုံရွာခရိုင်တွင် နွေနှမ်းစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ဧက ၄၈၀၊ ဘုတလင်မြို့နယ်တွင် ရှစ်ဧက၊ အရာတော်မြို့နယ်တွင် ဧက ၃၂၀၀ နှင့် ချောင်းဦးမြို့နယ်တွင် ၂၇၃၉ ဧက စုစုပေါင်း ၆၄၂၇ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် မုံရွာခရိုင်၌ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP စနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းမြင့်က ပြောပြ၍သိရသည်။

(၂၀၆)

# မိတ္ထီလာမြို့နယ် နတ်ကြီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိတ္ထီလာ မေ ၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြာကျေးရွာအုပ်စု နတ်ကြီးကုန်းကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်နှင့် တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာအတွက် အမှန်တကယ်လိုအပ်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို မေ ၈ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့်စီမံကိန်းလက်စွဲစာစောင်ပါစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၄၁ ဒသမ ၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက နတ်ကြီးကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ် ၁၁၉ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၇ ဦးကို ငွေကျပ် ၂၆၉ ဒသမ ၅ သိန်း၊ အရောင်းအဝယ်လုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၅၃ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၇ ဦးကို ငွေကျပ် ၄၄၁ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# ဤလက်များဖြင့်

\- ဤလက်များဖြင့်
တရားမျှမှု ရှက်ဆောင်မှုကြောင့်
လူ့ဘောင်ဝန်းကျင် ရောင်ဟပ်ထင်လျက်
မင်္ဂလာရှိပေ ဂုဏ်တင့်စေသည်
"လေညင်းဆောင်တိုင်း မွှေးနံ့ဝေ"။

\- ဤလက်များဖြင့်
တရားမဲ့မှု အားထုတ်မှုကြောင့်
လူ့ဘောင်ဝန်းကျင် မဖြူစင်ဘဲ
မင်္ဂလာကင်းပေ နွမ်းညှိုးစေသည်
"လေပြည်မွှေ့တိုင်း ပုပ်နံ့မွှေ"။

\- အများကောင်းကျိုး
မျှော်ကိုးဆပွား ဤလက်များဖြင့်
ထူးခြားလုပ်ရပ် တန်ဖိုးမြတ်နှင့်
ရလဒ်ကောင်းမျှ မျိုးစေ့ချလျက်
လောကဓမ္မ ညီစွာပေ
လှသောဂုဏ်သတင်း လွှမ်းကြစေ။

\- အတ္တပရ
ဝေမျှတုံ့နှင်း ယှဉ်တွဲခြင်းဝယ်
လေညင်းဆောင်တိုင်း မွှေးနံ့လှိုင်းတို့
ခြုံသိုင်းလူ့ဘောင် အလှဆောင်လျက်
ဂုဏ်ရောင်ဝေမြဲ ဝေကာလေ
လေပြည်မွှေ့တိုင်း ပုပ်နံ့လှိုင်းကြောင့်
ညစ်မှိုင်းဝန်းကျင် အက်ကြောင်းထင်သည့်
ဇောင်ရိပ်များ ဝေးစွာလေ
"ဤလက်များဖြင့် လက်ကမ်းဝေ"
"ပြောထုံးတည်ရစ် လှပစေ"။ ။

**မင်းသွေးနွယ်(ဇီးကုန်း)**

# ဇီးကုန်းမြို့နယ် သစ်နဖားပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်း

**ဇီးကုန်း မေ ၉**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သစ်နဖားပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များ ရွေးချယ်ဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဇီးကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်က စီမံကိန်းလက်စွဲစာစောင်ပါအကြောင်းအရာများ၊ စီမံကိန်းလုပ်ငန်းစဉ် အကြောင်းအရာများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များ ထမ်းဆောင်ရမည့်တာဝန်များနှင့် ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သစ်နဖားပင်ကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**ကိုညို**

# နိုင်ငံတကာ သတင်းများ

## ဂါဇာကမ်းမြောင်တောင်ပိုင်း ရာဖာမြို့အနီး၌ အစ္စရေးတင့်ကားများ နေရာယူစုစည်း

**ရှေရုဆလင် မေ ၉**

ဂါဇာကမ်းမြောင် တောင်ပိုင်း ရာဖာမြို့အနီးတွင် အစ္စရေးတပ်များက တင့်ကားများနေရာယူစုစည်းထားပြီး ပစ်ခတ်မှုများပြုလုပ်ခဲ့ကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

ရာဖာမြို့ကို စစ်ရေးအရ တိုက်ခိုက်ပါက အစ္စရေးသို့ လက်နက်များပေးပို့မှုရပ်ဆိုင်းမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က သတိပေးခဲ့ပြီးနောက် ရာဖာမြို့အနီးတွင် အစ္စရေးတင့်ကားများ နေရာယူစုစည်းထားခြင်းဖြစ်သည်။

အစ္စရေး တင့်ကားတစ်စီး၏ ပစ်ခတ်မှုကြောင့် ရာဖာအရှေ့ပိုင်းရပ်ကွက်တစ်ခု၌ လူသုံးဦးသေဆုံး၍ ဒဏ်ရာရရှိသူများရှိခဲ့ကြောင်း ရာဖာဒေသခံများက ပြောကြားခဲ့သည်။

ရာဖာမြို့သည် အစ္စရေးစစ်ဘက်က ထိုးစစ်ဆင်တိုက်ခိုက်မှု မပြုလုပ်ရသေးသည့် တစ်ခုတည်းသော ဂါဇာမြို့ဖြစ်သည်။

ရာဖာမြို့၌ အစ္စရေး-ဟားမတ်စ်စစ်ပွဲကာလအတွင်း စစ်ဘေးဒုက္ခသည်ဘဝရောက်ခဲ့ရသည့် ပါလက်စတိုင်းလူမျိုး တစ်သန်းကျော်ခိုလှုံနေသောနေရာဖြစ်သည်။

ရာဖာမြို့ကို အစ္စရေးစစ်ဘက်က ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ပါက ပါလက်စတိုင်းအရပ်သားသေဆုံးမှုနှုန်း မြင့်တက်လာမည့်အရေးကို နိုင်ငံတကာက စိုးရိမ်လျက်ရှိကြောင်း သိရသည်။

Ref : RT
Trs : KKO

## ဆီနီဂေါလေဆိပ်၌ လေယာဉ်တစ်စင်း ပြေးလမ်းချော်မှုဖြစ်ပွား လူ ၁၂ ဦး ဒဏ်ရာရရှိ

**ဒါကာ မေ ၉**

ဆီနီဂေါနိုင်ငံ ဒါကာမြို့အနီးရှိ အဓိကလေဆိပ်တစ်ခု၌ လေယာဉ်တစ်စင်း ပြေးလမ်းချော်မှုဖြစ်ပွားခဲ့ရာ ယင်းလေဆိပ်၏ လေယာဉ်အဆင်းအတက်များကို ရပ်ထားခဲ့ရကြောင်း သိရသည်။

အဆိုပါ လေယာဉ်ပြေးလမ်းချော်မှုသည် ဘလိုက်စ်ဒီရာနီအမည်ရှိလေဆိပ်၌ ယနေ့ညပိုင်းတွင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပြေးလမ်း ချော်ထွက်ခဲ့သည့် လေယာဉ်သည် ဆီနီဂေါအခြေစိုက် ထရန်ဆီယာလေကြောင်းလိုင်းမှ ဘိုးအင်း ၇၃၇-၃၀၀ အမျိုးအစားခရီးသည်တင်လေယာဉ်ဖြစ်ကြောင်း သိရသည်။

လေယာဉ်ပြေးလမ်းချော်မှုဖြစ်စဉ်နှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ဆီနီဂေါတာဝန်ရှိသူများက ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

ထရန်ဆီယာ လေဆိပ်သည် ဆီနီဂေါနိုင်ငံအတွင်း ပြည်တွင်းခရီးစဉ်များ ပြေးဆွဲနေသကဲ့သို့ အနောက်အာဖရိကဒေသအတွက် နိုင်ငံတကာခရီးစဉ်များလည်းပျံသန်းပေးနေသော လေကြောင်းလိုင်းဖြစ်သည်။

နောက်ဆုံးရရှိထားသည့်သတင်းများအရ လေယာဉ်ပြေးလမ်းချော်မှုဖြစ်စဉ်အတွင်း လူပေါင်း ၁၂ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO




လေယာဉ်ပြေးလမ်းချော်မှုဖြစ်

## တရုတ်သမ္မတ ရှီကျင့်ဖျင် ဟန်ဂေရီနိုင်ငံသို့ ရောက်ရှိ




**ဘူဒါပက်စ် မေ ၉**

ဆားဘီးယားခရီးစဉ် ပြီးဆုံးပြီးနောက် တရုတ်သမ္မတ ရှီကျင့်ဖျင်သည် မေ ၈ ရက် ညပိုင်းတွင် ဟန်ဂေရီနိုင်ငံ ဘူဒါပက်စ်မြို့သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်ကို ဟန်ဂေရီဝန်ကြီးချုပ် ဗစ်တာအော်ဘင်ကိုယ်တိုင် ဘူဒါပက်စ်မြို့ ဖားရင့်စ်လစ်ဇ်နိုင်ငံတကာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့သည်။

တရုတ်သမ္မတနှင့် ဟန်ဂေရီဝန်ကြီးချုပ်တို့သည် ယနေ့တွင် တရားဝင်ဆွေးနွေးပွဲများ ကျင်းပမည်ဖြစ်ပြီး ယူကရိန်းပြဿနာနှင့် ဟန်ဂေရီနိုင်ငံ၌ အခြေခံအဆောက်အအုံစီမံကိန်းများ အကောင်အထည်ဖော်နိုင်ရေးကို ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ဟန်ဂေရီခရီးစဉ်သည် တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ဥရောပ သုံးနိုင်ငံခရီးစဉ် နောက်ဆုံးခရီးစဉ်ဖြစ်သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ဟန်ဂေရီခရီးစဉ်အတွင်း တရုတ်နှင့်ဟန်ဂေရီတို့အနေဖြင့် ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက် ၁၆ ခုမှ ၁၈ ခုထိ လက်မှတ်ရေးထိုးနိုင်ဖွယ်ရှိကြောင်း သိရသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ဟန်ဂေရီသို့မသွားရောက်မီ ပြင်သစ်နှင့် ဆားဘီးယားနိုင်ငံတို့သို့ သွားရောက်ခဲ့ပြီးဖြစ်သည်။

အဆိုပါ ဥရောပ သုံးနိုင်ငံခရီးစဉ်သည် တရုတ်သမ္မတရှီကျင့်ဖျင်အတွက် ငါးနှစ်တာကာလအတွင်း ပထမဆုံး ဥရောပခရီးစဉ်ဖြစ်ကြောင်းသိရသည်။

Ref : RT
Trs : KKO

## ရုရှား၌ ဒုတိယကမ္ဘာစစ် စစ်အောင်ပွဲနေ့စစ်ရေးပြအခမ်းအနားကျင်းပ သမ္မတပူတင် တက်ရောက်မိန့်ခွန်းပြောကြား

**မော်စကို မေ ၉**

ဒုတိယကမ္ဘာစစ်အတွင်း နာဇီဂျာမနီတပ်များအပေါ် ဆိုဗီယက်ပြည်ထောင်စု စစ်အောင်ပွဲခံမှုအထိမ်းအမှတ် စစ်ရေးပြချီတက်ပွဲကို ရုရှားနိုင်ငံက ယနေ့တွင် မော်စကိုမြို့၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယူကရိန်းစစ်ပွဲကိုအကြောင်းပြု၍ အနောက်အုပ်စုနိုင်ငံများနှင့် ဆက်ဆံရေး တင်းမာနေချိန်တွင် ဒုတိယကမ္ဘာစစ် စစ်အောင်ပွဲအထိမ်းအမှတ်စစ်ရေးပြချီတက်ပွဲကို ရုရှားနိုင်ငံက ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရုရှားနိုင်ငံအနေဖြင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် ပဋိပက္ခဖြစ်မည့်အရေးကို ရှောင်ရှားရေးအတွက် အရာရာပြုလုပ်မည်ဖြစ်သော်လည်း ရုရှားနိုင်ငံကို ခြိမ်းခြောက်ခွင့်ပြုလိမ့်မည်မဟုတ်ကြောင်း ရုရှားသမ္မတပူတင်က ဒုတိယကမ္ဘာစစ် စစ်အောင်ပွဲနေ့ စစ်ရေးပြချီတက်ပွဲမိန့်ခွန်း၌ အနောက်အုပ်စုနိုင်ငံများကို သတိပေးခဲ့သည်။

ထို့ပြင် ရုရှားနိုင်ငံအနေဖြင့် ယူကရိန်းစစ်ပွဲ၌ အောင်ပွဲရယူမည်ဖြစ်ကြောင်း သမ္မတပူတင်က အဆိုပါ စစ်ရေးပြအခမ်းအနားမိန့်ခွန်းတွင် ကတိပေးခဲ့သည်။

အမေရိကန်နိုင်ငံနှင့် မဟာမိတ်များက ယူကရိန်းကို အမေရိကန်ဒေါ်လာ ဘီလီယံများစွာတန်ဖိုးရှိသည့် စစ်ရေးအကူအညီများဖြည့်ဆည်းပေးနေသော်လည်း လက်ရှိတွင် ယူကရိန်းစစ်မြေပြင်၌ ရုရှားတပ်များက အရေးသာလျက်ရှိကြောင်းသည်။

နာဇီဂျာမနီတပ်များသည် ၁၉၄၅ ခုနှစ် မေ ၈ ရက်တွင် ခြွင်းချက်မရှိ နက်လက်နက်ချခဲ့ရာ အချိန်ဇုန်ကွာခြားမှုကြောင့် ရုရှားနိုင်ငံသည် မေ ၉ ရက်တွင် ဒုတိယကမ္ဘာစစ်အောင်ပွဲအခမ်းအနားကို နှစ်စဉ်ကျင်းပလေ့ရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



## တောင်အာဖရိကနိုင်ငံ အဆောက်အအုံပြိုကျမှုတွင် ပိတ်မိနေသူများကို ကယ်တင်နိုင်ရန် မျှော်လင့်ချက်နည်းပါးလာ

**ဂျိုဟန်နက်စဘတ် မေ ၉**

တောင်အာဖရိကနိုင်ငံ ဂျော့မြို့၌ ဖြစ်ပွားခဲ့သည့်အဆောက်အအုံပြိုကျမှုတွင် အပျက်အစီးများအောက်ပိတ်မိနေသူအလုပ်သမားများကို အသက်ရှင်လျက်ကယ်ထုတ်နိုင်ရေးမျှော်လင့်ချက်မှာ မှေးမှိန်လာပြီဖြစ်ကြောင်း တောင်အာဖရိက တာဝန်ရှိသူများက ယနေ့တွင် ပြောကြားခဲ့သည်။

ယင်းအဆောက်အအုံပြိုကျမှုသည် မေ ၆ ရက်၌ဖြစ်ပွားခဲ့ပြီး လူရှစ်ဦးသေဆုံးပြီး ၂၉ ဦးကို အသက်ရှင်လျက်ကယ်ထုတ်နိုင်ခဲ့သည်။

သို့ရာတွင် အဆောက်အအုံအပျက်အစီးများကြားတွင် ဆောက်လုပ်ရေးအလုပ်သမား ၄၄ ဦးပိတ်မိနေဆဲဖြစ်ကြောင်း သိရသည်။

အဆောက်အအုံပြိုကျပြီး လေးရက်အကြာ၌ပိတ်မိနေသည့် အလုပ်သမား ၄၄ ဦးကို အသက်ရှင်လျက်ကယ်ထုတ်ပေးရန် မျှော်လင့်ချက်နည်းပါးလာပြီဖြစ်ကြောင်း တောင်အာဖရိက တာဝန်ရှိသူများက ဝန်ခံထားသည်။


အထပ်ငါးထပ်ရှိသည့် ဆောက်လုပ်ဆဲ အဆိုပါအဆောက်အအုံပြိုကျချိန်တွင် ဆောက်လုပ်ရေးအလုပ်သမား ၈၁ ဦးထိ လုပ်ငန်းခွင်အတွင်းရှိနေကြသည်။

လက်ရှိအချိန်တွင် တောင်အာဖရိကတာဝန်ရှိသူများအနေဖြင့် အဆောက်အအုံပြိုကျမှု နောက်ခံအကြောင်းအရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## နာဆာ၏တက်စ်ဂြိုဟ်တုက အာကာသစူးစမ်းလေ့လာရေးလုပ်ငန်းများ ပြန်လည်စတင်နေ



**ဝါရှင်တန် မေ ၉**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ တက်စ်ဂြိုဟ်တုသည် အာကာသစူးစမ်းလေ့လာရေးလုပ်ငန်းများကို ပြန်လည်စတင်နေပြီဖြစ်ကြောင်း မေ ၈ ရက် သတင်းများအရ သိရသည်။

တက်စ်ဂြိုဟ်တုသည် အာကာသယာဉ်လားရာထိန်းစနစ် ပြဿနာတစ်ရပ်ကြောင့် ဧပြီ ၂၃ ရက်တွင် စူးစမ်းလေ့လာရေးလုပ်ငန်းများကို ရပ်တန့်ခဲ့သည်။

သို့ရာတွင် အာကာသယာဉ်လားရာထိန်းစနစ်ကို ပြင်ဆင်ခဲ့ပြီးနောက် တက်စ်ဂြိုဟ်တုသည် မေ ၃ ရက်မှစ၍ ဂြိုဟ်သစ်ရှာဖွေရေးလုပ်ငန်းများကို ပြန်လည်စတင်နေပြီဖြစ်ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

တက်စ်ဂြိုဟ်တုသည် ဧပြီ ၈ ရက်ကလည်း ကွန်ပျူတာစနစ်ပြဿနာတစ်ရပ်ကြောင့် စူးစမ်းလေ့လာရေးလုပ်ငန်းများရပ်တန့်ခဲ့ပြီးနောက် ခြောက်ရက်အကြာမှသာ စူးစမ်းလေ့လာရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်ခဲ့ကြောင်း သိရသည်။

တက်စ်ဂြိုဟ်တု၏ ပင်မစူးစမ်းလေ့လာရေးတာဝန်မှာ ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် ပြီးဆုံးခဲ့သော်လည်း ၎င်းဂြိုဟ်တု၏တာဝန်သက်တမ်းကို နာဆာက ထပ်တိုးထားခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## အိုင်စပေ့စ်ကုမ္ပဏီက လူသားတို့၏ဘာသာစကား ၂၇၅ မျိုးကို ကွန်ပျူတာမှတ်ဉာဏ်ပြားတွင်ထည့်သွင်း၍ လပေါ်သို့ပို့ဆောင်မည်

**တိုကျို မေ ၉**

ဂျပန်နိုင်ငံအခြေစိုက်အိုင်စပေ့စ်ကုမ္ပဏီသည် လူသားတို့၏ဘာသာစကား ၂၇၅ မျိုးကို ကွန်ပျူတာမှတ်ဉာဏ်ပြားတွင် ထည့်သွင်း၍ လပေါ်သို့ ပို့ဆောင်ထားမည်ဖြစ်ကြောင်း မေ ၈ ရက် သတင်းများအရ သိရသည်။

လူသားတို့၏ ဘာသာစကားအမျိုးမျိုးပါဝင်သည့် အဆိုပါ ကွန်ပျူတာ မှတ်ဉာဏ်ပြားကို ဟာကူတို-အာရ်-၂ လဆင်းယာဉ်ဖြင့် ယခုနှစ်အတွင်း လွှတ်တင်မည်ဖြစ်ကြောင်း အိုင်စပေ့စ်ကုမ္ပဏီက ကြေညာထားသည်။

လူသားတို့၏ ဘာသာစကား ၂၇၅ မျိုးပါဝင်သည့် ကွန်ပျူတာမှတ်ဉာဏ်ပြားကို ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (UNESCO) က ဖန်တီးထားခြင်းဖြစ်ကြောင်း သိရသည်။

အိုင်စပေ့စ်ကုမ္ပဏီသည် ၎င်း၏ ပထမဆုံးလဆင်းယာဉ်ဖြစ်သော ဟာကူတို-အာရ် လဆင်းယာဉ်ကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် လွှတ်တင်ခဲ့သည်။

အဆိုပါ လဆင်းယာဉ်သည် ၂၀၂၃ ခုနှစ် ဧပြီ ၂၅ ရက်တွင် လမျက်နှာပြင်ပေါ် ဆင်းသက်ရန် ကြိုးစားခဲ့သော်လည်း အောင်မြင်ခဲ့ခြင်းမရှိပေ။



အိုင်စပေ့စ်ကုမ္ပဏီသည် ဟာကူတို-အာရ်-၂ လဆင်းယာဉ်သစ်ကို ယခုနှစ် ဆောင်းရာသီအတွင်း လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## စတားလိုင်နာ အာကာသလူသယ်ယာဉ်နှင့် အက်တလပ်စ်-၅ ဒုံးပျံကို ပစ်စင်မှတစ်ဆင့် အာကာသယာဉ်တပ်ဆင်ရေးအလုပ်ရုံသို့ ပြန်လည်ပို့ဆောင်

**ဝါရှင်တန် မေ ၉**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)နှင့် ဘိုးရင်းကုမ္ပဏီသည် စတားလိုင်နာ အာကာသလူသယ်ယာဉ်နှင့် အက်တလပ်စ်-၅ ဒုံးပျံကို ပစ်စင်မှတစ်ဆင့် အာကာသယာဉ်တပ်ဆင်ရေးအလုပ်ရုံသို့ မေ ၈ ရက်တွင် ပြန်လည်ပို့ဆောင်ခဲ့ကြောင်း သိရသည်။



အာကာသယာဉ် တပ်ဆင်ရေးအလုပ်ရုံတွင် နာဆာနှင့် ဘိုးရင်းကုမ္ပဏီမှ အင်ဂျင်နီယာများသည် အက်တလပ်စ်-၅ ဒုံးပျံ၏ အဆို့ရှင်တစ်ခုကို အစားထိုးတပ်ဆင်ကြမည်ဖြစ်ကြောင်း သိရသည်။

နာဆာနှင့်ဘိုးရင်းကုမ္ပဏီသည် CFT အမည်ရှိမစ်ရှင်ဖြင့် စတားလိုင်နာ အာကာသလူသယ်ယာဉ်ကို မေ ၆ ရက်တွင် လွှတ်တင်ရန်စီစဉ်ထားသော်လည်း အက်တလပ်စ်-၅ ဒုံးပျံအဆို့ရှင်တစ်ခု မှုမမှန်မှုကြောင့် လွှတ်တင်ရေးအစီအစဉ်ကို ဆိုင်းငံ့ခဲ့ရပြီး CFT မစ်ရှင်သည် စတားလိုင်နာ အာကာသလူသယ်ယာဉ်နှင့်အတူ နာဆာအာကာသယာဉ်မှူးနှစ်ဦး လိုက်ပါမည့် ပထမဆုံးမစ်ရှင်လည်းဖြစ်သည်။

နာဆာနှင့် ဘိုးရင်းကုမ္ပဏီအနေဖြင့် CFT မစ်ရှင် လွှတ်တင်နိုင်ရေးအတွက် မေ ၁၇ ရက်တွင် ထပ်မံကြိုးပမ်းရန် စီစဉ်ထားသည်။

CFT မစ်ရှင်ကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## ဆီးကျိတ်ကင်ဆာလူနာများ ဓာတ်ရောင်ခြည်ကုထုံးနှင့် ဟော်မုန်းကုထုံးကို ပေါင်းစပ်ရယူခြင်းဖြင့် ပြင်းထန်သည့်ဓာတုကုထုံးကို ရှောင်ရှားနိုင်

**လန်ဒန် မေ ၉**

ဆီးကျိတ်ကင်ဆာ လူနာများအနေဖြင့် ဓာတ်ရောင်ခြည်ကုထုံးနှင့် ဟော်မုန်းကုထုံးကို ပေါင်းစပ်ရယူခြင်းဖြင့် ပြင်းထန်သည့် ဓာတုကုထုံးကို ရှောင်ရှားနိုင်ဖွယ်ရှိကြောင်း မေ ၈ ရက် သတင်းများအရ သိရသည်။

ကင်ဆာဆဲလ်များပျံ့နှံ့နေသောနေရာများကို ဓာတ်ရောင်ခြည်ကုထုံးပေးခဲ့ပါက ရောဂါတိုးမှုအရှိန် လျော့ပါးသွားသော်လည်း လူနာ၏ ဘဝနေထိုင်မှုအပေါ် အကျိုးသက်ရောက်မှုရှိနိုင်သည့် ဓာတုကုထုံးကဲ့သို့ ကုထုံးမျိုးထပ်မံရယူရန်လိုအပ်ကြောင်း သိရသည်။

သို့ရာတွင် ဆီးကျိတ်ကင်ဆာလူနာများအနေဖြင့် ဓာတ်ရောင်ခြည်ကုထုံးနှင့် ဟော်မုန်းကုထုံးကို ပေါင်းစပ်အသုံးပြုပေးပါက ဘေးထွက်ဆိုးကျိုးရှိသော ဓာတုကုထုံးကို ရှောင်ရှားနိုင်ကြောင်း ဗြိတိန်သုတေသန ပညာရှင်များက ပြောကြားသည်။

ဗြိတိန်သုတေသနပညာရှင်များသည် ဆီးကျိတ်ကင်ဆာလူနာများကို ဓာတ်ရောင်ခြည်ကုထုံး၊ ဟော်မုန်းကုထုံးတို့ဖြင့် စမ်းသပ်ကုသပေးခဲ့ကြသည်။

စမ်းသပ်မှုမှ ထွက်ပေါ်လာသည့်ရလဒ်များအရ ဓာတ်ရောင်ခြည်ကုထုံး၊ ဟော်မုန်းကုထုံးနှစ်မျိုးပေါင်းရယူထားသည့် ဆီးကျိတ်ကင်ဆာလူနာများ၌လည်း ခြောက်လထိ ရောဂါတိုးလာခြင်းမရှိသည်ကို တွေ့ရကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ ဆီးကျိတ်ကင်ဆာလူနာများအနေဖြင့် ဓာတ်ရောင်ခြည်ကုထုံးနှင့် ဟော်မုန်းကုထုံးနှစ်မျိုးတွဲရယူခဲ့ပါက ဓာတုကုထုံးကို ရှောင်ရှားနိုင်ဖွယ်ရှိကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**
**Trs : KKO**

## အာခံတွင်းအတွင်းရှိတတ်သည့် ဗက်တီးရီးယားတစ်မျိုးက အူမကြီးကင်ဆာဖြစ်ပွားမှုတွင် ပါဝင်ပတ်သက်နေဖွယ်ရှိ

**နယူးယောက် မေ ၉**

လူတို့၏ အာခံတွင်းအတွင်းရှိတတ်သည့် ဗက်တီးရီးယားတစ်မျိုးသည် အူမကြီးကင်ဆာရောဂါဖြစ်ပွားမှုတွင် တစ်စိတ်တစ်ပိုင်း ပါဝင်ပတ်သက်နေဖွယ်ရှိကြောင်း သုတေသနပညာရှင်များက မေ ၈ ရက်တွင် ပြောကြားသည်။

Fusobacterium Nucleatum အမည်ရှိ အဆိုပါဗက်တီးရီးယားများသည် လူတို့၏ခံတွင်းထဲတွင် တွေ့ရတတ်ပြီး အခြားနေရာများ၌ မရှိတတ်ကြောင်း သိရသည်။

သို့ရာတွင် အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အူမကြီးကင်ဆာလူနာများ၏ ကင်ဆာဆဲလ်များထဲတွင် အထက်ပါ ဗက်တီးရီးယားများကို အထိုက်အလျောက် များပြားစွာ တွေ့ရှိနိုင်ကြောင်း သိရသည်။

အထက်ပါလေ့လာတွေ့ရှိချက်အရ အူမကြီးကင်ဆာရောဂါဖြစ်ပွားမှုတွင် Fusobacterium Nucleatum ဗက်တီးရီးယားများ၏ အခန်းကဏ္ဍ ပါဝင်နေဖွယ်ရှိသည်ဟု သုတေသနပညာရှင်များကသုံးသပ်ထားကြောင်း သိရသည်။

အူမကြီးကင်ဆာရောဂါသည် အဖြစ်အများဆုံး ကင်ဆာရောဂါများထဲတွင် ပါဝင်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၌ ကင်ဆာရောဂါများကြောင့် သေဆုံးမှုများအနက် အူမကြီးကင်ဆာကြောင့် သေဆုံးမှုမှာ ဒုတိယအများဆုံးဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ချဲလ်ဆီးအသင်းက စတားလင်းကို အိုလီဆီနှင့်အလဲအထပ်ပြုလုပ်ရန် စီစဉ်

**လန်ဒန် မေ ၉**

ချဲလ်ဆီးအသင်းသည် အသင်းမှ တိုက်စစ်မှူး စတားလင်းကို လာမည့်နွေရာသီတွင် ရောင်းချရန် စီစဉ်ခဲ့သော်လည်း ကစားသမားအနေဖြင့် ဆော်ဒီပရိုလိဂ်သို့ ပြောင်းရွှေ့ရန်ဆန္ဒမရှိသဖြင့် မြို့ခံပြိုင်ဘက် ပဲလေ့စ်အသင်းမှအိုလီဆီနှင့် အလဲထပ်ပြုလုပ်ရန် စီစဉ်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် စတားလင်းသည် အသင်းနှင့်စာချုပ်သက်တမ်းသုံးနှစ်ကျန်ရှိနေကာ တစ်ပတ်လုပ်ခ စတာလင်ပေါင် ၃၂၅၀၀၀ ထိပေးချေနေရသော်လည်း ကစားသမားအနေဖြင့် ခြေစွမ်းပြသရန် ရုန်းကန်နေရသောကြောင့် လုပ်ခလစာမြင့်မားသည့်စတားလင်းကို ချဲလ်ဆီးအသင်းကရောင်းချရန်ကြိုးပမ်းခဲ့ရာ ၎င်းက လန်ဒန်မြို့မှ ထွက်ခွာလိုသည့်ဆန္ဒမရှိသောကြောင့် မြို့ခံပြိုင်ဘက်ဖြစ်သည့် ပဲလေ့စ်အသင်းမှ အိုလီဆီနှင့် အလဲအထပ်ပြုလုပ်ရန် စီစဉ်ခဲ့သည်။

ချဲလ်ဆီးအသင်းသည်လာမည့်ရက်သတ္တပတ်အတွင်း ပဲလေ့စ်အသင်းနှင့် ဆွေးနွေးသွားမည်ဖြစ်ပြီး အသင်းအနေဖြင့် ပဲလေ့စ်အသင်းမှ အိုလီဆီကိုခေါ်ယူရန်အတွက် စတားလင်းအပြင် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၅၀ ကိုပါ ပေးချေသွားမည်ဖြစ်သည်။

အိုလီဆီသည် ယခုနှစ်ဘောလုံးရာသီတွင် ဒဏ်ရာကြောင့်အနားယူခဲ့ရသော်လည်း စတားလင်းထက် ပွဲကစားချိန်ပိုမိုရရှိခဲ့သူဖြစ်ပြီး ပြိုင်ပွဲစုံ ၁၇ ပွဲ၌ သွင်းဂိုး ကိုးဂိုးနှင့် ဂိုးဖန်တီးမှု လေးကြိမ်ထိ ပြုလုပ်နိုင်သောကြောင့် စတားလင်းနှင့်ယှဉ်ပါက စွမ်းဆောင်ရည် ပိုမိုကောင်းမွန်သူဖြစ်၍ အသင်းပိုင်ရှင်တော့ဘိုလီက အိုလီဆီကို တောင်ပံတိုက်စစ်တွင် ထည့်သွင်းရန် စီစဉ်ခဲ့ပြီးလာမည့်နှစ်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ယှဉ်ပြိုင်ခွင့်ရယူနိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

Ref : Xinhua
Trs : ML

# ပရီးမီးယားလိဂ် ပွဲစဉ် (၃၇) ပွဲကြိုသုံးသပ်ချက်

M L

**ဝက်စ်ဟမ်း Vs လူတန်**

**ကစားမည့်ရက်/အချိန် ၁၁-၅-၂၀၂၄ (ည ၈း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လူတန် ၁ - ၂ ဝက်စ်ဟမ်း**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဝက်စ်ဟမ်း** | – | **ဧး(ရှုံး)** | **အိမ်(သရေ)** | **ဧး(ရှုံး)** |
| **လူတန်** | – | **အိမ်(ရှုံး)** | **ဧး(ရှုံး)** | **အိမ်(သရေ)** |

ဥရောပပြိုင်ပွဲက ထွက်ခွာခဲ့ရတဲ့ ဝက်စ်ဟမ်းအသင်းဟာ ခြေစွမ်းပိုင်းကျဆင်းနေပေမဲ့ အခုပွဲစဉ်ကိုရှုံးခဲ့ရင် လာမဲ့နှစ်ဥရောပဝင်ခွင့်မျှော်လင့်ချက်ပျောက်ဆုံးမှာဖြစ်လို့ အိမ်ကွင်းမှာနိုင်ပွဲရှာဖို့ကြိုးစားလာမှာပါ။လူတန်အသင်းကလဲ အခုပွဲကိုရှုံးခဲ့ရင် တန်းဆင်းမှာဖြစ်လို့ ရေကုန်ရေခမ်းကစားရမှာဖြစ်ပေမဲ့ တိုက်စစ်နဲ့ကစားသမားစုဖွဲ့မှုကောင်းနေတဲ့ ဝက်စ်ဟမ်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ခြေစွမ်းပိုင်းသာလွန်တဲ့ ဝက်စ်ဟမ်းအနိုင်ရမှာပါ။

**အင်တာနက်ခန့်မှန်း – ဝက်စ်ဟမ်း ၂ – ၁ လူတန်**

## အားကစားသတင်းအတိုအထွာများ

- ပီအက်စ်ဂျီအသင်းက ဒေါ့မွန်ကိုရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြအန်းနရစ်သည် နည်းပြရာထူးမှ ထုတ်ပယ်ခံရမည်ဟု သတင်းထွက်ပေါ်ခဲ့သော်လည်း ၎င်းက လာမည့်နှစ်တွင် ပီအက်စ်ဂျီအသင်းတွင် ဆက်ရှိနေမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- မန်ယူအသင်းကခေါ်ယူရန် စိတ်ဝင်စားနေသည့် ခံစစ်ကစားသမား ဂူဟီကို လာမည့်နွေရာသီတွင်ရောင်းချရန် ပဲလေ့စ်အသင်းက ဆုံးဖြတ်ထားကြောင်း သိရသည်။
- ချဲလ်ဆီးအသင်းမှ အငှားစာချုပ်ဖြင့်ခေါ်ယူထားသည့် ဇီရက်ချ်ကို ဂါလာတာစာရေးအသင်းက အပြီးသတ်ခေါ်ယူသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။ ML

# ပရီးမီးယားလိဂ်ပြိုင်ပွဲ တစ်နှစ်တာအကောင်းဆုံးဆုများအတွက် ဆန်ခါတင်စာရင်းထုတ်ပြန်




**လန်ဒန် မေ ၉**

ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ တစ်နှစ်တာအကောင်းဆုံး ဆုများအတွက် ဆန်ခါတင်စာရင်းကို ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ တစ်နှစ်တာ အကောင်းဆုံးဆုများအတွက် ဆန်ခါတင်စာရင်းများကို ထုတ်ပြန်ခဲ့ရာတွင် မန်စီးတီးအသင်းမှ ဖိုဒန်နှင့် ဟာလန်း၊နယူးကာဆယ်အသင်းမှ အစ်ဆက်ခ်၊ ချဲလ်ဆီးအသင်းမှ ပယ်လ်မာတို့က နှစ်ဆုလုံးအတွက် ဆန်ခါတင်စာရင်းတွင် ပါဝင်လျက်ရှိသည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆု ဆန်ခါတင်စာရင်းတွင် မန်စီးတီးအသင်းမှ ဖိုဒန်၊ဟာလန်း၊နယူးကာဆယ်အသင်းမှ အစ်ဆက်ခ်၊အာဆင်နယ်အသင်းမှ အိုဒီဂတ်၊ ဒီကလန်ရိုက်၊ ချဲလ်ဆီးအသင်းမှ ပယ်လ်မာနှင့် အေဗီလာအသင်းမှ ဝက်ကင်းတို့ပါဝင်လာခဲ့သည်။

အလားတူ ပရီးမီးယားလိဂ်ပြိုင်ပွဲ တစ်နှစ်တာအကောင်းဆုံး လူငယ် ကစားသမားဆုအတွက် ဆန်ခါတင်စာရင်းတွင် မန်စီးတီးအသင်းမှ ဖိုဒန်၊ဟာလန်း၊နယူးကာဆယ်အသင်းမှအစ်ဆက်ခ်၊ချဲလ်ဆီးအသင်းမှ ပယ်လ်မာ၊ အာဆင်နယ်အသင်းမှ ဆာကာ၊ဆာလီဘာ၊မန်ယူအသင်းမှ ကိုဘီမိုင်နူးနှင့်စပါးအသင်းမှ အူဒိုဂီတို့ပါဝင်လာခဲ့သည်။

အဆိုပါတစ်နှစ်တာအကောင်းဆုံး လူငယ်ကစားသမားဆုကို အသက် ၂၃ နှစ်အောက် ကစားသမားများမှ ရွေးချယ်ပေးအပ်ခြင်းဖြစ်သည်။

ထို့ပြင်ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ တစ်နှစ်တာ အကောင်းဆုံးနည်းပြဆု ဆန်ခါတင် နည်းပြစာရင်းတွင် အာဆင်နယ်အသင်းနည်းပြ အာတီတာ၊ အေဗီလာအသင်းနည်းပြ အမ်မရီ၊ မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာ၊ ဘုန်းမောက်အသင်းနည်းပြ အီရာလိုအာနှင့် လီဗာပူးအသင်းနည်းပြ ကလော့ပ်တို့ပါဝင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : STA

# Italian Open တင်းနစ်ပြိုင်ပွဲတွင် ရာဖေးလ်နာဒယ်ပါဝင်ယှဉ်ပြိုင်မည်

**ရောမ မေ ၉**

အီတလီနိုင်ငံ ရောမမြို့တွင် ကျင်းပမည့် Italian Openတင်းနစ်ပြိုင်ပွဲတွင် ဒဏ်ရာပြဿနာကြောင့် အနားယူနေရသည့် စပိန်တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်က ပါဝင် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ယနေ့တွင် ပြောကြားခဲ့သည်။

ရာဖေးလ်နာဒယ်သည် ဒဏ်ရာပြဿနာကြောင့် အနားယူနေရသူဖြစ်ပြီး ပြိုင်ပွဲများနှင့် လွဲချော်နေရသည့်အတွက် Italian Open တင်းနစ်ပြိုင်ပွဲတွင် လက်ရည်စစ်ပွဲအဆင့်မှ စတင်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်းသတင်းများ ထွက်ပေါ်ခဲ့သော်လည်း ပြိုင်ပွဲကျင်းပရေးကော်မတီက ပြိုင်ပွဲအချိန်ဇယားထုတ်ပြန်ခဲ့ရာတွင် ရာဖေးလ်နာဒယ်သည် ပထမအဆင့်မှ စတင်ယှဉ်ပြိုင်ရမည်ဖြစ်ကာ ရိုးမေးနီးယားတင်းနစ်ကစားသမား ဇီဇူဘက်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

ရာဖေးလ်နာဒယ်သည် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုဖလား ၁၄ ကြိမ်ထိ ဆွတ်ခူးရရှိထားသည့် ကစားသမားတစ်ဦးဖြစ်ပြီး ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲသမိုင်းတွင် ဆုဖလားအများဆုံးဆွတ်ခူးထားသည့် ကစားသမားအဖြစ် မှတ်တမ်းဝင်နိုင်ရေးအတွက် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားနေသည်။

ရာဖေးလ်နာဒယ်က "၂၀၂၂ ခုနှစ်နောက်ပိုင်းမှာ ဒဏ်ရာပြဿနာကြောင့် ပြိုင်ပွဲတွေနဲ့ ဆက်တိုက်လွဲချော်ခဲ့ရတယ်။ အထူးသဖြင့် ကျွန်တော်နှစ်သက်တဲ့ မြေစေးကွင်းမှာကျင်းပတဲ့ ပြိုင်ပွဲတွေမှာတစ်နှစ်ကို ပြိုင်ပွဲတစ်ခုလောက်ပဲ ကစားနိုင်ခဲ့တယ်။ ဒီနှစ်မှာတော့ ဒဏ်ရာကြောင့် အနားယူထားရတယ်ဆိုပေမဲ့ ဘာစီလိုနာအိုးပင်းတင်းနစ်ပြိုင်ပွဲ၊ မက်ဒရစ်အိုးပင်းတင်းနစ်ပြိုင်ပွဲတို့မှာ ပါဝင်ယှဉ်ပြိုင်နိုင်ခဲ့ပါတယ်။ အခု Italian Open တင်းနစ်ပြိုင်ပွဲမှာလည်း ပါဝင်ယှဉ်ပြိုင်နိုင်တော့မှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

# ယူရိုပါကွန်ဖရင့်လိဂ်ဗိုလ်လုပွဲသို့ ဖီအိုရင်တီးနားအသင်း နှစ်ကြိမ်ဆက်တက်ရောက်

**ရောမ မေ ၉**

ယူရိုပါကွန်ဖရင့်လိဂ် ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ဘရူဂျက်အသင်းနှင့် ဖီအိုရင်တီးနားအသင်းတို့ တွေ့ဆုံခဲ့ရာ ဖီအိုရင်တီးနားအသင်းက နှစ်ကျော့ပေါင်းရလဒ် လေးဂိုး သုံးဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ပြီး နှစ်ကြိမ်ဆက် ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ဖီအိုရင်တီးနား အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဗိုလ်လုပွဲစဉ်တွင် ဝက်စ်ဟမ်းအသင်းနှင့် တွေ့ဆုံခဲ့ရာ နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သဖြင့် ဒုတိယနေရာသာရရှိခဲ့ပြီး ယခုနှစ်တွင်လည်း ၁၆ သင်းအဆင့်တွင် မက္ကာဘီဟိုင်ဖာ၊ ကွာတားဖိုင်နယ်အဆင့်တွင် ပလာဇန်အသင်းနှင့် ယခုဆီမီးဖိုင်နယ်တွင် ဘရူဂျက်အသင်းနှင့် တွေ့ဆုံခဲ့ရာ ပထမအကျော့အိမ်ကွင်းပွဲစဉ်တွင် သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့သဖြင့် ဒုတိယအကျော့ပွဲစဉ်တွင် အသာစီးမှ ကစားခဲ့ရသည်။

ဒုတိယအကျော့တွင် အိမ်ရှင် ဘရူဂျက်အသင်းက ပွဲစကတည်းက ဦးဆောင်ဂိုးရရှိရေး ဖိအားပေးခဲ့ရာ ပွဲချိန် မိနစ် ၂၀ တွင် ဂိုးသွင်းယူနိုင်ခဲ့သဖြင့် လက်ကျန်ပွဲချိန်များတွင် ဘောလုံးပိုင်ဆိုင်မှု အသားပေး၍ ပြိုင်ပွဲကိုထိန်းချုပ်ရန် ကြိုးပမ်းခဲ့မှုကြောင့် ဖီအိုရင်တီးနားအသင်း၏ တိုက်စစ်ဆင်မှုကိုသာ ခံခဲ့ရပြီး ပွဲချိန် ၈၅ မိနစ်တွင် ပင်နယ်တီကန်သွင်းခွင့်ရရှိခဲ့ရာ ဘယ်ထရန်က ဂိုးအဖြစ် ပြောင်းလဲပေးနိုင်ခဲ့ကာ တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သောကြောင့် နှစ်ကျော့ပေါင်းရလဒ်ဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ဖီအိုရင်တီးနားအသင်းသည် ဥရောပပြိုင်ပွဲသမိုင်းတွင် ဗိုလ်လုပွဲသို့ ခြောက်ကြိမ်ထိရောက်ရှိခဲ့ပြီး ပြီးခဲ့သည့် ငါးကြိမ်၌ ဆုဖလားတစ်ကြိမ်ရရှိခဲ့သည်။

ဗိုလ်လုပွဲစဉ်တွင် အိုလံပီယာကို့စ်နှင့် အေဗီလာအသင်းတို့မှ အနိုင်ရသည့်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဗိုလ်လုပွဲစဉ်ကို မေ ၃၀ ရက်တွင် ဂရိနိုင်ငံ အေသင်မြို့တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။



Ref : RT
Trs : ML

# ချန်ပီယံလိဂ်ပြိုင်ပွဲတွင် နောက်ကျဂိုးများဖြင့် နိုင်ပွဲရခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်း ဗိုလ်လုပွဲတက်ရောက်



**မက်ဒရစ် မေ ၉**

ချန်ပီယံလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်းက ဘိုင်ယန်မြူးနစ်အသင်းကို နောက်ကျသွင်းဂိုးများဖြင့် အနိုင်ရခဲ့သဖြင့် နှစ်ကျော့ပေါင်းရလဒ် လေးဂိုး သုံးဂိုးဖြင့် အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

အဆိုပါပွဲစဉ် ပထမအကျော့တွင် တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ဒုတိယအကျော့တွင် ဘိုင်ယန်မြူးနစ်အသင်းက အဝေးကွင်းသို့သွားရောက်ကစားခဲ့ရသော်လည်း ပွဲချိန် ၆၈ မိနစ်တွင် အယ်ဖွန်ဆိုဒေးဗစ်၏ သွင်းဂိုးကြောင့် ဗိုလ်လုပွဲသို့ရောက်ရှိရန်အခွင့်အရေးရခဲ့ပြီး ဝင်ဘာလေကွင်းတွင် ဂျာမန်အသင်းနှစ်သင်း ထိပ်တိုက်တွေ့ဆုံရမည့်အခြေအနေဖြစ်ခဲ့သော်လည်း နည်းပြတူချယ်အနေဖြင့် အသင်းမှ တိုက်စစ်ကစားသမားများဖြစ်သည့် ဆာနေး၊ ဟယ်ရီကိန်း၊ မူစီအာလာတို့ကိုလူစားလဲမှုပြုလုပ်ခဲ့ရာ ကစားအားကျဆင်းသွားခဲ့ပြီး ရီးရဲလ်မက်ဒရစ်အသင်းက ဖိအားပေးမှုများ ပိုမိုပြုလုပ်နိုင်ခဲ့သောကြောင့် ပွဲချိန် ၈၈ မိနစ်နှင့် မိနစ် ၉၀ ကျော်တို့၌ တိုက်စစ်မှူး ဂျိုဆီလူက ချေပဂိုးနှင့် အနိုင်ဂိုးများ သွင်းယူနိုင်ခဲ့သဖြင့် နိုင်ပွဲရရှိခဲ့ပြီး နှစ်ကျော့ပေါင်းရလဒ် လေးဂိုး သုံးဂိုးဖြင့် ဗိုလ်လုပွဲသို့တက်ရောက်ခဲ့သည်။

နာကျင်အချိန်ပိုတွင် ဘိုင်ယန်မြူးနစ်အသင်းက ခံစစ်ကစားသမား ဒီလိုက်က ချေပဂိုးသွင်းယူခဲ့သော်လည်း လူကျွံအနေအထားတွင်ရှိနေသည့်အတွက် VAR ဖြင့် ပယ်ဖျက်ခံရပြီး ဆီမီးဖိုင်နယ်အဆင့်မှထွက်ခွာခဲ့ရသောကြောင့် ဘိုင်ယန်မြူးနစ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ဖလားလက်မဲ့ရာသီနှင့်ကြုံတွေ့ခဲ့ရသည်။

ဗိုလ်လုပွဲသို့ ရောက်ရှိခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်း အနေဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲ သမိုင်းတွင် ၁၈ ကြိမ်မြောက် ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ပြီး ယင်းပွဲစဉ်ကိုလာမည့် ဇွန် ၂ ရက်တွင် အင်္ဂလန်နိုင်ငံ ဝင်ဘာလေကွင်းတွင် ဒေါ့မွန်အသင်းနှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik
Trs : ML

# ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား၊အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ အုပ်စုပွဲစဉ်များဆက်လက်ယှဉ်ပြိုင်



**နေပြည်တော် မေ ၉**

ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား၊အမျိုးသမီး ဘော်လီဘောပြိုင်ပွဲအုပ်စုပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှစတင်ပြီး နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ကျင်းပခဲ့ကြောင်း သိရသည်။

ယနေ့ပွဲစဉ်များအဖြစ်ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ အမျိုးသားပြိုင်ပွဲ အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ရှမ်းပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို သုံးပွဲ တစ်ပွဲဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသမီးပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း ရှမ်းပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား၊အမျိုးသမီးဘော်လီဘောပြိုင်ပွဲအုပ်စုပွဲစဉ်များကို မေ ၁၀ ရက် နံနက် ၈နာရီမှ စတင်ပြီး ဝဏ္ဏသိဒ္ဓိ အားကစားရုံ(C)တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ STA

# MNL League Cup ပြိုင်ပွဲ အုပ်စု(C)နှင့် အုပ်စု(D)ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် မေ ၉**

MNL League Cup ပြိုင်ပွဲ အုပ်စု(C)နှင့်အုပ်စု(D)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ဆက်လက် ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

MNL League Cupပြိုင်ပွဲ အုပ်စု(C)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃နာရီ ၄၅ မိနစ်တွင် ပဒုမ္မာအားကစားကွင်း၌ ရှောဝတီယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်းတို့ကစားခဲ့ရာ ဒဂုံစတားအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဒဂုံစတားအသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၃၃ မိနစ်တွင် မျိုးဇော်ဦးက သွင်းယူခဲ့သည်။

ညနေ ၄နာရီ တက္ကသိုလ်အားကစားကွင်း၌ ဒဂုံပေါ့အသင်းနှင့်ဆေးဖားစတားအသင်းတို့ကစားခဲ့ရာ ဒဂုံပေါ့အသင်းက ကိုးဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး ဒဂုံပေါ့အသင်းအတွက် သွင်းဂိုးများကို ပွဲချိန်ခြောက်မိနစ်နှင့် ၄၈ မိနစ်တွင် အေးမင်းသူ၊ ပွဲချိန် ၂၂ မိနစ်တွင် ကောင်းမြတ်ကျော်၊ ပွဲချိန်မိနစ် ၄၀ တွင် အောင်သူရ၊ ပထမပိုင်းအချိန်ပို တစ်မိနစ်တွင် ရဲဝင်းလှိုင်၊ပထမပိုင်းအချိန်ပို သုံးမိနစ်နှင့် ၇၇ မိနစ်တွင် ချစ်အေး၊ ပွဲချိန် ၈၁ မိနစ်တွင် အုံ့မော်ဦး၊ ပွဲချိန် ၈၅ မိနစ်တွင် ထက်ကျော်လွင်တို့က သွင်းယူနိုင်ခဲ့သည်။

ဆက်လက်ပြီး အုပ်စု(D)အုပ်စုပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီ ၄၅ မိနစ်တွင် သုဝဏ္ဏအားကစားကွင်း၌ ရတနာပုံအက်ဖ်စီအသင်းနှင့် မြဝတီအက်ဖ်စီအသင်းတို့ ကစားခဲ့ရာ ရတနာပုံအက်ဖ်စီအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရတနာပုံအက်ဖ်စီအသင်းအတွက် တစ်လုံးတည်းသောသွင်းဂိုးကို ပွဲချိန် ၅၁ မိနစ်၌ စိုးမင်းဦးကလည်းကောင်း၊ ညနေ ၄ နာရီ တက္ကသိုလ်အားကစားကွင်းတွင် သစ္စာအားမာန်အသင်းနှင့် ရက္ခပူရယူနိုက်တက်အသင်းတို့ကစားခဲ့ရာ သစ္စာအားမာန်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး သစ္စာအားမာန်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၆၃ မိနစ်တွင် စောမျိုးဇော်ကလည်းကောင်း၊ ပွဲချိန် ၉၂ မိနစ်တွင် ပြည့်စုံအောင်ကလည်းကောင်း အသီးသီးသွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။ STA



# စပိန်လာလီဂါ ပွဲစဉ် (၃၅) ပွဲကြိုသုံးသပ်ချက်များ

STA

**ဗီလာရီးရဲလ် Vs ဆီဗီလာ**

**ကစားမည့်ရက်/အချိန် ၁၁-၅-၂၀၂၄ (ည ၀၁း၄၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဆီဗီလာ ၁ - ၁ ဗီလာရီးရဲလ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဗီလာရီးရဲလ် | - | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(ရှုံး) |
| ဆီဗီလာ | - | အိမ်(နိုင်) | ဝေး(သရေ) | အိမ်(နိုင်) |

အိမ်ကွင်းဆိုရင်အသင်းလိုက်ကစားပုံမာကျောမှုရှိတဲ့ ဗီလာရီးရဲလ်အသင်းဟာ ဆီဗီလာအသင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။ ဆီဗီလာအသင်းကလဲ နောက်ပိုင်းပွဲစဉ်တွေမှာရလဒ်တွေ ပြန်လည်ကောင်းမွန်နေတယ်ဆိုပေမယ့် အဝေးကွင်းဆိုခြေစွမ်းပိုင်းကစိတ်ချလို့မရပါဘူး။ဒါကြောင့်အိမ်ကွင်းကစားပုံကောင်းမွန်တဲ့ ဗီလာရီးရဲလ်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ဗီလာရီးရဲလ် ၂ - ၁ ဆီဗီလာ**

**ဘီလ်ဘာအို Vs အိုဆာဆူနာ**

**ကစားမည့်ရက်/အချိန် ၁၂-၅-၂၀၂၄ (နံနက် ၀၁း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အိုဆာဆူနာ ၀ - ၂ ဘီလ်ဘာအို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘီလ်ဘာအို | - | အိမ်(သရေ) | ဝေး(ရှုံး) | ဝေး(နိုင်) |
| အိုဆာဆူနာ | - | ဝေး(ရှုံး) | ဝေး(ရှုံး) | အိမ်(ရှုံး) |

ဥရောပဝင်ခွင့်တစ်နေရာအတွက် လက်ကျန်ပွဲစဉ်တွေမှာ ရမှတ်လိုအပ်နေတဲ့ ဘီလ်ဘာအိုအသင်းဟာ အိမ်ကွင်းမှာအမှားခံမှာမဟုတ်ပါဘူး။ နောက်ဆုံးကစားခဲ့တဲ့ လေးပွဲဆက်ရှုံးပွဲကြုံထားတဲ့ ဆိုဆာဆူနာအသင်းခြေစွမ်းပိုင်းကလဲဆိုးရွားနေပါတယ်။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ဘီလ်ဘာအိုအသင်းပဲ အနိုင်ရယူသွားမှာပါ။

**အင်တာနက်ခန့်မှန်း - ဘီလ်ဘာအို ၂ - ၀ အိုဆာဆူနာ**

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၃၃) ပွဲကြိုသုံးသပ်ချက်များ

STA

**လိုက်ပ်ဇစ် Vs ဝါဒါဘရီမင်**

**ကစားမည့်ရက်/အချိန် ၁၁-၅-၂၀၂၄ (ည ၀၈း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဝါဒါဘရီမင် ၁ - ၁ လိုက်ပ်ဇစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လိုက်ပ်ဇစ် | - | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(သရေ) |
| ဝါဒါဘရီမင် | - | အိမ်(နိုင်) | ဝေး(နိုင်) | အိမ်(သရေ) |

လိုက်ပ်ဇစ်အသင်းအတွက် ချန်ပီယံလိဂ်ဝင်ခွင့်က စိတ်ချနေရပြီဖြစ်သလို ဝါဒါဘရီမင်အသင်းအတွက်ကလည်း တန်းဆင်းဇုန်ဖိအားမရှိတော့ပါဘူး။ လက်ရှိခြေစွမ်းပိုင်းအရ နှစ်သင်းစလုံးပြန်လည်ကောင်းမွန်နေတယ်ဆိုပေမယ့် လိုက်ပ်ဇစ်အသင်းအိမ်ကွင်းမှာတော့ ဝါဒါဘရီမင်အသင်းရှုန်းကန်ရနိုင်လို့ အိမ်ရှင်လိုက်ပ်ဇစ်အသင်းနဲ့ပဲ လက်တွဲရမှာပါ။

**အင်တာနက်ခန့်မှန်း - လိုက်ပ်ဇစ် ၃ - ၁ ဝါဒါဘရီမင်**

**ဖရိုင်းဘတ် Vs ဟိုဒန်ဟိုင်း**

**ကစားမည့်ရက်/အချိန် ၁၁-၅-၂၀၂၄ (ည ၀၈း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဟိုဒန်ဟိုင်း ၃ - ၂ ဖရိုင်းဘတ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဖရိုင်းဘတ် | - | အိမ်(သရေ) | အိမ်(ရှုံး) | ဝေး(သရေ) |
| ဟိုဒန်ဟိုင်း | - | အိမ်(ရှုံး) | ဝေး(နိုင်) | အိမ်(သရေ) |

ဖရိုင်းဘတ်အသင်းဟာ ယူရိုပါလိဂ်ဝင်ခွင့်အတွက် မျှော်လင့်ချက်ရှိနေသေးလို့ ရမှတ်လိုအပ်ချက်ရှိနေတယ်ဆိုပေမယ့် ဟိုဒန်ဟိုင်းအသင်းအတွက်တော့ ဖိအားမရှိတော့ပါဘူး။ဖရိုင်းဘတ်အသင်းဟာ သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးထားပေမယ့် အိမ်ကွင်းဆိုရင်ကစားပုံမာကျောမှုရှိပါတယ်။ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ဖိအားပေးလာမယ့် ဖရိုင်းဘတ်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ဖရိုင်းဘတ် ၂ - ၀ ဟိုဒန်ဟိုင်း**

ခရီးသွားဆောင်းပါး

# ဒွတ္တဘောင်နှင့် မြို့ရွှေတောင် ဂါထာဆောင်ထား ရွှေမျက်မှန်ဘုရား

အဓိကဘုရားဖူးခရီးစဉ်အဖြစ် မင်းဘူးရွှေစက်တော်ဆိုပြီး စတင်ထွက်လာကြတဲ့ မောင်နှမတစ်တွေ ရွှေစက်တော်ကိုသာမက မကွေး၊ တောင်တွင်းကြီး၊ နေပြည်တော်၊ အုတ်တွင်း၊ ရန်ကုန်၊ မအူပင်၊ ဆားမလောက်၊ ခနောင်မြို့၊ ဇလွန်၊ ဟင်္သာတ၊ မြန်အောင်၊ ကြံခင်း၊ ဘက်ရဲ စတဲ့မြို့တွေကိုလဲ ရောက်ရှိလေ့လာလည်ပတ်ခဲ့ကြရပြီး အခုဆိုရင် ဧရာဝတီမြစ်ကူးတံတား နဝဒေးကနေတစ်ဆင့် ပြည်မြို့ကို ရောက်လာခဲ့ကြပြန်ပါပြီ။ ခရီးအစီအစဉ်အရ သဲကုန်းမြို့နယ်ထိ ဆက်လက်သွားရောက်ကြရမှာရယ်၊ ဟင်္သာတမြို့ကနေ ထွက်လာပြီးကတည်းက မနားကြရသေးတာရယ်၊ အညောင်းပြေ၊ အဆာပြေနားကြ၊ စားကြချင်တာရယ်တွေကြောင့် ပြည်မြို့ကိုရောက်တာနဲ့ ခေတ္တခဏနားကြ၊ စားသောက်ကြရတယ်။ အချိန်က မွန်းတည့် ၁၂ နာရီကျော်နေပါပြီ။

စားကြ၊ သောက်ကြ၊ နားကြလုပ်နေကြတဲ့ အချိန်အတောအတွင်းမှာ အစ်မတွေ၊ ညီမတွေက သဲကုန်းမြို့မှာရှိတဲ့ အဒေါ်တွေအိမ်ကိုရောက်ဖို့ နောက်ထပ်ကားမောင်းချိန် ဘယ်လောက်ကြာနိုင်အုံးမလဲ၊ ဘယ်အချိန်လောက် ရောက်နိုင်မလဲဆိုတာကို မေးမြန်းလာတာနဲ့ နောက်ထပ် တစ်နာရီခွဲ၊ နှစ်နာရီလောက်သာ မောင်းရတော့မယ်။ မွန်းလွဲ ၂ နာရီလောက်ဆို ရောက်ပြီဆိုပြီး ပြန်လည်ဖြေကြားသိရှိသွားကြတဲ့အတွက် အားလုံးက အေးအေးဆေးဆေးနဲ့ သက်သောင့်သက်သာနားကြ၊ စားသောက်နေကြတော့တယ်။ ကားမောင်းချိန်၊ ကြာချိန်၊ ရောက်ချိန်တွေကို သိရှိသွားကြပြီဖြစ်လို့ ပေါ့ပါးသွားကြပြီး သက်သောင့်သက်သာဖြစ်သွားကြရတာပါ။

စားသောက်ပြီးတာနဲ့ ပြည်မြို့ကနေ ထွက်ခွာလာခဲ့ကြတာ ကားပေါ်မှာအိပ်ပြီး လိုက်ပါလာသူတောင်မရှိတော့ဘဲ အားလုံးက စကားတပြောပြော၊ တက်တက်ကြွကြွ ရွှင်ရွှင်လန်းလန်းဖြစ်နေကြတယ်။ စားသောက်ကြပြီး မွန်းလွဲပိုင်းအချိန်၊ နေအပူရှိန်ပြင်းပြင်းဖြစ်နေပေမဲ့ အဒေါ်တွေအိမ်ကို ရောက်တော့မယ်ဆိုတဲ့စိတ်နဲ့ အိပ်ငိုက်နေကြတာတွေ၊ အိပ်ချင်နေကြတာတွေ မရှိကြတော့ပါဘူး။ ရွှေတောင်မြို့နဲ့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ ဇာတိဖြစ်တဲ့ ဝါးလည်ရွာကိုဖြတ်၊ အင်းမမြို့ကိုကျော်ပြီး အဒေါ်တွေရှိတဲ့အိမ်ကို မွန်းလွဲ ၂ နာရီ စွန်းစွန်းလောက်မှာ ရောက်လာခဲ့ကြတယ်။ ဆောင်းအကုန် နွေအကူးကာလသာဖြစ်နေသေးပေမဲ့ ပြည်၊ သဲကုန်း၊ ဇီးကုန်းမြို့တွေရဲ့ နေ့အပူချိန်က ပြင်းထန်စပြုနေပါပြီ။

အဒေါ်တွေအိမ်ကိုရောက်ရောက်ချင်း ကားပေါ်က ပစ္စည်းတွေချ၊ နှုတ်ဆက်စကားပြောကြပြီး အစ်မတွေ၊ ညီမတွေက ချက်ပြုတ်ကြော်လှော်ကြဖို့အတွက် ပြင်ဆင်စီမံနေကြပေမဲ့ မိမိတို့ ညီအစ်ကိုတွေအဖွဲ့က ပင်ကျထန်းရည်စစ်စစ်ကို သွားရောက်သောက်ကြဖို့ စဉ်းစားစီစဉ်ကြရတယ်။ တန်ဆေးလွန်ဘေး၊ သောက်တတ်ရင်ဆေး၊ မသောက်တတ်ရင် ဘေးဆိုတဲ့ မြန်မာစကားပုံ၊ ဆိုရိုးစကားတွေအတိုင်း မြန်မာ့ထန်းရည်စစ်စစ်က သောက်တတ်ရင် ဆေးဖြစ်ပါတယ်။ ဒါကြောင့်လဲ ခရီးတွေ ထွက်ခွာသွားလာနေရင်း အခုလိုထန်းပင်တွေပေါများတဲ့ အပူပိုင်းဒေသတွေကိုရောက်ရင် နယ်ခံမိတ်ဆွေတွေရဲ့အကူအညီနဲ့ ထန်းရည်ကောင်းကောင်းစစ်စစ်ကို ဆေးအဖြစ်နဲ့ သောက်သုံးဖြစ်နေတယ်။

ဒါ့ပြင် မြင်ဦးလွင်လို တောင်ပေါ်ဒေသမှာ ထန်းပင်မရှိ၊ ထန်းရည်စစ်စစ်လတ်လတ်ဆတ်ဆတ်မရှိတာကြောင့်လဲ အပူပိုင်းဒေသတွေကို အချိန်ရတဲ့အခါတိုင်း အတွေးသစ်၊ အမြင်သစ်၊ အတွေ့အကြုံသစ်၊ ဗဟုသုတအသစ်တွေရအောင် ထန်းပင်၊ ထန်းတော၊ ထန်းတဲတွေရှိရာကို သွားရောက်လေ့လာဖြစ်နေတယ်။ အခုလဲ ရေချိုး၊ အဝတ်အစားလဲပြီး နေအနည်းငယ်စောင်းသွားတာနဲ့ ထန်းတောရှိရာကို ထွက်လာခဲ့ကြတယ်။ ထန်းတောက အဒေါ်တွေအိမ်နဲ့ နှစ်မိုင်လောက်သာဝေးပြီး အေးချမ်းဆိတ်ငြိမ်တဲ့နေရာမှာ ရှိနေတယ်။ ထန်းပင်တွေအလယ်မှာ တည်ဆောက်ထားတဲ့ထန်းတဲလေးအနီးရောက်တဲ့ထိ ကားမောင်းဝင်ရောက်သွားနိုင်တာကြောင့်လဲ အဆင်ပြေနေတယ်။ ထန်းရွက်မိုး၊ ထန်းရွက်ကာ၊ အမိုးအကာအားလုံးအသစ်လဲပြီးခါစ ထန်းရွက်စိမ်းစိမ်းဖန့်ဖန့်၊ ထန်းရန့်သင်း



ရွှေတောင်မြို့ရှိ ရွှေမျက်မှန်ဘုရားကို တွေ့ရစဉ်။

သင်းမွှေးမွှေးပျံ့ပျံ့ ထန်းတဲလေးကလဲ အေးအေးမြမြနဲ့ ဝင်ရောက်ထိုင်ချင်စရာဖြစ်နေပြန်တယ်။

ထန်းရည်မြူအိုး ညိုညိုမှိုင်းမှိုင်းလေးတွေ၊ ထန်းရည်သောက်ဖို့အတွက် ဝါးခွက်ဝါဝါလွင်လွင်လေးတွေနဲ့ ဝါးကြမ်းခင်းချောချောလေးတွေပေါ် ထိုင်ရင်း ထန်းရည်နဲ့အတူ မြည်းစမ်းစားသောက်လို့လဲကောင်း၊ အာဟာရလဲဖြစ်၊ အဆာလဲပြေတဲ့ အညာဒေသထွက် ထနောင်းရွက်သုပ်၊ မန်ကျည်းရွက်သုပ်၊ ပဲခြမ်းကြော်သုပ်တွေကိုမှာယူစားသောက်လိုက်ကြတယ်။ ထန်းတောကနေ ပြန်လာခဲ့ကြပြီး အဒေါ်တွေအိမ်ရောက်တာနဲ့ ညစာထမင်းစားသောက်အိပ်စက်ခဲ့တာ ရာသီဥတုက မပူလွန်း၊ မအေးလွန်းဖြစ်နေတာကြောင့် ခရီးပန်းတာတွေနဲ့ပေါင်းစပ်ပြီး နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားခဲ့ရတယ်။

ခရီးအစီအစဉ်က မနက်စောစော အိပ်ရာထ စားသောက်ပြီးကြတာနဲ့ မြင်ဦးလွင်ကို ပြန်ကြတော့မှာဖြစ်ပါတယ်။ ဒါပေမဲ့ မျက်စိ မကြာခဏခွဲစိတ်ကုသခံနေရတဲ့ ညီတစ်ယောက်က ရွှေတောင်မြို့မှာရှိတဲ့ ရွှေမျက်မှန်ဘုရားကို ဝင်ရောက်ဖူးမြော်ဆုတောင်းလိုကြောင်းနဲ့ အဒေါ်ဖြစ်သူတွေကလဲ လမ်းခရီးအတွင်း နေ့လယ်စာစားဖို့အတွက် နာမည်ကျော် ပြည်ထမင်းသုပ်တွေကို ထုပ်ပိုးပေးလိုက်မှာဖြစ်ကြောင်း၊ မနက်စာကို ရွှေတောင်မြို့ရောက်မှ ရွှေတောင်ခေါက်ဆွဲကို စားသောက်စေလိုကြောင်း စီစဉ်ပေးတာကြောင့် ကော်ဖီတစ်ခွက်စီလောက်သာ သောက်ခဲ့ကြပြီး အဒေါ်တွေအိမ်ကနေ စတင်ထွက်ခွာလာခဲ့ကြတယ်။ အဒေါ်တွေအိမ်ကနေ ထွက်လာကြတော့ မနက် ၆ နာရီလောက်သာရှိနေသေးတယ်။ အစီအစဉ်က ရွှေတောင်မြို့ကိုရောက်ရင် ရွှေမျက်မှန်ဘုရားဖူးကြမှာနဲ့ ရွှေတောင်ခေါက်ဆွဲကိုစားကြမှာဖြစ်လို့ ဘုရားဖူးကြတာက အရင်ဖြစ်ဖြစ်၊ ခေါက်ဆွဲစားကြတာက အရင်ဖြစ်ဖြစ် အလျဉ်းသင့်သလို ဖူးကြ၊ စားကြမယ်ဆိုပြီး ထွက်လာကြရင်း ရွှေမျက်မှန်ဘုရားဆိုင်းဘုတ်ကြီးကို ခေါက်ဆွဲဆိုင်တွေ မတွေ့ခင် ဦးစွာ တွေ့ရှိလိုက်ရတာကြောင့် ဘုရားရှိရာကို ချိုးကွေ့မောင်းနှင်လိုက်ရတယ်။

ရွှေမျက်မှန်ဘုရားက ရန်ကုန်- ပြည်လမ်းရဲ့အတွင်းဘက် မနီးမဝေးနေရာမှာ ရှိနေတယ်။ ဘုရားဝင်းထဲကိုရောက်တာနဲ့ ပထမဦးဆုံးတွေ့မြင်နေရတဲ့ ရုပ်ပွားတော်ကြီးကို ဝင်ရောက်ဖူးမြော်နေကြပေမဲ့ ရုပ်ပွားတော်ကြီးက ရွှေမျက်မှန်ဘုရားမဟုတ်သေးဘဲ နောက်ထပ်တစ်ခါ ထပ်မံဖူးမြော်ကြရတဲ့ ရုပ်ပွားတော်ကြီးကမှ ရွှေကိုင်းမျက်မှန်တပ်ဆင်ထားတဲ့ ရွှေမျက်မှန်ဘုရားရုပ်ပွားတော်ကြီးဖြစ်နေပါတယ်။ ဒါ့ပြင် ဘုရားဖူးရင်း၊ အလှူငွေတွေထည့်ဝင်လှူဒါန်းကြရင်းနဲ့ ဂေါပကလူကြီးတွေပေးတဲ့ ဘုရားသမိုင်းတွေအရ ရွှေမျက်မှန်ဘုရားသမိုင်း အကျဉ်းချုပ်ကိုလဲ ဖတ်ရှုသိခွင့်ရလိုက်ကြတယ်။

ဘုရားသမိုင်းအစမှာ ရွှေတောင်မြို့၊ ဆုတောင်းပြည့်ရွှေမျက်မှန်ဘုရားကြီး၊ မျက်စိဝေဒနာပျောက်ကင်းစေနိုင်သည့် ဂါထာတော်ဆိုပြီး

ဒက္ခိဏက္ခိစ- သူရိယော

ဝါမအက္ခိစ- စန္ဒိမာ

ဗုဒ္ဓစက္ခုနိ-ဓာတုယော

အဟံဝန္ဒာမိသဗ္ဗဒါ

ဧတေန ပုညကမ္မေန

စက္ခုရောဂေါဝိနဿတု. . လို့ ပါဠိဘာသာနဲ့ ရေးသားဖော်ပြထားသလို မြန်မာပြန်အနက် အဓိပ္ပာယ်နဲ့လဲ "လက်ယာဘက် မျက်စိတော်၌ နေမင်းသည် တည်၏။ လက်ဝဲဘက်မျက်စိတော်၌လဲ လမင်းသည် တည်၏။ ဘုရားရှင်ကိုယ်တော်မြတ်၏ မျက်စိတော်၊ ဓာတ်တော်တို့ကို တပည့်တော်သည် နေ့ရောညဥ့်ပါ အခါခပ်သိမ်း ရှိသေမြတ်နိုးစွာ ရှိခိုးပါ၏ အရှင်ဘုရား။ ဤသို့ရှိခိုးရသော ကောင်းမှုကံစေတနာကြောင့် မျက်စိ၌ ဖြစ်သောရောဂါဝေဒနာသည် ကင်းစင်လွင့်ပျောက်ပါစေသတည်း။" ဆိုပြီး ရေးသားဖော်ပြထားတာကြောင့် ဂါထာတော်ရဲ့ အဓိပ္ပာယ်ကို သိသွားခဲ့ကြရတယ်။

ဒါ့ပြင် စာရေးသူတို့နဲ့အတူ ခရီးဖော်အဖြစ် လိုက်ပါလာတဲ့ ညီကလဲ လောလောဆယ်အခြေအနေမှာ မျက်စိဝေဒနာ ခံစားနေရတာနဲ့အတူ ရွှေတောင်မြို့မှာရှိတဲ့ ရွှေမျက်မှန်ဘုရားကြီးကို ဖူးမြော်ကန်တော့ရရင်၊ ဂါထာတော်ကို ရွတ်ဖတ်ကြည်ညိုပွားများရရင် ခံစားနေရတဲ့ မျက်စိဝေဒနာ ပျောက်ကင်းသက်သာနိုင်ကြောင်း ပြောကြားထားတာဖြစ်လို့ ရွှေမျက်မှန်ဘုရားကြီးကို တကူးတကဝင်ရောက်ကြရတာပါ။ အခုအချိန်မှာတော့ ဘုရားလဲဖူးရ၊ ဂါထာတော်ကိုလဲ သိခွင့်ရကြပါပြီ။ နောက်ထပ် ဆက်လက်ဖတ်ရှုခွင့်ရတဲ့ ဘုရားသမိုင်းအချက်အလက်တွေအရ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း ရွှေတောင်မြို့မှာ ကိန်းဝပ်စံပယ်တော်မူနေတဲ့ သမိုင်းဝင်ဆုတောင်းပြည့် ရွှေမျက်မှန်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဆိုတာ မြန်မာနိုင်ငံအတွင်း ရွှေမျက်မှန်တပ်ဆင်ပူဇော်ထားတဲ့ တစ်ဆူတည်းသော ဗုဒ္ဓရုပ်ပွားတော်ကြီးဖြစ်ကြောင်း၊ တန်ခိုးကြီးပြီး လူသိများထင်ပေါ်ကျော်ကြားတဲ့ ရုပ်ပွားတော်ကြီးဖြစ်ကြောင်း သိရပြန်တယ်။

ပျူခေတ်နှောင်းပိုင်းကာလ၊ သရေခေတ္တရာခေတ်မှာ ဒွတ္တဘောင်မင်းကြီး၊ ဗိဿနိုးမိဖုရားကြီးနဲ့ စန္ဒာဒေဝီမိဖုရားတို့က ဘီစီ ၅ ရာစုအတွင်း ရွှေတောင်မြို့အနောက်ဘက်ယွန်းယွန်းမှာရှိတဲ့ ရွှေနတ်တောင်စေတီတော်သစ်ကြီးကို ဖူးမြော်ကြည်ညိုအပြီး ပြန်လာခဲ့ကြတယ်။ အပြန်ခရီးတစ်ထောက်မှာ အခု တည်ကုန်းလို့ခေါ် ဆိုတဲ့နေရာအရောက် ညအိပ်ရပ်နားခဲ့ကြရတယ်။ ဒီလို ညအိပ်နေစဉ်အတွင်း ဗိဿနိုးမိဖုရားကြီးက စာရေးသူတို့ စခန်းချအိပ်စက်နေတဲ့နေရာရဲ့ အနောက်မြောက်အရပ်ယွန်းယွန်းမှာရှိတဲ့ ဗုဒ္ဓရုပ်ပွားတော်ကြီးတစ်ဆူကို ဖူးမြော်ရကြောင်း အိပ်မက်တစ်ခုကို မြင်မက်ခဲ့ရတယ်။ မနက်မိုးလင်းတဲ့အခါ မိဖုရားကြီးက ညက မြင်မက်ခဲ့တဲ့ အိပ်မက်အကြောင်းကို ဒွတ္တဘောင်မင်းကြီးကို အကြောင်းစုံလျှောက်တင်တဲ့အခါ မင်းကြီးလဲ မိဖုရား၊ မှူးမတ်၊ ဗိုလ်ပါ ပရိသတ်အပေါင်းနဲ့ မိဖုရားကြီးရဲ့အိပ်မက်နေရာကို သွားရောက်ရှာဖွေခဲ့ကြတယ်။

အဲဒီလိုရှာဖွေကြတဲ့အခါ အခုရွှေမျက်မှန်ဗုဒ္ဓရုပ်ပွားတော်ကြီးတည်ထားတဲ့ နေရာအရောက်မှာ ဘုရားရောင်ခြည်တော်တွေလို အရောင်မျိုးစုံ ဝင်းလက်ဖြာထွက် ကောင်းကင်ယံထိထိုးတက်နေတဲ့ ရောင်စဉ်တန်းကြီးတစ်ခုကို အားလုံးက မြင်တွေ့လိုက်ကြရတာကြောင့် ဘုရားတည်ပြီး ကုသိုလ်ကောင်းမှု ကုသိုလ်ပြုလုပ်ဖို့အတွက် နတ်ကောင်းနတ်မြတ်တွေက ပြသတာဖြစ်တယ်လို့ ယုံကြည်ပြီး ဒွတ္တဘောင်မင်းကြီးက ဗုဒ္ဓရုပ်ပွားတော်ကြီးတစ်ဆူကို မဟာသက္ကရာဇ် ၂၅၀ ခုနှစ်မှာ အဲဒီနေရာမှာပဲ တည်ထားကိုးကွယ်ခဲ့တယ်။ အဲဒီအချိန်က ရုပ်ပွားတော်ကြီးမှာ ရွှေမျက်မှန်မပါရှိသေးပါဘူး။

ဒွတ္တဘောင်မင်းကြီးက ရုပ်ပွားတော်ကြီးကို တည်ထားပူဇော်ပြီး မကြာမီကာလမှာ မျက်စိအလင်းပျောက်ကွယ်သွားခဲ့ရတယ်။ ပညာရှိမှူးမတ်တွေက ဗေဒင်ဟောကိန်းတွေနဲ့ တွက်ချက်ကြည့်တဲ့အခါ ဒွတ္တဘောင်မင်းကြီး တည်ထားပူဇော်ခဲ့တဲ့ ရုပ်ပွားတော်ကြီးရဲ့ မျက်လုံးတော်နဲ့ လိုက်ဖက်ကိုက်ညီတဲ့ မျက်လုံးတော်ပုံသဏ္ဌာန်မှန်တစ်စုံကို ဆက်ကပ်လှူဒါန်းလိုက်ရင် မင်းကြီးရဲ့မျက်စိအလင်း ပြန်လည်ရရှိနိုင်မှာဖြစ်ကြောင်း လျှောက်ထားကြတယ်။ အဲဒါကြောင့် မင်းကြီးလဲ ရုပ်ပွားတော်ကြီးမှာ မှန်တစ်စုံကို တပ်ဆင်လှူဒါန်းလိုက်တဲ့အခါ မျက်စိအလင်း ပြန်လည်ရရှိလာခဲ့ရတယ်။ ဒါက ဗုဒ္ဓရုပ်ပွားတော်ကြီးရဲ့မူလအလှူရှင် ဒွတ္တဘောင်မင်းကြီးနဲ့ပတ်သက်စပ်လျဉ်းတဲ့ ဘုရားသမိုင်းပါ။ ကျန်တဲ့သူတွေနဲ့ ဆက်စပ်ပတ်သက်တာတွေကိုလဲ ဘုရားသမိုင်းမှာ ဆက်လက်ဖော်ပြရေးသားထားတာကို လေ့လာဖတ်ရှုခွင့်ရနေတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ရွှေတောင်မြို့နဲ့ ဒွတ္တဘောင်မင်းကြီး၊ ဒွတ္တဘောင်မင်းကြီးနဲ့ ရွှေမျက်မှန်ဘုရားတို့နဲ့အတူ ဂါထာတော်တွေကို ရောက်ရှိ၊ ဖူးမြော်၊ ရွတ်ဖတ်သိမြင်ခွင့်ရတာ စာရေးသူတို့ မောင်နှမတစ်တွေသာမက ရုပ်ပွားတော်ကြီးရဲ့ ပုံတော်တွေ၊ ဂါထာတော်တွေကို စာရေးသူတို့ရဲ့ ဆွေမျိုးမိတ်ဆွေအပေါင်းအသင်းတွေကို ထပ်ဆင့်ဝေငှပေးခွင့်ရတဲ့အတွက် အလွန်ကို အကျိုးထူးရပါတယ်။ အချိန်ရတုန်း ရွှေမျက်မှန်ဘုရားမှာ ဆက်လက်လေ့လာလိုက်ကြပါအုံးမယ်။

**သက်နိုင်(မြင်ဦးလွင်)**

# ချစ်သောနှင်းဆီ ဇာတ်လမ်းတွဲကို Mahar Application မှ ထုတ်လွှင့်မည်




**ရန်ကုန် မေ ၉**

ချစ်သောနှင်းဆီ ရုပ်သံဇာတ်လမ်းတွဲကို Mahar Application မှ HD Quality ဖြင့် မေလအတွင်း ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် အဓိကဇာတ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ခင်ဝင့်ဝါက ပြောပြ၍ သိရသည်။

ချစ်သောနှင်းဆီ ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒါရိုက်တာ အောင်ချမ်းလူက ရေးသားထားပြီး ဒါရိုက်တာ အောင်ချမ်းလူကပင် တာဝန်ယူ ပုံဖော်ရိုက်ကူးထားသည့် Mahar Application ၏ မူပိုင်ဇာတ်လမ်းတွဲ Mahar Original Series ဖြစ်ကြောင်း သိရသည်။

"ဒရာမာ ဇာတ်လမ်းတွဲလေးပါ။ ချစ်ခြင်းမေတ္တာကို စွန့်လွှတ်တာ၊ ရယူတာ စသဖြင့် အမျိုးမျိုး ပုံဖော်နေကြပေမဲ့ တကယ်တမ်းကျတော့ ချစ်ခြင်းမေတ္တာတရားဟာ ဆန်းကြယ်တယ်ဆိုတဲ့ မက်ဆေ့လေး ပေးချင်တာပါ။ အားပေးကြပါအုံး"ဟု သရုပ်ဆောင် ခင်ဝင့်ဝါက ပြောပြသည်။

ချစ်သောနှင်းဆီ ဇာတ်လမ်းတွဲတွင် အပိုင်း (၂၀) ပါရှိမည်ဖြစ်ကြောင်း၊ အဆိုပါဇာတ်လမ်းတွဲတွင် သရုပ်ဆောင် အေးချမ်းမောင်၊ ခင်ဝင့်ဝါ၊ မြတ်ကေသီအောင်၊ စင်ဒီမြတ်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# The Carpenter ဇာတ်ကား၌ မင်းသားကြီး နီကိုလပ်ကေ့ သရုပ်ဆောင်မည်

**နယူးယောက် မေ ၉**

ကမ္ဘာကျော်အက်ရှင်မင်းသားကြီး နီကိုလပ်ကေ့သည် The Carpenter အမည်ရှိ ထိတ်လန့်သည်းဖို ရုပ်ရှင်ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း မေ ၈ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားတွင် မင်းသားကြီး နီကိုလပ်ကေ့နှင့်အတူ မင်းသား နိုအာဂျူနှင့် မင်းသမီး အက်ကေအေတွစ်တို့လည်း ပါဝင်မည်ဖြစ်သည်။


The Carpenter ဇာတ်ကားသည် ယေရှုခရစ်တော်ငယ်စဉ်ဘဝတွင်ပင်ရှိသေးသည့် ခေတ်ကာလကို နောက်ခံပြုရိုက်ကူးမည့် ထိတ်လန့်သည်းဖိုဇာတ်ကားဖြစ်ကြောင်း သိရသည်။

The Carpenter ဇာတ်ကားတွင် သဘာဝလွန်ဆန်းကြယ်ဖြစ်ရပ်များနှင့် ရင်ဆိုင်ခဲ့ရသည့် မိသားစုဝင်သုံးဦးတို့၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည်ဖြစ်သည်။

The Carpenter ဇာတ်ကားကို ဒါရိုက်တာ လော့ဗ်နေသန်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ယခုနှစ် နွေရာသီတွင် ရိုက်ကူးရေးလုပ်ငန်းများ စတင်မည်ဖြစ်သည်။

အဆိုပါဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက သတ်မှတ်ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**



# မွန်ပြည်နယ်တွင် အခြေခံပညာကျောင်းသား၊ ကျောင်းသူများကို နွေရာသီအခြေခံပန်းချီသင်တန်း ဖွင့်လှစ်ပို့ချလျက်ရှိ

**မော်လမြိုင် မေ ၉**

မွန်ပြည်နယ်တွင် အခြေခံပညာကျောင်းသား၊ ကျောင်းသူများကို နွေရာသီ အခြေခံပန်းချီသင်တန်း ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း မွန်ပြည်နယ် အခြေခံပညာဦးစီးဌာနမှ ပန်းချီသင်တန်း နည်းပြဆရာမ ဒေါ်အေးအေးသန်းက ပြောပြ၍ သိရသည်။

နွေရာသီ ကျောင်းပိတ်ရက်ကာလအတွင်း အခြေခံပညာကျောင်းသား၊ ကျောင်းသူများအား နွေရာသီ အခြေခံပန်းချီသင်တန်းကို အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း မြတ်ပန်းမာလာခန်းမတွင် မေ ၈ ရက်မှစတင်ကာ မေ ၁၈ ရက်ထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

"နွေရာသီ ကျောင်းပိတ်ရက်ရှည်ကာလမှာ အခြေခံပညာကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ မိမိဝါသနာပါရာ အခြေခံပန်းချီသင်တန်းမှာ တက်ရောက်ပြီးတော့ အချိန်ကိုအကျိုးရှိရှိ အသုံးချနိုင်ဖို့၊ နွေရာသီ အခြေခံပန်းချီသင်တန်းကို ဖွင့်လှစ်ပေးနေတာဖြစ်ပါတယ်။ လက်ရှိကတော့ အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်းမှာဖွင့်လှစ်နေတဲ့ ပြည်နယ်အဆင့် နွေရာသီအခြေခံပန်းချီ သင်တန်းမှာ သင်တန်းသား၊ သင်တန်းသူ ၁၈၄ ယောက် တက်ရောက်သင်ကြားနေပါတယ်"ဟု မွန်ပြည်နယ် အခြေခံပညာဦးစီးဌာနမှ ပန်းချီသင်တန်း နည်းပြဆရာမ ဒေါ်အေးအေးသန်းက ပြောပြသည်။



အဆိုပါ သင်တန်းတွင် ပန်းချီရေးဆွဲနည်းများ၊ မျဉ်းကြောင်း၊ ဆတိုး/ဆခွဲနည်း၊ မျက်လုံး၊ နား၊ နှာခေါင်း၊ ပါးစပ်၊ ခန္ဓာကိုယ်ရေးဆွဲနည်း၊ သစ်ပင်ပန်းမာလာရေးဆွဲနည်း၊ အနီး၊ အဝေးနည်းပညာ၊ အရာဝတ္ထု ရေးဆွဲနည်းများကို သင်ကြားပေးသွားမည်ဖြစ်သည်။

နွေရာသီအားလပ်ရက်များတွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာရေးခြင်း၊ စာဖတ်ခြင်းများနှင့် စာကျက်ခြင်းများအပြင် မိမိတို့ဝါသနာပါသည့် အသိပညာ၊ အတတ်ပညာများဖြင့် အချိန်ကို အကျိုးရှိရှိ အသုံးချတတ်စေရန်နှင့် အသိပညာဗဟုသုတများ တိုးပွားစေရန်ရည်ရွယ်၍ အခြေခံပန်းချီသင်တန်းကို အခမဲ့ဖွင့်လှစ်သင်ကြားပေးရခြင်းဖြစ်ကြောင်း သိရသည်။

ASH

# Riddick: Furya ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်း ဩဂုတ်တွင် စတင်မည်

**နယူးယောက် မေ ၉**

မင်းသား ဗင်ဒီဆယ်ပါဝင်မည့် Riddick: Furya ဇာတ်ကား ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကို ယခုနှစ် ဩဂုတ်လအတွင်း စတင်မည်ဖြစ်ကြောင်း မေ ၈ ရက် သတင်းများအရ သိရသည်။

Riddick: Furya ဇာတ်ကားကို ဂျာမနီ၊ စပိန်နှင့် ဗြိတိန်နိုင်ငံတို့တွင် ရိုက်ကူးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားတွင် အဓိကဇာတ်ကောင် Riddick သည် ၎င်း၏မိခင်ဂြိုဟ်ဖြစ်သော Furya ဂြိုဟ်သို့ ပြန်လည်သွားရောက်၍ ဂြိုဟ်သားများနှင့် တိုက်ပွဲဆင်နွှဲပုံကို ရိုက်ကူးပုံဖော်မည်ဖြစ်သည်။

Riddick: Furya ဇာတ်ကားကို ဒါရိုက်တာ ဒေးဗစ်တိုဟီက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဒါရိုက်တာ ဒေးဗစ်တိုဟီသည် ယခင် Riddick ဇာတ်ကားသုံးကားကို ရိုက်ကူးပေးခဲ့သော ဒါရိုက်တာဖြစ်သည်။

မင်းသား ဗင်ဒီဆယ်သည် Riddick: Furya ဇာတ်ကားအတွက် ထုတ်လုပ်သူအဖြစ်လည်း တာဝန်ယူမည်ဖြစ်သည်။

လက်ရှိတွင် Riddick: Furya ဇာတ်ကားရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# မင်္ဂလာဒုံမြို့နယ်တွင် မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က ဦးဆောင်၍ သဘင်အနုပညာရှင်များစွာပါဝင်မည့် မိုးခေါ်လွှန်ဆွဲပွဲ ကျင်းပမည်

**ရန်ကုန် မေ ၉**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်တွင် မြန်မာနိုင်ငံသဘင်အစည်းအရုံးက ဦးဆောင်၍ သဘင်အနုပညာရှင်များစွာ ပါဝင်မည့် မိုးခေါ်လွှန်ဆွဲပွဲ ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)အတွင်းရေးမှူး ဦးနေဝင်းက ပြောပြ၍ သိရသည်။

အဆိုပါ မိုးခေါ်လွှန်ဆွဲပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ သဘင်ခြံတွင် မေ ၁၀ ရက် ညနေ ၅ နာရီတွင် ကျင်းပသွားမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးရှိ သဘင်အနုပညာရှင်များနှင့် သဘင်မိသားစုများ၊ ပရိသတ်များ ပါဝင်ကြမည်ဖြစ်ကြောင်း သိရသည်။

"ရှေးအစဉ်အဆက်ကတည်းက ပူပြင်းခြောက်သွေ့လွန်းတဲ့ကာလမှာ ကျင်းပမြဲဖြစ်တဲ့ မြန်မာ့ရိုးရာ ဓလေ့လွှန်ဆွဲပွဲကို ပြန်လည်ဖော်ထုတ်ထိန်းသိမ်းတဲ့အနေနဲ့ မြန်မာနိုင်ငံ သဘင်အစည်းအရုံးက ဦးဆောင်ပြီး သဘင်အနုပညာရှင်တွေ၊ သဘင်မိသားစုတွေ ပါဝင်ပြီးတော့ မြန်မာ့ရိုးရာအစဉ်အလာနဲ့အညီ ကျင်းပပြုလုပ်မှာဖြစ်ပါတယ်။ ပါဝင်ဆင်နွှဲသူတွေ အားပေးကြသူတွေကိုလဲ မြန်မာမှုန့်တွေနဲ့ ဧည့်ခံပေးမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို)အတွင်းရေးမှူး ဦးနေဝင်းက ပြောပြသည်။

မြန်မာရိုးရာလွှန်ဆွဲပွဲများကို မိုးရွာစေရန် စိတ်ရည်သန်၍ ပြုလုပ်ခြင်းဖြစ်ပြီးခွန်အားစိုက်ခြင်း၊ စိတ်ဓာတ်မြှင့်တင်ခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ တစ်ဦးနှင့်တစ်ဦး သည်းခံစိတ်ဖြင့်ဖြိုင်ဆိုင်ကြစေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပပြုလုပ်သည့် ရိုးရာဓလေ့တစ်ခု ဖြစ်ကြောင်း၊ မြန်မာတို့၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်လည်းဖြစ်ကာ အစဉ်တစိုက် ထိန်းသိမ်းသွားရမည့် မြန်မာ့ရိုးရာအမွေအနှစ်တစ်ခုလည်းဖြစ်ကြောင်း သိရသည်။

ASH

# SAC Chairman Prime Minister Senior General Min Aung Hlaing delivers speech at the ceremony to launch "developing libraries and raising reading habit campaign" in Nay Pyi Taw Union Territory


Senior General Min Aung Hlaing delivers a speech at the ceremony.

**Nay Pyi Taw May 9**

A ceremony to launch "developing libraries and raising reading habit campaign" took place in Nay Pyi Taw Union Territory at the Nay Pyi Taw City Hall this morning, with attendances of Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla.

Also present at the ceremony were Council Joint Secretary Lt-Gen Ye Win Oo and wife, council members and their wives, union-level dignitaries, union ministers and their wives, the chairman of Nay Pyi Taw Council, senior military officers from the Office of the Commander-in-Chief, the commander of Nay Pyi Taw Command, deputy ministers, departmental officials, well-wishers and guests, officials from associations from Nay Pyi Taw Council Area and Nay Pyi Taw Libraries Foundation, member of Nay Pyi Taw Book Club, village librarians, town elders, teachers, youths from maritime and aviation training courses, outstanding students, scout youths, Red Cross members and students.

The Senior General and those attendees watched presentation of students from No 11 Basic Education High School with the song "Let's go to library" and viewed a video clip on raising the library.

Speaking on the occasion, the Senior General said that efforts are being made to develop libraries and raise reading habit for effectively broadening the scope of knowledge for the people as the country faces requirements in knowledge. Donations of books started in April to open more and more libraries and develop work process of libraries. This ceremony will be the third ceremony for libraries.

Everybody wishes to have development. In the past, an antique film "Who can compete to be beautiful" focusing on literacy campaign showed active participation of learners in the 3-Rs movement. Individuals without literacy will face difficulties in socio-economic development. According to the literacy rate in the 2019 interim census, Myanmar had 92 per cent of literacy rate. But, most of the people have completed just primary education, and they are beyond the school age. Hence, it is necessary to create chances for them to accumulate knowledge and technologies in the society. In order to achieve success in national vision of the State, it is necessary to turn well-versed human resources as a must to establish a developed society and a prosperous society and build Myanmar capable of keeping abreast of global countries. To do so, educated citizens must be turned out. Number of educated persons must be produced for development of a country. All developed countries encourage enhancement of education sector. As the countries with number of educated persons have a wide range of knowledge, they can realize any political systems stability. Although they can solve political controversies through political culture, the countries with lesser number of educated persons can face conflicts. Hence, the literacy campaign for all is being implemented for raising number of educated people and then heading to increase number of educated persons.


Senior General Min Aung Hlaing and Daw Kyu Kyu Hla view books and publications.

As Myanmar needs to raise education qualification movement, the developing libraries and raising reading habit campaign will be launched in Nay Pyi Taw Union Territory. According to the educational data, changing of student grade declines in Nay Pyi Taw Council Area yearly as well as the whole country. Such a form of declining may harm increasing number of educated persons in the country. So, encouragement is being given to rising the changing of student grade. Moreover, library development is being encouraged for the students not involved in the changing of student grade to have knowledge.

Although people can read literature online media to raising the reading habit, it is necessary to choose the literature beneficial for their lives due to influence of toxic information in online media. Reading can contribute their lives. Hence, it is necessary to choose the best literature for supporting the socioeconomic life. It is necessary to establish and upgrade libraries at schools. Officials need to supervise libraries for providing useful books and publications for rural people and students.

When delving into literature, it's essential to transition from reading for pure pleasure to seeking knowledge. The Ministry of Information, alongside the Directorate of Public Relations and Psychological Welfare, consistently releases aesthetic book publications on a weekly, monthly, and yearly basis, often featured in newspapers. The generous donations of both funds and books for library development are truly commendable. I express heartfelt gratitude for these noble contributions, recognizing their enduring impact on individuals' lives. Building a reservoir of accurate and


Senior General Min Aung Hlaing views a book.

*See Page 13*

# So-called PDF terrorists fire heavy weapons into Hsonywa Village in Myingyan Township randomly without reason, killing 32 local residents, causing splinter-injury to 14 others



A map showing the aftermath of an attack by so-called PDF terrorists on Hsonywa village in Myingyan township. The attackers used heavy weapons and set fire to several houses in the village.

**Nay Pyi Taw May 9**

So-called PDF terrorist fired heavy and small weapons into Hsonywa Village, to the east of Hsimegon Village in Myingyan Township randomly this morning, killing a total of 32 people including 17 Men and 15 women and causing splinter-injury to 14 others including five men and nine women by bomb splinters.


So-called PDF terrorists, with the aim of creating fears in remote villages and wards, which are out of limits for reinforcement and supports, commit acts of terror such as firing heavy weapon shots randomly without any reasons, burning houses, schools and religious buildings down and abducting and killing and they fired heavy weapons at the camp of the people's militia in Hsonywa Village, about 4,000 meters to the east of Hsimegon Village in Myingyan Township from the east and southeast of the village this morning, prompting People's MIlitia in the village to respond and forcing the terrorists to retreat to the east of the village without taking the camp. During their retreat, they burnt down nearby houses.

As the terrorists' heavy weapon rounds fell on houses, killing a total of 32 people including 17 men and 15 women and causing splinter-injuries to 14 others including five men and nine women, all of them were living peacefully in the village.

As about 50 houses in the village were destroyed by the terrorist arson attack, members of the security force nearest to the village went to the scene, putting down the fire and to transport the injured to a local defense services hospital in Mandalay for medical treatments. Security measures are being taken to track down the retreating terrorists.

100




Photos showing the aftermath of an attack by so-called PDF terrorists on Hsonywa village in Myingyan township. The attackers used heavy weapons and set fire to several houses in the village.

---

*From Page 12*

valuable knowledge serves as an invaluable asset throughout one's lifetime, underscoring the importance of fostering reading opportunities for all.

As we embraced responsibility, initiatives were undertaken to transform Nay Pyi Taw into a green, clean, and smart city while fostering a smokeless industry. Central to this vision was the encouragement of educational infrastructure, including the establishment and expansion of universities, to shape Nay Pyi Taw as a hub of learning. It is imperative that the Nay Pyi Taw council area sets a precedent for other regions and states, particularly in education. Consequently, the ongoing "developing libraries and raising reading habit campaign" are purpose-driven, requiring the attention of all officials. While these efforts are centered in Nay Pyi Taw, similar endeavors must be encouraged across regions and states, as they are integral to national development. Sustained commitment is crucial to ensuring widespread public engagement in this movement.

Next, the Senior General, wife and family made a cash donation that the union information minister accepted.

Then, the Myanmar Library Development Cooperation Committee, the Nay Pyi Taw Council, region and state governments and well-wishers made their cash donations for the construction of more library buildings. The Senior General accepted the donations and presented them with certificates of honour.

A total of Ks1,027,624,380 and 85,540 publications donated at the ceremony on April 10 were then handed over to various regions and states including the Union Territory. The Senior General handed over Ks230 million for repairing 46 libraries in the 14 regions and states and Ks405 million for 27 new libraries totalling Ks635 million and 67,780 books and publications to the union information minister.

Then Ks20 million to renovate and open 4 libraries in Nay Pyi Taw and Ks45 million to build and open 3 new libraries totalling Ks65 million and 3,000 books and publications were handed over by the Senior General to the Nay Pyi Taw Council chairman.

After that, retired Mandalay University Rector and National Literary Award winner Dr. Tin Shwe, who was a first-year university outstanding student in 1974, Sarpay Beikman Manuscript Award winner and writer Dr. Maung Thin, gave talks on the benefits of studying and reading literature.

Then, the Senior General and those who attended the ceremony enjoyed the performances by the students in Nay Pyi Taw.

Later, the Senior General and the attendees of the ceremony viewed the displayed books and photo records with interest.

At the "developing libraries and raising reading habit campaign" held today, it was reported that the total donation of library facilities for the development of libraries is Ks2,205 million for 147 libraries and 70,780 books and publications.

100

---

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြောပြော

## NATO က ဖြစ်ပေါ်လာနိုင်သောပဋိပက္ခများအတွက် စစ်ရေးလေ့ကျင့်မှုများပြုလုပ်ဆောင်ရွက်နေသည်ဟု ရုရှားပြောကြား



အမေရိကန်ဦးဆောင်သည့် NATO မဟာမိတ်အဖွဲ့သည် ရုရှားနှင့် ပဋိပက္ခဖြစ်နိုင်ခြေအတွက် အလေးအနက်ထား ပြင်ဆင်သည့်အနေဖြင့် အကြီးမားဆုံး စစ်ရေးလေ့ကျင့်မှုများကို ရုရှားနယ်စပ်အနီးတွင် ပြုလုပ်လျက်ရှိကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောခွင့်ရအမျိုးသမီး Maria Zakharova က ပြောကြားခဲ့သည်ဟု ရုရှားနိုင်ငံပိုင် RT သတင်းဌာနက မေ ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

NATO အဖွဲ့ဝင်နိုင်ငံ ၃၂ နိုင်ငံ၊ တိုက်ခိုက်ရေးယာဉ်အစီးရေ ၁၁၀၀၊ တပ်ဖွဲ့ဝင် အင်အား ၉၀၀၀၀ ခန့် ပါဝင်သည့် Steadfast Defender စစ်ရေးလေ့ကျင့်မှုကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလနှောင်းပိုင်းတွင်စတင်ခဲ့ပြီး မေလတွင်ပြီးဆုံးမည်ဖြစ်သည်။ စစ်ရေးလေ့ကျင့်မှုများ၏ စီစဉ်ရေးဆွဲထားမှုများအရ ရုရှားအပေါ် မဟာမိတ်အဖွဲ့များနှင့်ပူးပေါင်းကာ သမားရိုးကျစစ်ပွဲဆင်နွှဲခြင်းအပါအဝင်ဘက်စုံစစ်ပွဲအသွင်ဖြင့် စစ်ဆင်နိုင်ရေးပူးပေါင်းလေ့ကျင့်နေခြင်းဖြစ်သည်ဟု Zakharova က မေ ၄ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

NATO သည် "ကျွန်ုပ်တို့နှင့် ဖြစ်နိုင်ခြေရှိသော ပဋိပက္ခတစ်ရပ်အတွက် အလေးအနက် ပြင်ဆင်နေကြောင်း ဝန်ခံရလိမ့်မည်"ဟု Zakharova က ထည့်သွင်းပြောကြားခဲ့သည်။

ရုရှားသည် NATO အဖွဲ့ဝင်နိုင်ငံများနှင့် ဘက်စုံစစ်ပွဲအသွင် ဆင်နွှဲရန် လုပ်ဆောင်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ လုံခြုံရေးအပေါ် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်စေလျက်ရှိကြောင်း NATO အဖွဲ့ဝင်နိုင်ငံတချို့က စွပ်စွဲပြောကြားခဲ့သည်။ Zakharova က အဆိုပါစွပ်စွဲချက်ကို မဟုတ်မမှန်သော သတင်းမှားများအဖြစ်သာ ငြင်းဆိုပယ်ချခဲ့ပြီး NATO မဟာမိတ်အဖွဲ့၏ စစ်ရေးလှုပ်ရှားဆောင်ရွက်မှုများသည် လူအများ၏အာရုံကို ပြောင်းလဲပစ်ရန် ကြိုးပမ်းမှုတစ်ရပ်ဖြစ်သည်ဟု တုံ့ပြန်ခဲ့သည်။ ၎င်းတို့ ဆိုလိုသော ဘက်စုံစစ်ပွဲအသွင် လုပ်ဆောင်ချက်များတွင် နိုင်ငံအတွင်းအဖျက်အမှောင့်လုပ်ရပ်များ၊ အကြမ်းဖက်မှု၊ ဆိုက်ဘာတိုက်ခိုက်မှုနှင့် အီလက်ထရွန်နစ်နည်းလမ်းများဖြင့် ဝင်ရောက်စွက်ဖက်မှုများ၊ မမှန်မကန်သတင်းများဖြင့် သွေးထိုးလှုံ့ဆော်မှုများ၊ အခြားလုပ်ဆောင်ချက်များ ပါဝင်နိုင်သည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက စစ်ဆင်ရေးပတ်ဝန်းကျင်အခြေအနေများ ပထဝီလမ်းကြောင်းအားလုံးတွင် ရုရှားကို ဘက်ပေါင်းစုံမှ စစ်ပွဲစတင်ကျင့်သုံးခဲ့သည်မှာ NATO မဟာမိတ်အဖွဲ့ဝင်ဖြစ်ကြောင်း၊ ယူကရိန်းပဋိပက္ခတွင် ငွေကြေးပံ့ပိုးပေးရုံမျှနှင့် အားမရ။ လက်နက်၊ ထောက်လှမ်းရေးအချက်အလက်၊ နည်းပြဆရာများဖြင့် လေ့ကျင့်သင်တန်းပေးခြင်းကိုပါ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပြီး တက်ကြွစွာ ကူညီအားပေး ဆောင်ရွက်နေကြကြောင်း၊ ရုရှားနိုင်ငံရှိ အရပ်သားများနှင့် အရပ်ဘက်အခြေခံ အဆောက်အအုံများပါမကျန် တိုက်ခိုက်ရန်အတွက် ပါဝင်ကူညီဆောင်ရွက်နေကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ် မတ်လတွင် ရုရှားနိုင်ငံလုံခြုံရေးကောင်စီအတွင်းဝန် Nikolay Patrushev က NATO၏ ရုရှားနှင့် စစ်ရေးထိပ်တိုက်တွေ့ဆုံနိုင်မှုအပေါ် ပုံစံတူလေ့ကျင့်မှုများအဖြစ် Steadfast Defender2024 စစ်ရေးလေ့ကျင့်မှုကြီးကို ပြုလုပ်နေခြင်းသည် တင်းမာမှုများကို တိုးမြင့်လာစေပြီး ကမ္ဘာ့နိုင်ငံရေး အခြေအနေများကို မတည်မငြိမ်ဖြစ်စေသည်ဟု ပြောကြားခဲ့သည်။

မကြာသေးမီလများအတွင်း NATO အဖွဲ့ဝင်နိုင်ငံများမှ အကြီးတန်းအရာရှိအများအပြားက ရုရှားသည် လာမည့်နှစ်များအတွင်း NATO မဟာမိတ်အဖွဲ့ကို တိုက်ခိုက်ရန်စီစဉ်နေကြောင်း အခိုင်အမာပြောဆိုခဲ့မှုအပေါ် ရုရှားနိုင်ငံဘက်က ထပ်ခါတလဲလဲငြင်းဆိုခဲ့ပြီး သမ္မတဗလာဒီမာပူတင်က ရုရှားနိုင်ငံသည် အမေရိကန်ကိုစစ်ဆင်နွှဲရာတွင် ပထဝီနိုင်ငံရေး၊ စီးပွားရေးအရ သို့မဟုတ် စစ်ရေးအရ အကျိုးစီးပွားလုံးဝမရှိနိုင်ကြောင်း အတိအလင်း ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်သည်။

**NATO using war games to 'prepare for conflict' – Moscow ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းက အမေရိကန်ထံမှ MQ-9 Reaper Drone များ ထပ်မံတောင်းဆို

ယူကရိန်းသည် ရုရှားကို တန်ပြန်ထိုးစစ်နောက်တစ်ကြိမ် ဆင်နွှဲရန်အတွက် အမေရိကန်ထံမှ MQ-9 Reaper Drone များ ထပ်မံ တောင်းဆိုခဲ့ကြောင်း The Defense Post သတင်းဌာနက မေ ၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယူကရိန်းနိုင်ငံသည် တိုက်ခိုက်မှုနှင့် ကင်းထောက်စစ်ဆင်ရေးများကို ဆောင်ရွက်ရန်အတွက် MQ-9 Reaper Drone များ လိုအပ်နေသော်လည်း ရုရှားနိုင်ငံ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များ၏ တန်ပြန်တိုက်ခိုက်မှုကို စိုးရိမ်သောကြောင့် အမေရိကန်က MQ-9 Reaper Drone ကို ပံ့ပိုးပေးရန် ချီတုံချတုံဖြစ်နေခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ယူကရိန်းက MQ-9 Reaper Drone ကို စောင့်ကြည့်ထောက်လှမ်းရန်အတွက်သာ အသုံးပြုမည်ဖြစ်ကြောင်း အမေရိကန်ကို အာမခံခဲ့သည်။

အထူးသဖြင့် MQ-9 ကို ရုရှားဘက်က ပစ်ချခံရပြီးနောက် သိမ်းဆည်းရမိသွားလျှင် အမေရိကန်၏ ဒရုန်းနည်းပညာများ ရုရှားနိုင်ငံဘက်က ထောက်လှမ်းဖော်ထုတ်နိုင်သည့်အတွက် MQ-9 ကို ကင်းထောက်နှင့် ထောက်လှမ်းရေးအတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း အမေရိကန်ကို ယူကရိန်းဘက်က ပြောကြားခဲ့ခြင်းဖြစ်သည်။

အမေရိကန်ဘက်က ယူကရိန်း၏ အဆိုပါတောင်းဆိုချက်ကို လက်ခံခဲ့လျှင် MQ-9 တွင် တပ်ဆင်အသုံးပြုနိုင်မည့် ဝေဟင်မှ မြေပြင်ပစ် Hellfire ဒုံးကျည်များကဲ့သို့ ခဲယမ်းများမပါရှိဘဲ ပံ့ပိုးပေးနိုင်လိမ့်မည်ဖြစ်သည်။

MQ-9 Reaper Drone သည် အမေရိကန် စစ်ဘက်ဆိုင်ရာ လက်နက်တိုက်စာရင်းတွင် အဆင့်မြင့်ဆုံးဒရုန်းများထဲမှ တစ်ခုဖြစ်သည်။ ၎င်းသည် လေထဲတွင် ၂၅ နာရီခန့် ပျံသန်းနိုင်စွမ်းရှိပြီး အချိန်နှင့်တစ်ပြေးညီ ထောက်လှမ်းရေး၊ ပစ်မှတ်ခြေရာခံထိန်းကျောင်းခြင်းတို့ လုပ်ဆောင်သော Raytheon ကုမ္ပဏီထုတ် ဒရုန်းဖြစ်ပြီး Electro-Optical Multispectral ပစ်မှတ် အာရုံခံစနစ်ပါရှိသည်။

ထိုသို့ ခေတ်မီသောနည်းပညာများ ပိုင်ဆိုင်ထားသော်လည်း ရုရှားလေတပ်မှ Su-27 တိုက်လေယာဉ်သည် ယခုနှစ်အစောပိုင်းတွင် MQ-9 Reaper Drone ကို ပစ်ချဖျက်ဆီးနိုင်ခဲ့သည်။ ထို့နောက် ရုရှားသည် MQ-9 Reaper Drone ကို Reverse -Engineering နည်းပညာဖြင့် ပုံစံတူထုတ်ရန် စီစဉ်နေကြောင်းထင်ကြေးများ မြင့်တက်လာခဲ့သည်။

MQ-9 Reaper Drone သည် ပစ်မှတ်အချက်အလက်များကို စုဆောင်းပေးနိုင်ပြီး ATACMS ဒုံးကျည်သည် တိုက်ခိုက်မှုများကို တိကျသေချာစေခြင်းဖြင့် အမေရိကန်ထုတ် အဆိုပါလက်နက်စနစ်နှစ်ခုကို ယူကရိန်းက ယှဉ်တွဲအသုံးပြုလာနိုင်သည်။



အမေရိကန်ဒေါ်လာ ၆၁ ဘီလီယံ ထပ်ဆောင်းအကူအညီပေးရေး ဥပဒေကြမ်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် ရောက်ရှိလာမည့် အခြားလက်နက်ပစ္စည်းကိရိယာများနှင့်အတူ MQ-9 Reaper Drone ရရှိရေးကို ယူကရိန်းဘက်က မျှော်မှန်းထားပြီး ရုရှားကို နောက်တစ်ကြိမ် တန်ပြန်ထိုးစစ်ဆင်နွှဲရန် စီစဉ်နေခြင်းဖြစ်သည်။ မတ်လတွင် ယူကရိန်းထိပ်တန်းအရာရှိတစ်ဦးက ယူကရိန်းနိုင်ငံသည် ယခုနှစ်နှောင်းပိုင်းတွင် နောက်ထပ်တန်ပြန်ထိုးစစ်ဆင်နွှဲရန်အတွက် တပ်ဖွဲ့များဖွဲ့စည်းရန် စီစဉ်နေကြောင်း အတည်ပြုပြောကြားခဲ့သည်။

**After ATACMS Delivery, Ukraine Pleads for MQ-9 Reaper Drones From US ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နှမ်း ၁၃၁၂၇ ဧက ရိတ်သိမ်းပြီးစီး



**ကျောက်မြောင်း မေ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ကျောက်မြောင်းမြို့နယ်ခွဲတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နှမ်း ၁၃၁၂၇ ဧက ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဆောင်းနှမ်းများ ရိတ်သိမ်းမှုကို ယခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ရိတ်သိမ်းခဲ့ကြရာ ယနေ့ထိ ၁၃၁၂၇ ဧက ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၁၄ ဒသမ ၁၅ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ကျောက်မြောင်းမြို့နယ်ခွဲအတွင်း ဆောင်းနှမ်း ၁၃၁၂၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိအချိန်မှာ ဧကအားလုံး ရိတ်သိမ်းပြီးစီးသွားပြီဖြစ်ပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက နှမ်း ၁၃၁၂၅ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၁၃၁၂၇ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ဆောင်းနှမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၂၀၆)

# ဒလမြို့နယ် ကျေးရွာနှစ်ရွာတွင် မြေသားရေကန်များတူးဖော်ခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ဒလ မေ ၉**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ဒလမြို့နယ်ရှိ ကျေးရွာနှစ်ရွာတွင် ကျေးလက်နေပြည်သူများသောက်သုံးရေ လုံလောက်စွာရရှိစေရေးအတွက် မြေသားရေကန်များ တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို တာဝန်ရှိသူများက ယနေ့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တွံတေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးနေဝင်း၊ ဒလမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်အေးနှင့်တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၁ ဒသမ ၆၁၄ သန်းဖြင့် ဆောင်ရွက်သည့် တုံးတင်ဂံ(တောင်)ကျေးရွာနှင့် ညောင်ပင်ကျေးရွာရှိ မြေသားရေကန်များတွင် ရေသိုလှောင်နိုင်မှုပမာဏ ပိုမိုများပြားစေရန်အတွက် မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရေပေးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ ခရိုင်ဦးစီးမှူးက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ဒလမြို့နယ်အတွင်းရှိ တုံးတင်ဂံ(တောင်) ကျေးရွာတွင် အလျား ၁၇၈ ပေ၊ အနံ ၁၇၉ ပေ၊ အနက်လေးပေရှိ မြေသားရေကန်တူးဖော်ခြင်းနှင့် ညောင်ပင်ကျေးရွာတွင် အလျားပေ ၂၀၀၊ အနံပေ ၁၀၀၊ အနက်လေးပေရှိ မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်းများကို ဒလမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဧပြီလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါမြေသားရေကန် တူးဖော်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာနေပြည်သူများ သောက်သုံးရေ လုံလောက်စွာရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရမ်းမြေ)**

# ဥတ္တရသီရိမြို့နယ် မီးလောင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် မေ ၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းကုန်းကျေးရွာအုပ်စု မီးလောင်ကုန်းကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်းသိရသည်။

ရှေးဦးစွာ ဥတ္တရသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာကြည်မွန်နှင့် ဝန်ထမ်းများက မီးလောင်ကုန်းကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင် ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်း သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မီးလောင်ကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၃ ဒသမ ၇ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မီးလောင်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၇ ဦးကို ငွေကျပ် ၁၉ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၉၂ ဦးကို ငွေကျပ် ၂၃ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၉ ဦးကို ငွေကျပ် ၄၃ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရှိုးလေး**



**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

နိုင်ငံ့ခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။

# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၉-၅-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ဧွှဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၆၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၁၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၄၆၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၉၀၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၀၁၀ |

**(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများက အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်မှ ကျောင်းသား၊ ကျောင်းသူများ၏"ပညာဘဏ်တိုက်စာကြည့်တိုက်သို့သွားကြရို့" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။













နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

**စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများနှင့် စာအုပ်စာစောင်များ လှူဒါန်းခဲ့ကြသည့် အလှူရှင်များအားလုံး၏လှူဒါန်းမှုသည် ခဉ်းဆက်မပြတ်သည့်၊ မှန်မြတ်သည့် အသိပညာဒါနအလှူဖြစ်သည့်အတွက် ဘဝတစ်သက်တာအထောက်အကူပြုသော လှူဒါန်းခြင်းဖြစ်သဖြင့် အထူးပင်ကျေးဇူးတင်ရှိသည်ကို** ပြောကြားလိုကြောင်း၊ **မှန်ကန်ကောင်းမွန်သည့် အသိပညာများ ရဆောင်းရရှိထားခြင်းသည် ဘဝတစ်လျှောက်လုံး ဖြတ်သန်းမှုအတွက် အကျိုးရှိစေမည်ဖြစ်သဖြင့် လူတိုင်းစာဖတ်နိုင်ရေးအတွက် အခွင့်အလမ်းများ ဖော်ဆောင်ပေးရမည်ဖြစ်**ကြောင်း။

မိမိတို့ စတင်တာဝန်ယူဆောင်ရွက်ချိန်တွင် နေပြည်တော်ကို Green City၊ Clean City၊ Smart City ဖြစ်စေရန်နှင့် Smokeless Industry များ အကောင်အထည်ဖော်နိုင်ရေးဆောင်ရွက်ခဲ့ကြောင်း၊ ထိုအထဲတွင် ပညာရေးမြို့တော်အဖြစ်တည်ဆောက်နိုင်ရေးအတွက်လည်း အားပေးဆောင်ရွက်ခဲ့ပြီး တက္ကသိုလ်များကိုလည်း တိုးချဲ့တည်ဆောက် ဖွင့်လှစ်ပေးခဲ့ကြောင်း၊ **နေပြည်တော်ကောင်စီနယ်မြေသည် ပညာရေးကဏ္ဍအပါအဝင် ကဏ္ဍအသီးသီး၌ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များက စံပြုထိုက်သည့် မြို့တော်တစ်ခုဖြစ်ရန်လို**ကြောင်း၊ ထို့ကြောင့် ယနေ့ပြုလုပ်သည့် "စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု" များကို ရည်ရွယ်ချက်ရှိစွာဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သဖြင့် တာဝန်ရှိသူများအားလုံးက အလေးထား ဆောင်ရွက်ကြစေလိုကြောင်း၊ နေပြည်တော်ကိုဗဟိုပြု၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်လည်း "စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှု"များကို အားပေး ဆောင်ရွက်ကြစေလိုကြောင်း၊ ယခုကဲ့သို့ဆောင်ရွက်ခြင်းသည် နိုင်ငံ့အရေးကို ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုလှုပ်ရှားမှုတွင် ပြည်သူလူထုတစ်ရပ်လုံး ပါဝင်လာနိုင်ရေးအတွက်လည်း ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်နိုင်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးမိသားစုက အလှူငွေများကို ပေးအပ်လှူဒါန်းရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်ခံရယူသည်။

ယင်းနောက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် အလှူရှင်များက စာကြည့်တိုက်အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်နိုင်ရေးအတွက် အလှူငွေများကို အသီးသီး ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် မေ ၁၀ ရက်တွင် ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် လက်ခံရရှိခဲ့သည့် အလှူငွေကျပ် ၁၀၂၇၆၂၄၃၈၀၊ စာအုပ်စာစောင်ပေါင်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အလှူငွေနှင့် စာအုပ်စာစောင်များထောက်ပံ့ပေးအပ်ရာ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လက်ခံရယူစဉ်။

၈၅၅၄၀ ကို ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ ပြန်လည်ခွဲဝေပေးအပ်မည့် အစီအစဉ်ကို ဆက်လက်ပြုလုပ်ရာ ဦးစွာ တိုင်းဒေသကြီး၊ ပြည်နယ် ၁၄ ခုရှိ စာကြည့်တိုက် ၄၆ တိုက် ပြန်လည်ပြင်ဆင် ဖွင့်လှစ်နိုင်ရန်အတွက် ငွေကျပ်သိန်း ၂၃၀၀ နှင့် စာကြည့်တိုက် ၂၇ တိုက် အသစ်တည်ဆောက်ဖွင့်လှစ်နိုင်ရန်အတွက် ငွေကျပ်သိန်းပေါင်း ၄၀၅၀ စုစုပေါင်းငွေကျပ်သိန်းပေါင်း ၆၃၅၀ နှင့် ပြည်သူများ စာပေဖတ်ရှုလေ့လာနိုင်ရန်အတွက် စာအုပ်စာစောင် ၆၇၇၈၀ ကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **စာမျက်နှာ ၁၉ သို့**

# PDF အမည်ခံအကြမ်းဖက်သမားများက မြင်းခြံမြို့နယ် ဆုံရွာကျေးရွာအား လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဒေသခံပြည်သူ ၃၂ ဦးသေဆုံးကာ ၁၄ ဦး ဖုံးစထိမှန်ဒဏ်ရာများရရှိခဲ့မှုနှင့်ပတ်သက်၍ အဖွဲ့အစည်းအသီးသီးမှ သဘောထားကြေညာချက်များ ထုတ်ပြန်

နေပြည်တော် မေ ၉

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆီမီးခုံကျေးရွာ၏ အရှေ့ဘက်ရှိ ဆုံရွာ ကျေးရွာအား ယနေ့နံနက်ပိုင်းတွင် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် ကျေးရွာနေ ဒေသခံပြည်သူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၃၂ ဦး သေဆုံးခဲ့ပြီး အမျိုးသား ငါးဦး၊ အမျိုးသမီး ကိုးဦး၊ စုစုပေါင်း ၁၄ ဦး ဖုံးစထိမှန်ဒဏ်ရာများရရှိခဲ့သည်။

PDF အမည်ခံ အကြမ်းဖက်သမားများ၏ ယခုကဲ့သို့ ဒေသခံပြည်သူများ နေထိုင်ရာ ကျေးရွာအတွင်းသို့ လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ပြီး အပြစ်မဲ့ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ထိခိုက်ပျက်စီးအောင် လုပ်ဆောင်နေမှုများအပေါ် မည်သို့မျှ လက်ခံနိုင်ဖွယ်ရာမရှိသည့် အကြမ်းဖက်လုပ်ရပ်ဖြစ်သည့်အတွက် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း YMBA(ဗဟို)၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံ ဇဝ်ဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံအားကစားမီဒီယာအဖွဲ့ချုပ်၊ ယုံကြည်ခြင်း ဇဝ်ဂေလိအသင်းတော်(ပဲခူး)၊ လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၊ သနန္တဓမ္မပါလက (ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ ပိန္နဲကုန်းရရှိင် ဂျာမေဇလီနှင့် ဘူးသီးတောင် မောင်တောဒေသဖွံ့ဖြိုးရေးအသင်းတို့မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်းသဘောထားများအသီးသီး ထုတ်ပြန်ခဲ့ကြကြောင်း သိရသည်။

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်းYMBA (ဗဟို)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ်၊ မေ ၉ ရက်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆီမီးခုံကျေးရွာ၏ အရှေ့ဘက်ရှိ ဆုံရွာကျေးရွာအား ယနေ့နံနက်ပိုင်းတွင် PDF အကြမ်းဖက်သမားများက လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ကျေးရွာနေ ဒေသခံပြည်သူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး၊ စုစုပေါင်း ၃၂ ဦး သေဆုံးခဲ့ပြီး အမျိုးသား ၅ ဦး၊ အမျိုးသမီး ၉ ဦး စုစုပေါင်း ၁၄ ဦး ဖုံးစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ PDF အကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ထိခိုက်ပျက်စီးအောင် လုပ်ဆောင်နေမှုများအပေါ် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း YMBA (ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)

## ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာပြည်) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေ ၉ ရက်

၂၀၂၄ ခုနှစ်၊ မေ ၉ ရက်တွင် အကြမ်းဖက်သမားများက မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် ကျေးရွာနေပြည်သူများ သေဆုံး/ဒဏ်ရာရရှိခဲ့ကြောင်း စိတ်နှလုံးမချမ်းမြေ့ဖွယ်ကြားသိရသည့်အတွက် ယခုကဲ့သို့ အကြမ်းဖက်သမားများ၏ လုပ်ရပ်အပေါ် ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)မှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော်
(အောက်မြန်မာပြည်)

## မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို) သဘောထားထုတ်ပြန်ချက်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ မေလ ၉ ရက်နေ့ ယနေ့နံနက်ပိုင်းက အကြမ်းဖက်သမားများ၏ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး၊ စုစုပေါင်း ၃၂ ဦး သေဆုံးခဲ့ပြီး အမျိုးသား ၅ ဦးနှင့် အမျိုးသမီး ၉ ဦးတို့ ထိခိုက်ဒဏ်ရာများရရှိခဲ့သည်ဟု ကြားသိရသဖြင့် များစွာစိတ်မကောင်းဖြစ်ရပါသည်။

ယင်းသို့ လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများကို မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို)မှ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)
(၉.၅.၂၀၂၄)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေ ၉ ရက်

၂၀၂၄ ခုနှစ်၊ မေ ၉ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ PDF အကြမ်းဖက်သမားများက လက်နက်ကြီး/ လက်နက်ငယ်များဖြင့် ရမ်းသန်းပစ်ခတ်ခဲ့မှုကြောင့် ဒေသခံပြည်သူများ သေဆုံး/ ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ အပြစ်မဲ့ပြည်သူများနေထိုင်ရာ ကျေးရွာအတွင်းသို့ လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သည့် အကြမ်းဖက်သမားများ၏ လုပ်ရပ်အပေါ် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)
အလုပ်အမှုဆောင်အဖွဲ့

## မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ သဘောထားကြေညာချက် (၅/ ၂၀၂၄)

၂၀၂၄ ခုနှစ်၊ မေ ၉ ရက်

၁။ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်၊ ဆီမီးခုံကျေးရွာ အရှေ့ဘက်ရှိဆုံရွာကျေးရွာအား အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အချို့က လူမဆန်စွာ လက်နက်ကြီး လက်နက်ငယ်များ အသုံးပြု၍ ပစ်ခတ်ဖျက်ဆီးခဲ့ခြင်းကြောင့် ကျေးရွာတွင်နေထိုင်လျက်ရှိသော ဒေသခံအပြစ်မဲ့ပြည်သူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၃၂ ဦး သေဆုံးခဲ့ပြီး အမျိုးသား ၅ ဦး အမျိုးသမီး ၉ ဦး စုစုပေါင်း ၁၄ ဦးမှာ ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း စိတ်မချမ်းမြေ့ဖွယ် သိရှိရပါသည်။

၂။ အေးချမ်းစွာ နေထိုင်လျက်ရှိသည့် အပြစ်မဲ့ပြည်သူများကို ထိခိုက်ပျက်စီးစေရန် ရည်ရွယ်ချက်ရှိရှိ အကြမ်းဖက်မှုကို ပြုလုပ်ခဲ့သည့် မည်သည့်အဖွဲ့အစည်းကိုမဆို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

## မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ မေ ၉ ရက်

၂၀၂၄ ခုနှစ်၊ မေလ ၉ ရက်နေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ကျေးရွာနေဒေသခံပြည်သူ ၃၂ ဦး သေဆုံးပြီး ၁၄ ဦး ဒဏ်ရာရရှိခဲ့သည့်ဖြစ်စဉ်နှင့်ပတ်သက်၍ ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်ကို မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံ ဇဝ်ဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေ ၉ ရက်

ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ PDF အကြမ်းဖက်သမားများက လက်နက်ကြီး/ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် ကျေးရွာနေ ပြည်သူ ၃၂ ဦး သေဆုံးခဲ့ပြီး ပြည်သူ ၁၄ ဦး ဖုံးစထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း စိတ်မချမ်းမြေ့ဖွယ် သိရှိရပါသည်။

ယခုကဲ့သို့ အကြမ်းဖက်သမားများ၏အကြမ်းဖက်လုပ်ရပ်အပေါ် မည်သို့မျှ လက်ခံနိုင်ဖွယ်ရာမရှိသည့်အတွက် မြန်မာနိုင်ငံဇဝ်ဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်က ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဇဝ်ဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်

## မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေ ၉ ရက်

၂၀၂၄ ခုနှစ်မေလ ၉ ရက်နေ့ နံနက်ပိုင်းကမန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆုံရွာကျေးရွာကို PDF အကြမ်းဖက်သမားများက ကျေးရွာနေ ပြည်သူ ၃၂ ဦး(အမျိုးသား ၁၇၊ အမျိုးသမီး ၁၅ ဦး)ကို လက်နက်ကြီး လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း စိတ်မချမ်းမြေ့ဖွယ်ရာ ကြားသိရပါသည်။

ထို့အပြင် အမျိုးသား ၅ ဦးနှင့် အမျိုးသမီး ၉ ဦး စုစုပေါင်း ၁၄ ဦး ဒဏ်ရာရရှိသည်ဟုလည်း ထပ်မံသိရှိရပါသည်။

ယခုကဲ့သို့ အပြစ်မဲ့ပြည်သူများ၏ အသက်ကို ရက်ရက်စက်စက် လူစိတ်ကင်းမဲ့စွာ သတ်ဖြတ်ခဲ့သည့် PDF အကြမ်းဖက်သမားများ၏ လုပ်ရပ်ကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးကပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာလိုက်ပါသည်။

## မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေ ၉ ရက်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သည့်အတွက် အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး၊ စုစုပေါင်း ၃၂ ဦး သေဆုံးခဲ့ပြီး အမျိုးသား ၅ ဦးနှင့် အမျိုးသမီး ၉ ဦး တို့မှာလည်း ထိခိုက်ဒဏ်ရာများရရှိခဲ့သည်ဟု ဝမ်းနည်းဖွယ် သိရှိရပါသည်။

ယခုကဲ့သို့ အကြမ်းဖက်သမားများ၏ အကျည်းတန်အရုပ်ဆိုးသော အကြမ်းဖက်လုပ်ရပ်အပေါ် မြန်မာနိုင်ငံ သဘင်အစည်းအရုံး (ဗဟို)က ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး အကြမ်းဖက်လုပ်ဆောင်မှုများကို ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေလ ၉ ရက်

အကြမ်းဖက်သမားများမှ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ် ဆုံရွာကျေးရွာကို လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ယနေ့နံနက်ပိုင်းက ပစ်ခတ်ခဲ့သည့်အတွက် အမျိုးသား ၁၇ ဦး ၊ အမျိုးသမီး ၁၅ ဦး၊ စုစုပေါင်း ၃၂ ဦး သေဆုံးခဲ့ပြီး အမျိုးသား ၅ ဦးနှင့် အမျိုးသမီး ၉ ဦး တို့မှာ ထိခိုက်ဒဏ်ရာများရရှိခဲ့သည့်အတွက် လွန်စွာ ဝမ်းနည်းမိပါသည်။

ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်အား မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးက လုံးဝ လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး

## မြန်မာနိုင်ငံ အားကစားမီဒီယာများ အဖွဲ့ချုပ် သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ မေလ ၉ ရက်

PDF အကြမ်းဖက်သမားများ၏ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာရှိ အပြစ်မဲ့ဒေသခံပြည်သူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး၊ စုစုပေါင်း ၃၂ ဦး သေဆုံးခဲ့ပြီး အမျိုးသား ၅ ဦး၊ အမျိုးသမီး ၉ ဦး ၊ စုစုပေါင်း ၁၄ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း ဝမ်းနည်းစိတ်မကောင်းဖွယ် ကြားသိရပါသည်။

ယခုကဲ့သို့ အေးချမ်းစွာနေထိုင်လျက်ရှိသော အပြစ်မဲ့ပြည်သူများအပေါ် ကျူးလွန်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များအပေါ် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း မြန်မာနိုင်ငံအားကစား မီဒီယာအဖွဲ့ချုပ်မှ ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံ အားကစားမီဒီယာများ အဖွဲ့ချုပ်

## ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေလ ၉ ရက်

ယနေ့ မေလ ၉ ရက်နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ PDF အကြမ်းဖက်အဖွဲ့က လက်နက်ကြီး/ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ရာ ဒေသခံပြည်သူ ၃၂ ဦးသေဆုံးခဲ့ပြီး ၁၄ ဦး ဖုံးစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ အကြမ်းဖက်သမားများ၏ လူနေရပ်ကွက်အတွင်း လက်နက်ကြီး/ လက်နက်ငယ်များဖြင့်ပစ်ခတ်မှုသည် မည်သို့မျှ လက်ခံနိုင်ဖွယ်ရာမရှိသည့်အတွက် ယုံကြည်ခြင်းဧဝံဂေလိအသင်းတော်(ပဲခူး)က ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး)

## လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေ ၉ ရက်

၂၀၂၄ ခုနှစ်၊ မေ ၉ ရက် နံနက်ပိုင်းတွင် အကြမ်းဖက်သမားများက မြင်းခြံမြို့နယ် ဆုံရွာကျေးရွာအား လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ရာ ကျေးရွာနေ ပြည်သူ ၃၂ ဦး သေဆုံးခဲ့ကြောင်းနှင့် ပြည်သူ ၁၄ ဦး ထိခိုက်ဒဏ်ရာများ ပြင်းထန်စွာရရှိခဲ့ကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ အကြမ်းဖက်သမားများ၏ ကျေးရွာအတွင်း လက်နက်ကြီး/ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သည့် လုပ်ရပ်အပေါ် လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)

## မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေး ဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေ ၉ ရက်

၁။ ၂၀၂၄ ခုနှစ်၊ မေ ၉ ရက်တွင် အကြမ်းဖက်သမားများက မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ လက်နက်ကြီး/လက်နက်ငယ်များဖြင့်ပစ်ခတ်ခဲ့ရာ ပြည်သူ ၃၂ ဦး သေဆုံးကာ ပြည်သူ ၁၄ ဦး ထိခိုက်ဒဏ်ရာများ ပြင်းထန်စွာရရှိခဲ့ကြောင်း သိရှိရပါသည်။

၂။ ယခုကဲ့သို့ အပြစ်မဲ့ပြည်သူများ သေဆုံး/ဒဏ်ရာရရှိသည်အထိ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများအား မည်သို့မျှလက်ခံနိုင်ဖွယ်ရာမရှိသည့်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်က ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်

## မြန်မာနိုင်ငံလုံးဆိုင်ရာတမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို) သဘောထားထုတ်ပြန်ချက်

(၉.၅.၂၀၂၄)

၁။ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆုံရွာကျေးရွာအတွင်းသို့ PDF အကြမ်းဖက်အဖွဲ့က လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ကျေးရွာသူ၊ ကျေးရွာသား ၃၂ ဦး သေဆုံးခဲ့ပြီး ၁၄ ဦး ဖုံးစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း စိတ်မချမ်းမြေ့ဖွယ်ကြားသိရပါသည်။

၂။ ယခုကဲ့သို့ အကြမ်းဖက်သမားများ၏ အပြစ်မဲ့ပြည်သူများအပေါ် လက်နက်အားကိုး၍ အနိုင်ကျင့်ဗိုလ်ကျကာ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့မှုအပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)က ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)

## သနာတနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေ ၉ ရက်

မြင်းခြံမြို့နယ် ဆုံရွာကျေးရွာအတွင်းသို့ ၂၀၂၄ ခုနှစ် မေ ၉ ရက် နံနက်ပိုင်းတွင် PDF အကြမ်းဖက်သမားများက လက်နက်ကြီး/ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ဒေသခံပြည်သူများ သေဆုံး/ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ အကြမ်းဖက်သမားများက ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ထောက်ခံအားပေးခြင်းမရှိသည့် ရပ်ကွက်၊ ကျေးရွာများအား လက်နက်ကြီး/ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ လုပ်ဆောင်နေမှုအပေါ် သနာတနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

သနာတနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်

## မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေလ ၉ ရက်

၁။ PDF အကြမ်းဖက်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် ကျေးရွာနေပြည်သူ ၃၂ ဦး သေဆုံးခဲ့ပြီး ၁၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရပါသည်။

၂။ ထိုသို့ အကြမ်းဖက်သမားများက လက်နက်အားကိုး၍ ဒေသခံပြည်သူများအပေါ် အနိုင်ကျင့်ဗိုလ်ကျခြင်း၊ ခေါင်းစဉ်အမျိုးမျိုးတပ်၍ သတ်ဖြတ်ခြင်း၊ ကျေးရွာအတွင်း လက်နက်ကြီး/ လက်နက်ငယ်များဖြင့် ပစ်ခတ်ခြင်းများ လုပ်ဆောင်နေသည့်အပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး

## မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေ ၉ ရက်

၁။ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆီမီးခုံကျေးရွာ၏ အရှေ့ဘက်ရှိ ဆုံရွာကျေးရွာအား ယနေ့နံနက်ပိုင်းတွင် လက်နက်ကိုင်အကြမ်းဖက်သမားများက လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ကျေးရွာနေဒေသခံပြည်သူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး၊ စုစုပေါင်း ၃၂ ဦး သေဆုံးခဲ့ပြီး အမျိုးသား ၅ ဦး၊ အမျိုးသမီး ၉ ဦး စုစုပေါင်း ၁၄ ဦး ဖုံးစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရပါသည်။

၂။ ယခုကဲ့သို့ လက်နက်ကိုင် အကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူလူထု၏ အသက်အိုးအိမ် ထိခိုက်ပျက်စီးအောင်လုပ်ဆောင်နေမှုများအပေါ် မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း

## ပိန္နဲကုန်းရခိုင်ဂျာမေဗလီမှ သဘောထားထုတ်ပြန်ချက်

(၉.၅.၂၀၂၄)

၁။ PDF အကြမ်းဖက်သမားများက ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် ကျေးရွာနေဒေသခံပြည်သူ အမျိုးသား ၁၇ ဦးနှင့် အမျိုးသမီး ၁၅ ဦး တို့သေဆုံးခဲ့ပြီး၊ အမျိုးသား ၅ ဦး၊ အမျိုးသမီး ၉ ဦး ဖုံးစထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိခဲ့ပါသည်။

၂။ ယင်းသို့ အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်နေသည့် အကြမ်းဖက်သမားများအား ပိန္နဲကုန်းရခိုင်ဂျာမေဗလီက ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ပိန္နဲကုန်းရခိုင်ဂျာမေဗလီ

## ဘူးသီးတောင်မောင်တော ဒေသဖွံ့ဖြိုးရေးအသင်းမှ သဘောထားထုတ်ပြန်ချက်

(၉.၅.၂၀၂၄)

တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်၍ မေလ ၉ ရက် ယနေ့နံနက်ပိုင်းက PDF အကြမ်းဖက်သမားများက မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သည့်အတွက် ဒေသခံပြည်သူ ၃၂ ဦး သေဆုံးပြီး ၁၄ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့သည်ဟု သိရှိရပါသည်။

ယခုကဲ့သို့ အကြမ်းဖက်သမားများ၏လုပ်ရပ်အား ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း ဘူးသီးတောင်မောင်တော ဒေသဖွံ့ဖြိုးရေးအသင်းမှ သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း

# မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ဖူးမြော်အားပေးစကားလျှောက်ထားစဉ်။

**နေပြည်တော် မေ ၉**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ယနေ့ နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ရှိ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၄၁ ပါးအား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးပြီး ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ဖူးမြော်အားပေးစကားလျှောက်ထားပြီး ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်ဆရာတော် အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့်နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

# သာသနဓဇသိုက်ကုန်းကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဉာဏာဒီပ ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် မေ ၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် သိုက်ကုန်းကျေးရွာ သာသနဓဇသိုက်ကုန်းကျောင်းတိုက်ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တဉာဏာဒီပ (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) သက်တော် ၁၀၁ နှစ်၊ သိက္ခာတော် ၈၁ ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၆ ခုနှစ် ကဆုန်လဆန်း ၁ ရက် ၂၀၂၄ ခုနှစ် မေ ၈ ရက် ဗုဒ္ဓဟူးနေ့ ည ၇ နာရီ ၃၄ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ခိုလမ်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်မိသားစုဝင်များကို တွေ့ဆုံ၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

**နေပြည်တော် မေ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များက ခိုလမ်မြို့ရှိ စစ်မှုထမ်းဟောင်းအိမ်ရာ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်းအိမ်ရာအတွင်း လေးခန်းတွဲခြောက်ထပ် အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ တည်ဆောက်နေမှုများကို လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# မြင်းခြံမြို့နယ် ဆုံရွာကျေးရွာအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် သေဆုံးခဲ့ရသည့် အပြစ်မဲ့ပြည်သူများ၏ ကျန်ရစ်သူမိသားစုဝင်များနှင့် နေအိမ်မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရသည့် မိသားစုဝင်များအတွက် အလှူငွေနှင့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် မေ ၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆီမီးခုံကျေးရွာ၏အရှေ့ဘက်ရှိ ဆုံရွာကျေးရွာကို ယနေ့နံနက်ပိုင်းက PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် ကျေးရွာနေဒေသခံပြည်သူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၃၂ ဦး သေဆုံးခဲ့ပြီး အမျိုးသား ငါးဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၁၄ ဦး ပုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။



မြင်းခြံမြို့နယ် ဆုံရွာကျေးရွာရှိ ဒေသခံပြည်သူများကို တာဝန်ရှိသူတစ်ဦးက တွေ့ဆုံအားပေးစကားပြောကြားစဉ်။

ထို့ပြင် ကျေးရွာအတွင်း စစ်ရေးနှင့်မသက်ဆိုင်သော အေးချမ်းစွာနေလိုသည့် အပြစ်မဲ့ပြည်သူများ၏ အိုးအိမ်များကို PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့ရာ ကျေးရွာအတွင်းရှိ နေအိမ်အလုံး ၅၀ ခန့် မီးလောင်ဆုံးရှုံးခဲ့မှုများဖြစ်ပေါ်ခဲ့သည့်အတွက် ယနေ့နေ့လယ်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့မှ တာဝန်ရှိသူများက PDF အမည်ခံအကြမ်းဖက်သမားများ၏ ပစ်ခတ်သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့ရသူများ၏ မိသားစုဝင်များနှင့် နေအိမ်ဆုံးရှုံးခဲ့ရသည့် ပြည်သူများကို သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားသည်။




မြင်းခြံမြို့နယ် ဆုံရွာကျေးရွာရှိ ဒေသခံပြည်သူများအတွက် တာဝန်ရှိသူတစ်ဦးက အလှူငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။

ထို့နောက် ကျေးရွာရှိ ပြည်သူများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသည့် အလှူငွေကျပ် ၃၄၆ သိန်းနှင့် ငွေကျပ် သိန်း ၁၀၀တန်ဖိုးရှိ ဆန်၊ ဆီ၊ ဆား၊ ပဲ တို့ကိုလည်းကောင်း၊ တိုင်းစစ်ဌာနချုပ်က လှူဒါန်းသည့် ငွေကျပ်သိန်း ၅၀နှင့် ဆန် ၂၅ အိတ်၊ ဆီပိဿာ ၅၀၊ ပဲ ပိဿာ ၅၀၊ ဆား ၂၅ ပိဿာတို့ကိုလည်းကောင်း ထောက်ပံ့ပေးအပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

# (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့တွင် ကျောက်စိမ်းအတွဲ ၄၂၄ တွဲ ရောင်းချနိုင်ခဲ့

**နေပြည်တော် မေ ၉**

(၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသတ္တမနေ့ကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမ အပြင်ဘက်သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။


ယနေ့ပြပွဲတွင် ကျောက်စိမ်းအတွဲအမှတ်(၁၉၀၁)မှ (၂၇၅၀)ထိ ကျောက်စိမ်းအတွဲများကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များကို အိတ်ဖွင့် တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ပြီး ကျောက်စိမ်းအတွဲ ၄၂၄ တွဲရောင်းချခဲ့ရကြောင်း ထုတ်ပြန်ကြေညာသည်။

ထို့ပြင် ပြည်တွင်းရတနာကုန်သည်များကိုသာ ရောင်းချပေးမည့် အုပ်စု(C)မှ ကျောက်စိမ်းအတွဲ အမှတ်(၂၇၅၁)မှ (၃၇၅၀)ထိတင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ပြပွဲ အဋ္ဌမနေ့တွင် ဖွင့်ဖောက်စစ်ဆေးကာ ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို ပြပွဲ နဝမနေ့တွင် ကြေညာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြင်းခြံမြို့နယ် ဆုံရွာကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့သဖြင့် ကျေးရွာနေဒေသခံပြည်သူ ၃၂ ဦး သေဆုံးကာ ၁၄ ဦး ပုံးစထိမှန်ဒဏ်ရာများရရှိ

မြင်းခြံနယ် ဆုံရွာကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ပြီး ကျေးရွာအတွင်းရှိ နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည့် ဖြစ်စဉ်နေရာပြပုံ



မြင်းခြံမြို့နယ် ဆုံရွာကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ပြီး ကျေးရွာအတွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် မေ ၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆီမီးခုံကျေးရွာ၏ အရှေ့ဘက်ရှိ ဆုံရွာကျေးရွာကို ယနေ့နံနက်ပိုင်းတွင် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရမ်းသန်းပစ်ခတ်ခဲ့မှုကြောင့် ကျေးရွာနေဒေသခံပြည်သူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦးစုစုပေါင်း ၃၂ ဦးသေဆုံးခဲ့ပြီး အမျိုးသား ငါးဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၁၄ ဦး ပုံးစထိမှန် ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ အလွယ်တကူ စစ်ကူ၊ ပစ်ကူရောက်ရန် ကန့်သတ်ချက်ရှိသည့် အစွန်းအဖျား၊ ကျေးရွာ၊ ရပ်ကွက်အုပ်စုများသို့ အကြောက်တရားဖြစ်ပေါ်စေရေး လက်နက်ကြီးများဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခြင်း၊ နေအိမ်၊ စာသင်ကျောင်းနှင့် ဘာသာရေးအဆောက်အအုံများကို မီးရှို့ဖျက်ဆီးခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိရာ မြင်းခြံမြို့နယ် ဆီမီးခုံကျေးရွာ၏ အရှေ့ဘက်မီတာ ၄၀၀၀ ခန့်အကွာရှိ ဆုံရွာကျေးရွာ ပြည်သူ့စစ်စခန်းကို ယနေ့ နံနက်ပိုင်းတွင် ကျေးရွာ၏ တောင်ဘက်နှင့် အရှေ့တောင်ဘက်မှနေ၍ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ကျေးရွာရှိ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများသည် ကျေးရွာပြည်သူ့စစ်စခန်းကို သိမ်းပိုက်နိုင်ခြင်းမရှိဘဲ အရှေ့ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ဆုတ်ခွာစဉ် နီးစပ်ရာနေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

အဆိုပါ အကြမ်းဖက်သမားများက ကျေးရွာအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့မှုကြောင့် နေအိမ်များပေါ်သို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့ပြီး ကျေးရွာအတွင်း အေးချမ်းစွာနေထိုင်လျက်ရှိသည့် ဒေသခံပြည်သူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ဦး စုစုပေါင်း ၃၂ဦး သေဆုံးခဲ့ကာ အမျိုးသား ငါးဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၁၄ ဦး ပုံးစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် ကျေးရွာအတွင်းရှိ နေအိမ်အလုံး ၅၀ ခန့် မီးလောင်ပျက်စီးခဲ့သဖြင့် ကျေးရွာနှင့်အနီးဆုံး လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ လိုအပ်သည့် မီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးကာ ထိခိုက်ဒဏ်ရာရရှိသူများကို မန္တလေးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ပို့ဆောင်၍ ဆေးဝါးကုသမှုများ ခံယူစေလျက်ရှိကြောင်းနှင့် ဆုတ်ခွာထွက်ပြေးသွားခဲ့သည့် အကြမ်းဖက်သမားများကို လိုက်လံချေမှုန်းကာ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# ပခုက္ကူမြို့နယ် ကံသစ်ကျေးရွာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများကို သတ်ဖြတ်ခြင်း၊ ဖမ်းဆီးခေါ်ဆောင်သွားခြင်းနှင့် နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု သတင်းတု၊သတင်းမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မေ ၉**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကံသစ်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မေ ၈ ရက်တွင် ဝင်ရောက်စီးနင်းပြီး ပြည်သူ နှစ်ဦးကို ဖမ်းဆီးဖြတ်သတ်ခြင်း၊ ဦးရေ ၂၀ကို ဖမ်းဆီးခေါ်ဆောင်သွားခြင်းနှင့် နေအိမ် ၁၃ လုံးကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု တစ်ဖက်သတ် စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက အထင်အမြင်လွဲမှားဖွယ် လုပ်ကြံရေးသားဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ပခုက္ကူမြို့နယ် ကံသစ်ကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများကို အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန်အတွက် PDF အမည်ခံအကြမ်းဖက်သမားများက ကံသစ်ကျေးရွာအနီးတစ်ဝိုက်တွင် အခြေပြု လှုပ်ရှားဆောင်ရွက်နေကြောင်း အကြမ်းဖက်လုပ်ရပ်များကို အားပေးထောက်ခံခြင်းမရှိသည့် တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ မေ ၈ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းကျေးရွာအနီး နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်စဉ် အကြမ်းဖက်သမားများ၏ ယာယီတဲစခန်းတစ်ခုကို တွေ့ရှိခဲ့ပြီး ဝင်ရောက်ရှင်းလင်းစဉ် အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားခဲ့ကာ အကြမ်းဖက်သမားများက ကံသစ်ကျေးရွာရှိနေအိမ်များကို မီးရှို့ထွက်ပြေးသွားခဲ့သည့်အတွက် နေအိမ်များ မီးလောင်ပျက်စီးခဲ့ရခြင်းဖြစ်ကြောင်း၊ ထို့နောက် ယာယီတဲစခန်းအတွင်းမှ အကြမ်းဖက်သမားအလောင်း နှစ်လောင်း၊ လက်လုပ်သေနတ် ငါးလက်နှင့်ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် ဖြစ်စဉ်ဖြစ်ရပ်များကို အခြေခံရေးသားထားသည့် သတင်းတု၊ သတင်းမှားများဖြင့် ပြည်သူများ ထင်ယောင်ထင်မှားဖြစ်စေပြီး အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာကျဆင်းစေရန်အတွက် ယခုကဲ့သို့ ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။



# ကြယ်ကလေးများရဲ့ ကောင်းကင်

ချစ်သက်(မြန်မာစာ)



(၁)

"အုန်းလှိုင်ရေ မွေးပြီဟေ့ မွေးပြီ။ ယောကျ်ားလေးတော့ ယောကျ်ားလေး။ ဖြူဖြူဖွေးဖွေး ချစ်စရာကြီးတော်"

လက်သည် ဒေါ်စောရင်၏ ပြောစကားကြောင့် ရှုတ်ဖတ်နေသော အင်္ဂလိမာလသုတ်ကို အုန်းလှိုင် ရပ်လိုက်သည်။ သားလေးကို သေချာစိုက်ကြည့်၏။ သားအတွက် အလုပ်များပိုလုပ်ရမည်ဟူသောအတွေး ဝင်လာ၏။ အားအင်တို့ အလိုလိုပြည့်ဝလာသည်ကို အုန်းလှိုင်၏ အပြုံးက ဖော်ပြလျက်ရှိသည်။ အုန်းလှိုင်သည် သားဦးလေး၏ အမည်ကို သန့်ဇင် ဟုအမည်ပေးလိုက်လေသည်။

"ဗျို့ အုန်းလှိုင်ရေ မင်းကတော့ ပွတာပဲကွာ။ သားဆိုတော့ အားပေါ့။ လယ်သမားလေးတစ်ယောက် တိုးပြန်ပြီပေါ့။ မင်းတော့ သက်သာတာပေါ့ကွာ"

အိမ်အပြင်ဘက်မှ ရွာသားတစ်ဦး၏ ပြောစကားကို ဦးအုန်းလှိုင် ကောင်းကောင်းကြားလိုက်သည်။ အသားများကလည်း တဆတ်ဆတ်တုန်လာ၏။

"အစ်ကိုရယ် စိတ်လျှော့ပါ။ ဒီလိုပဲ ပြောလိုက်တာနေမှာပါ"

ဒေါ်ခင်ဌေးသည် မိမိအမျိုးသား၏စိတ်ကို နားလည်သဘောပေါက်၏။

"ငါ့ကို ပြောတာ လက်ခံတယ်။ ငါ့သားကို လယ်သမားဖြစ်ရမယ်လို့ ပြောတာတော့မကြိုက်ဘူး။ ငါ့သားကို ငါမွေးတာ လယ်သမားဖြစ်ဖို့ မဟုတ်ဘူးကွ"

အသံကျယ်ကျယ်ဖြင့်ပြောလိုက်သော ဦးအုန်းလှိုင်။

"တိုးတိုးပြောပါ ကျွန်မ နားလည်ပါတယ်"

တောရွာ၏ ဓလေ့အတိုင်း မိဘများက သားသမီးများကို ပညာရေး အားမပေးချေ။ အချိန်တန် အရွယ်ရောက် လယ်ထွန်ပျိုးနုတ် ကောက်စိုက်ခိုင်းကြသည်။ အလွန်ဆုံးကျောင်းထား လေးတန်းထိပင် ဖြစ်သည်။ ဦးအုန်းလှိုင်တို့ ဇာတိသည် ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် မှတ်တိုင်ရွာလေးပင် ဖြစ်သည်။ မြို့နှင့်အလှမ်းဝေးသော တောရွာကလေးပင် ဖြစ်သည်။ နှစ်ကြာလာသည်နှင့် ဦးအုန်းလှိုင်တွင် သားနှစ်ယောက် ထပ်တိုးလာခဲ့၏။ သားအလတ် လှိုင်မင်းနှင့် သားအငယ် ကိုကိုမောင်တို့ဖြစ်သည်။ သားများအရွယ်ရောက်လာလေ ဦးအုန်းလှိုင် အလုပ်ကို ပိုကြိုးစားရလေသည်။

(၂)

လယ်ထဲမှ မြက်ထုံးကို ထမ်း၍ ဦးအုန်းလှိုင် ပြန်လာခဲ့သည်။ အိမ်ခြံဝ၌ မျက်ရည်ရွှဲအောင် ငိုနေသော သန့်ဇင်ကို တွေ့လိုက်စဉ်မှာပဲ ဦးအုန်းလှိုင် မြက်ထုံးကို ချလိုက်၏။

"လူလေး ဘာလို့ ငိုနေတာလဲ"

အိမ်ထဲမှ ထွက်လာသော ဒေါ်ခင်ဌေးက ဦးအုန်းလှိုင်၏ အမေးစကားကို ချက်ချင်းဖြေလိုက်သည်။

"အစ်ကိုရေ ဒီနေ့ ဆယ်တန်းအောင်စာရင်း ထွက်တာ နာမည်မပါလို့ ငိုနေတာ"

ဦးအုန်းလှိုင်သည် သန့်ဇင်ကို သေချာကြည့်လိုက်၏။ ပြီးလျှင် မျက်ဝန်းမှကျဆင်းလာသော မျက်ရည်များကို သုတ်ပေးလိုက်လေသည်။ ထို့နောက် သန့်ဇင်၏ ခေါင်းကလေးကို ပွတ်ပြီး သပ်ပေးပြန်သည်။

"လာ သား။ ငိုမနေနဲ့ ဒီနှစ်မအောင်တော့ နောက်နှစ်ပေါ့ကွာ။ လူဆိုတာ ကြိုးစားနေဖို့ပဲလိုတာ။ ဆယ်တန်းစာမေးပွဲကျတာ ဘာမှမဖြစ်ဘူး။ ဘဝစာမေးပွဲ မကျဖို့ဘဲ လိုတာ။ ဆယ်တန်းကျရင် ပြန်ဖြေ။ ကြိုးစားနေသူအတွက် အောင်မြင်မှုရမှာပဲ သား။ ဒီမှာ အဖေ့ ပခုံးကို ကြည့်"

ဦးအုန်းလှိုင်သည် အသားမာတက်နေသော ပခုံးကို ပြလိုက်၏။

"အဲဒါ ပညာမတတ်လို့ အလုပ်ကြမ်းတွေရဲ့ဒဏ်ပဲ သား။ ပညာမတတ်ရင် အဖေ့လို နေပူလဲ အလုပ်လုပ်ရမယ်။ မိုးရွာလဲ အလုပ်လုပ်ရမယ်။ ဆောင်းတော၊ နွေပါ အလုပ်လုပ်ရမယ် သား။ သူများခိုင်းတာ အကုန်လုပ်ရမှာပဲ"

ဦးအုန်းလှိုင်သည် နဖူးမှ ကျလာသော ချွေးများကို သုတ်လိုက်ပြန်၏။

"အခု အဖေ့ကို ကြည့် ပညာမတတ်တော့ မိုးရွာလဲ လုပ်ရတာပဲ။ မလုပ်လို့ မရဘူးလေ။ သား အမေ၊ သားညီတွေ စားဖို့သောက်ဖို့ ရှိတယ်။ အဖေ မလုပ်ရင် အဖေတို့မိသားစု ငတ်ကုန်မှာပေါ့။ အဖေလဲ လူသားတစ်ယောက်ပဲ။ သက်သက်သာသာ နေချင်တာပေါ့။ သူများနည်းတူ သားတွေကို လေးငါးတန်းအောင်ရင် ကျောင်းထုတ်။ ခိုင်းစားရင် ရတာပဲ။ အခု အဖေ အပင်ပန်းခံတာ သားတို့ကို အဖေ့လို မဖြစ်စေချင်လို့ပဲ။ သားတွေကို ပညာတတ်ဖြစ်စေချင်တယ်။ လယ်သမားသားက လယ်သမားဖြစ်မှာပဲလို့ အဖေ အပြောမခံချင်ဘူး။ ငါ့သားတွေဟာ ပညာတတ်ဖြစ်ရမယ်။ ပညာနဲ့ပဲ အသက်မွေးရမယ်။ သားဟာ အိမ်ရဲ့ အကြီးဆုံး၊ ညီတွေရဲ့ စံပြဖြစ်နေရမယ်။ သား ညီတွေကို မချစ်ဘူးလား"

သန့်ဇင်သည် ဖခင်ဖြစ်သူ၏ အမေးကို ချက်ချင်းဖြေလိုက်၏။

"ချစ်တာပေါ့ ဖေဖေ"

"အေး ချစ်ရင် သားကြိုးစားရမယ်။ ရှေ့ဆောင်လမ်းပြဖြစ်ရမယ်။ ညီတွေကို ကောင်းတဲ့လမ်း လျှောက်နိုင်အောင် လမ်းပြပေးရမယ်။ ဒါဆို သား ဘာလုပ်ရမယ်ဆိုတာ သဘောပေါက်ပြီလား"

သန့်ဇင်သည် ခေါင်းကို ညိတ်ပြလိုက်သည်။

"ကဲ ရေမိုးချိုး မနက်ဖြန် ကျောင်းပြန်တက်ဖို့လုပ်တော့"

(၃)

" လှိုင်မင်း လာစမ်း။ မင်း ဘယ်ကပြန်လာတာလဲ။ မှန်မှန်ဖြေနော်"

"ဟို ဟို ရွာထဲက အရက်ဆိုင်က အဖေ"

ဦးအုန်းလှိုင်သည် အနားတွင်ရှိသော ဝါးခြမ်းပြားကို ကောက်ကိုင်လိုက်သည်။

"အေး မင်း ဘာလို့ အရက်ဆိုင် သွားတာလဲ။ မင်းသောက်မလို့လား။ မင်း အဖေ ငါ သောက်ဖို့လား"

ဦးအုန်းလှိုင်၏ ဒေါသသည် ပို၍ကြီးမားလာ၏။ အသားများပင် တုန်လာသည်။

"ဖြေ မင်း ဖြေစမ်း"

"ရွာထဲက နွေဦး အရက်ဝယ်သွားတာနဲ့ လိုက်သွားတာ"

"အေး လိုက်သွားအုံးကွာ လိုက်သွားအုံး"

ဦးအုန်းလှိုင်၏ ဒေါသသည် လှိုင်မင်း၏ တင်ပါးပေါ်သို့ ရောက်သွား၏။ လှိုင်မင်း၏ ငိုသံသည် ပတ်ဝန်းကျင်အပေါ် လွှမ်းခြုံသွား၏။ လှိုင်မင်း၏ ငိုသံကို ကြားသောအခါ ဒေါ်ခင်ဌေး ရောက်လာသည်။

"အစ်ကိုကလဲ တစ်ခါတလေ လိုက်သွားတာပဲ။ အဲလောက် မရိုက်သင့်ဘူး။ ကိုယ့်သားသမီးကို အဲလောက် ရိုက်စရာလား"

"ငါ့သားသမီးမို့ ရိုက်တာပေါ့။ ငါ့သားသမီးမဟုတ်ရင် ကျိုးတိုးထိုး ခွေးစားစား ပစ်ထားလိုက်မှာ။ အစရှိ အနှောင်နှောင်။ အခုအချိန်က လွှတ်ထားရင် အရက်သမားဖြစ်သွားမဲ့ကောင်"

"စိတ်လျှော့ပါ အစ်ကိုရယ်။ စိတ်လျှော့ပါ"

ဖခင်၏ အခြေအနေ အရိပ်အကဲကို မသိသော လှိုင်မင်း၏ ရှုတ်တရက်ပြောလိုက်သောစကားကြောင့် ဦးအုန်းလှိုင်၏ ဒေါသသည် မီးလောင်ရာ လေပင့်သလိုဖြစ်သွား၏။

"အဖေ သား ကျောင်းထွက်ချင်တယ်။ လွတ်လွတ်လပ်လပ်ပဲ နေချင်တယ်။ အချိန်တိုင်း စာ စာပဲ လုပ်မနေချင်ဘူး။ သူများတွေလို ကျောင်းထွက် လယ်ထဲပဲ ဆင်းချင်တယ်။ စာကျက်ရတာ ပင်ပန်းတယ်။ သား မခံနိုင်ဘူး"

"တော်တော့ လှိုင်မင်း။ မင်း ဆက်မပြောနဲ့တော့။ အေး မင်း ကျောင်းမတက်ချင်ဘူးမို့လား။ ညကျ လယ်ထဲရေသွင်းဖို့ ငါနဲ့ လိုက်ခဲ့"

(၄)

နေမင်းကြီးသည် မိမိ၏ တာဝန်ပြီးဆုံးပြီမို့ အနောက်ဘက် တောင်တန်းသို့ ဝင်သွားတော့သည်။ အမှောင်ရိပ်သန်းလာသည်နှင့် ဇီးကွက်ကလေးများ၏ အော်သံများကို တစ်စတစ်စ ကြားရသည်။

"အစ်ကိုရေ သေချာဂရုစိုက်သွားအုံးနော်။ သားကို ထားခဲ့ပါလား အစ်ကိုရယ်"

"ထားခဲ့လို့ဖြစ်မလား။ ကျောင်းမနေချင်တဲ့ အကောင်။ လယ်လုပ်ငန်းကို လုပ်ချင်တဲ့ အကောင်။ မထားခဲ့ဘူး"

"လှိုင်မင်း"

"ဗျာ"

"ကိုင်းခုတ်ဓားနဲ့ စောင်ထုပ် ထမ်းလာခဲ့"

သားအဖနှစ်ယောက်ကို ငေးမောကြည့်ရင်း ဒေါ်ခင်ဌေး သက်ပြင်းတစ်ချက်ချလိုက်၏။

"အင်း လှိုင်မင်းတစ်ယောက်နဲ့တော့ ဒုက္ခပါပဲ။ သူ့အဖေအကြောင်း သိသားနဲ့"

နန်းကသူဆည်မှ ကျလာသော ရေများကို ရေမြောင်းမှတစ်ဆင့် ရေပိုက်ဖြင့် စုပ်ယူရန် ဦးအုန်းလှိုင် မြောင်းထဲဆင်းလိုက်၏။

"အုန်းလှိုင်ရေ ရေမြောင်းအပေါ်ဘက်က ရေခိုးယူလို့တဲ့ လယ်သမားအချင်းချင်း စကားများနေကြတယ်။ သွားကြရအောင်ကွာ။ သူတို့ ရန်ဖြစ်တာ အရေးမကြီးဘူး။ ငါတို့ အခုည ရေမရရင်ဒုက္ခ"

ဦးအုန်းလှိုင်သည် မြောင်းအပေါ်သို့ ချက်ချင်းတက်လိုက်၏။

"သား လှိုင်မင်း ဒီမှာ ခဏနေခဲ့။ ဘယ်မှမသွားနဲ့"

လာခေါ်သော လယ်သမားတစ်ဦးနှင့် ဦးအုန်းလှိုင်သည် မြောင်းအထက်သို့ သွားခဲ့သည်။ တစ်နာရီခန့် ကြာသော်လည်း သားလှိုင်မင်းဆီသို့ ဦးအုန်းလှိုင် ပြန်မရောက်သေးပေ။

"တောက် ကိုက်လိုက်တဲ့ခြင်တွေ"

"ဖြန်း သေဟဲ့ သေဟဲ့။ အဖေကလဲ အခုထိ ပြန်မလာသေးဘူး"

လှိုင်မင်းသည် ခြင်များကို ရိုက်လိုက် ဖခင်ကို မျှော်လိုက် လည်တမော့မော့ ဖြစ်နေသည်။စပါးပင်များကို ဖြတ်၍ တိုက်ခတ်လာသော လေများမှ တစ်ချက်တစ်ချက် ကျောထဲသို့ စိမ့်ဝင်လျက်ရှိ၏။ အဝေးမှ ဦးအုန်းလှိုင်၏ အသံကိုကြားရတော့မှ လှိုင်မင်း သက်ပြင်းချလိုက်နိုင်၏။

"အဖေကလဲ ကြာလိုက်တာ။ သားစောင့်နေရတာ။ ခြင်တွေကလဲ ကိုက်လိုက်တာ အဖေရာ"

"လယ်သမားပဲ ခြင်ကိုက်တော့ ခံရမှာပေါ့ကွာ။ ရေကို အောက်ဘက်လွှတ်ဖို့ မနည်းပြောနေရလို့ကွ။ သား အိပ်ချင်အိပ်တော့။ အဖေ လယ်ဘက်ကို ရေလွှဲဖို့ လုပ်လိုက်အုံးမယ်။ သား မနက်ကျရင် လယ်ထဲ ပျိုးချရမယ်နော်"

"ဟုတ်ကဲ့ပါ အဖေ"

(၅)

"အစ်ကိုရယ် သားလေးသနားပါတယ်။ အရွယ်နဲ့ မလိုက်ပျိုးထမ်းနေရတာ။ ညကလဲကောင်းကောင်း မအိပ်ရဘူးတဲ့။ တော်ကြာ အစ်ကို့ကို မုန်းသွားအုံးမယ်"

ဒေါ်ခင်ဌေးသည် သရေစာတောင်းကို ချရင်း ဦးအုန်းလှိုင်ကို ပြောလိုက်ခြင်းဖြစ်၏။

"ဟ ငါ့ကို မုန်းချင် မုန်းစမ်းပါစေကွာ။ မုန်းစမ်း ကြိုက်သလောက်မုန်း။ ငါက ငါ့သားတွေကို ချစ်လို့

စာမျက်နှာ ၂၅ သို့ ➤

# ကျိုက်လတ်မြို့နယ်တွင် ဒေသထွက်ခရမ်းသီးများဝယ်လိုအားကောင်းပြီး အရောင်းသွက်နေ



**ကျိုက်လတ် မေ ၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ဒေသထွက်ခရမ်းသီးများ ဝယ်လိုအားကောင်းပြီး အရောင်းသွက်နေကြောင်း ကျိုက်လတ်မြို့နယ်မှ ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းဌေးက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်၌ မေလတွင် ခရမ်းသီးများထွက်ရှိပြီး လက်ရှိ မေလပထမပတ်မှစတင်ပြီး ယနေ့ထိ ခရမ်းသီးများဝယ်လိုအားကောင်းပြီး အရောင်းသွက်နေကြောင်း၊ အဆိုပါဒေသတွင် ထွက်ရှိသည့် ခရမ်းသီးများ တစ်ရက်လျှင် ခရမ်းသီးအလုံးရေ ၅၀၀ ပါသည့် ခြင်း ၁၀ ခြင်းထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ကနေ ထွက်ရှိတဲ့ ခရမ်းသီးတွေ အဝယ်လိုက်နေပါတယ်။ အခြားဒေသကုန်စိမ်းဈေးကွက်က ဝယ်လက်တွေက အဝယ်များနေတယ်။ အခြားဒေသတွေကို အလုံးရေ ၅၀၀ ထိပါတဲ့ ခြင်းတွေနဲ့ ထည့်သွင်းတင်ပို့ရောင်းချနေတာပါ။ ဒေသထွက် ခရမ်းသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်တာ တွေ့ရပါတယ်။ အခုနှစ် ခရမ်းသီးတွေက အရည်အသွေး ကောင်းသလို အထွက်နှုန်းလဲ ကောင်းနေတယ်လို့ သိရတယ်။ ဒီနှစ် ခရမ်းအဝိုင်းသီးကော၊ အရှည်သီးကော ဈေးကလဲ တောင်သူတွေရသင့်ရထိုက်တဲ့ ဈေးပေါက်နေပါတယ်"ဟု ကျိုက်လတ်မြို့နယ်မှ ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းဌေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် ခရမ်းသီးအလုံးရေ ၅၀၀ ပါ တစ်ခြင်းလျှင် ငွေကျပ် ၁၂၀၀၀ ဈေးပေါက်နေကြောင်း၊ အဆိုပါ ဒေသထွက် ခရမ်းသီးအပါအဝင် အခြားကုန်စိမ်းများကို ကျိုက်လတ်ဈေး၊ ဘိုကလေး၊ မအူပင် စသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ညောင်ရွှေမြို့နယ် ဝမ်းဘဲအင်းရွှေဒါးကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ရွှေ မေ ၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်းဘဲအင်းရွှေဒါးကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရွှေဦးစွာ ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများနှင့် Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်နှင့် Shwe Bank မှ တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၉ ဒသမ ၅ သန်းကို Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ဝမ်းဘဲအင်းရွှေဒါးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၅၀၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၉ ဦးကို Mobile Financial Payment စနစ်ဖြင့် ရန်ပုံငွေကျပ် ၅၉ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်ခိုး(မလှိုင်)**



## စာဖတ်ကြမယ် တို့လူငယ်

\- စာပေကို နေ့စဉ်ဖတ်လို့
တွေ့မြင်မှတ် တို့လူငယ်၊
စာပေသည် ရတနာမျိုး
ဖိုးထိုက်တန်တယ်၊
စာဖတ်မှ သုတကြွယ်
လူ့ဘဝဝယ် ဂုဏ်ရှိန်တိုး၊
မောင်မယ်တွေ အနာဂတ်
ကောင်းမြတ်တန့်ဖိုး။

\- စာပေဂုဏ် အသိဖြိုးမှ
ကဝိမျိုး ပမာအသွင်၊
လူပုံအလယ် ရဲရင့်လို့
ပွဲတင့်မည်ပင်၊
စာဖတ်ခြင်းဖြင့် အလှဆင်
လူ့ဘဝတွင် နေထိုင်သွား၊
လောကဓံ အကောင်းအဆိုး
ကြောင်းကျိုးသိပြား။

\- စာပေကို တန်ဖိုးထား
လေးစားကြ မင်းသူငါ၊
ဘုရားတစ်ဆူ စာတစ်လုံး
ဆိုထုံးရှိတာ၊
လူ့ဘဝရဲ့ လမ်းပြဆရာ
ဆန်းလပမာ ထိန်ထိန်လင်း၊
စိတ်သန္တာန်မှာ တန်ခိုးထွားလို့
တိုးပွားစေမင်း။ ။

**ရဲသွေးနီ(တက်ဝန်)**

# မိုးကုတ်မြို့နယ် သစ်ဆိမ့်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**မိုးကုတ် မေ ၉**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် မိုးကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သစ်ဆိမ့်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သပိတ်ကျင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်စိုး၊ မိုးကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြမြဝင်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မိုးကုတ်မြို့နယ် သစ်ဆိမ့်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရောင်းဝယ်ရေး၊ အခြားလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားမှု၊ စာရင်းဇယားများ မှန်ကန်စွာ ရေးသွင်းထားမှုနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ထားမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

မိုးကုတ်မြို့နယ် သစ်ဆိမ့်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရောင်းဝယ်ရေးနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၂ ဒသမ ၇ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အေးသူ**

➤ စာမျက်နှာ ၂၄ မှအဆက်

အခုလိုခိုင်းတာ။ ငါ လျှော့ပေးရင် ငါ့သားတွေ နေချင်သလိုနေတော့မှာပေါ့။ မိဘဆိုတာ သားသမီးကို လမ်းကောင်းပေါ် တင်ပေးရမဲ့ တာဝန်အပြည့်ရှိတယ်။ အိုးကောင်းကောင်းရဖို့ အိုးလုပ်တဲ့သူဟာ သူလုပ်တဲ့အိုးကို နာနာရိုက်ပေးရတယ်။ အခု လှိုင်မင်းကို ငါလျှော့ပေးရင် ဘာဖြစ်သွားမယ်ထင်လဲ။ အေး ငါ့လို လယ်သမားပဲ ဖြစ်မှာကွ"

"အင်းပါ အစ်ကိုရယ်။ ညီမက သားတွေ အစ်ကို့ကို မုန်းသွားမှာ စိုးရိမ်လို့ပါ"

ဦးအုန်းလှိုင်နှင့် ဒေါ်ခင်ဌေးတို့သည် ပြောလက်စ စကားကို ရပ်လိုက်၏။ လှိုင်မင်းကို သရေစာ စားရန် ဦးအုန်းလှိုင် လှမ်းခေါ်လိုက်သည်။

"သား ဘယ်လိုလဲ လယ်လုပ်ရတာ သက်သာလား"

လှိုင်မင်းသည် ဦးအုန်းလှိုင်၏ မျက်နှာကို မကြည့်ဘဲ ခေါင်းကိုငုံ့နေလိုက်၏။ ထို့နောက် လေသံပျော့ပျော့ဖြင့်-

"အဖေရာ ပင်ပန်းတာပေါ့။ သား မနက်ဖြန် ကျောင်းပဲတက်တော့မယ်။ အဖေ့ လယ်လုပ်ငန်း မလုပ်နိုင်ဘူး။ အခုတောင် ပခုံးတွေ ပူနေပြီ"

ဦးအုန်းလှိုင်သည် မိမိလိုချင်သော အဖြေကိုရရှိပြီဖြစ်၍ သား၏ပခုံးကို ပုတ်လိုက်ပြီးလျှင်-

"ကဲ သရေစာစားပြီးရင် သား အမေနဲ့ အိမ်ပြန်လိုက်သွားတော့။ ကျန်တဲ့ပျိုးတွေ အဖေပဲချလိုက်တော့မယ်"

ဦးအုန်းလှိုင်သည် နံနက်ခင်း၏လေကို တဝရှူလိုက်ပြီးလျှင် လယ်ထဲဆင်းလိုက်လေတော့သည်။

(၆)

"အစ်ကို ဘာတွေကြည့်ပြီး ပြုံးနေတာလဲ။ သားတွေကို သတိရလို့လား"

သားသုံးယောက်၏ ဘွဲ့ဓာတ်ပုံကို မျက်တောင်မခတ် ကြည့်နေသော ဦးအုန်းလှိုင်ကို ဒေါ်ခင်ဌေး မေးလိုက်ခြင်းဖြစ်သည်။

"ဒါပေါ့ ညီမရာ ကိုယ်စိုက်ပျိုးတဲ့ မျိုးစေ့တွေ အညွန့်တလူလူနဲ့ ရှင်သန်နေတာ မြင်ရတော့ ရင်ထဲမှာတွေးပြီး ပျော်နေလို့ပါ။ တစ်ခါတလေတော့လဲ သားတွေကို သတိရသား။ သားတွေက နိုင်ငံ့ဝန်ထမ်းဆိုတော့လဲ အစ်ကိုတို့အနား ဘယ်နေနိုင်ပါ့မလဲလေ။ ညီမရေ အစ်ကိုကတော့ ကောင်းကင်ကြီးထဲမှာ ကြယ်ကလေးတွေ လွတ်လွတ်လပ်လပ်တောက်ပနေတာ မြင်ချင်သေးတယ်။

# ဉာဏ်ရည်တုအထောက်အကူပြုစစ်ဆင်ရေးကို အလေးထားဖော်ဆောင်လာသော PLA

တရုတ်နိုင်ငံသည် တာဝန်ယူမှုနှင့် စွမ်းဆောင်ရည်အသစ်များ ထင်ဟပ်ပေါ်လွင်လာစေရန်နှင့် စစ်ဘက်၏ နည်းပညာအထောက်အကူပြု ပေါင်းစပ်တိုက်ခိုက်ရေးသဘောတရားကို လမ်းပြနိုင်စေရန် ယခင်ဖွဲ့စည်းထားသည့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA)၊ မဟာဗျူဟာမြောက်အထောက်အကူပြုတပ်ဖွဲ့(PLA-SSF)ကို PLA သတင်းအချက်အလက်အထောက်အကူပြုတပ်ဖွဲ့(PLA-ISF)အဖြစ် အမည်ပြောင်းလဲဖွဲ့စည်းခဲ့ကြောင်း တရုတ်နိုင်ငံပိုင် သတင်းမီဒီယာ၌ ဖော်ပြခဲ့သည်။

အာကာသတပ်ဖွဲ့၊ ဆိုက်ဘာနယ်ပယ်တပ်ဖွဲ့၊ PLA ၏ ပူးတွဲအုပ်ချုပ်ထောက်ပံ့မှု မဟာဗျူဟာမြောက်တပ်ဖွဲ့များသည် ကြည်းတပ်၊ ရေတပ်၊ လေတပ်၊ ဒုံးပျံတပ်ဖွဲ့ကဲ့သို့သော သမားရိုးကျ PLA တပ်ဖွဲ့များနှင့်မတူညီသည့်အချက်မှာ ခေတ်သစ်စစ်ပွဲအတွက်အရေးပါသည့် သီးသန့်နယ်ပယ်များကိုသာ ပိုမိုအလေးထားကာ တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၂၀၁၅ ခုနှစ်တွင် စတင်ထူထောင်ခဲ့သော PLA-SSF သည် PLA ၏ အာကာသအခြေပြုစွမ်းဆောင်ရည်များနှင့် အာကာသစစ်ဆင်ရေးများ တုံ့ပြန်နိုင်ရေးအတွက် သုတေသနပြုလုပ်အကောင်အထည်ဖော်နိုင်ရန် ဦးစွာတာဝန်ထမ်းဆောင်ခဲ့သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်က ခေတ်သစ်စစ်ပွဲတွင် PLA ၏ ခေတ်မီအဆင့်မြှင့်တင်မှုနှင့် ထိရောက်မှုတို့ကိုအဆင့်မြှင့်တင်ရာ၌ PLA သတင်းအချက်အလက်အထောက်အကူပြုတပ်ဖွဲ့(PLA-ISF)သည် အရေးပါလိမ့်မည်ဖြစ်ကြောင်း PLA-ISF ၏ ပိုမိုကျယ်ပြန့်သောတာဝန်များကို အလေးထားပြောဆိုသွားသည်။ ထို့ပြင် PLA-ISF သည် PLA ၏ ပူးတွဲစစ်ဆင်ရေးစနစ်သို့ ပေါင်းစပ်သွားလိမ့်မည်ဖြစ်ကြောင်း၊ တရုတ်တို့၏ ထူးခြားသော ဝိသေသလက္ခဏာများပါဝင်မည်ဖြစ်ကြောင်းနှင့် ပေါင်းစပ်စစ်ဆင်ရေးစွမ်းဆောင်ရည်များကို ပိုမိုထိရောက်စွာ အရှိန်မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်းကိုလည်း သမ္မတရှီကျင့်ဖျင်က ထပ်လောင်းပြောကြားသွားခဲ့သည်။

တရုတ်နိုင်ငံသည် ပြောင်းလဲလာသောမဟာဗျူဟာမြောက်အတွေးအခေါ်နှင့် ပြောင်းလဲဖြစ်ပေါ်နေသောစစ်ဆင်ရေးဆိုင်ရာ မဟာဗျူဟာတို့နှင့်အညီ PLA-SAF ကို PLA-ISF အဖြစ် နာမည်ပြန်လည်ပြောင်းခဲ့ခြင်းဖြစ်သည်။ PLA ၏ သတင်းအချက်အလက်အထောက်အကူပြုတပ်ဖွဲ့များကို ဗဟိုမှထိန်းချုပ်နိုင်ရေး PLA-SSF ကို ဖန်တီးခဲ့ခြင်းဖြစ်သည်။ PLA-SSF မဖွဲ့စည်းမီက PLA တပ်ဖွဲ့အသီးသီးတွင် ကိုယ်ပိုင်သတင်းအချက်အလက်အထောက်အကူပြုတပ်ဖွဲ့များရှိနေသောကြောင့် သတင်းအချက်အလက်များကို တကွဲတပြားစီပံ့ပိုးခဲ့သဖြင့် စစ်ဆင်ရေးတာဝန်များကို အကူအညီပေးခြင်းထက် နှောင့်ယှက်ဟန့်တားမှုပင်ဖြစ်ခဲ့သည်။

၂၀၁၅ ခုနှစ်တွင် PLA-SSF ပြုပြင်ပြောင်းလဲထူထောင်မှုတစ်စိတ်တစ်ဒေသအနေဖြင့် တရုတ်ဗဟိုစစ်ကော်မရှင်(CMC) သည် PLA စစ်ဦးစီးဌာနနှင့် နိုင်ငံရေးဌာနများ၏ အခန်းကဏ္ဍကို ယူခဲ့ရပြီး အဆိုပါဌာနများ၏ ဆိုက်ဘာစစ်ဆင်ရေး၊ အာကာသ၊ အီလက်ထရွန်နစ်စစ်ဆင်ရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးတာဝန်များကို PLA-SSF သို့ လွှဲပြောင်းပေးခဲ့သည်။

PLA-SSF ကို PLA-ISF အဖြစ် အမည်မပြောင်းလဲသေးမီကာလက အဓိကဌာနကြီးနှစ်ခုရှိပြီး အာကာသစနစ်များဌာနသည် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဂြိုဟ်တုများကို စီမံခန့်ခွဲသည်။ ကွန်ရက်စနစ်များဌာနသည် ဆိုက်ဘာစစ်ဆင်ရေး၊ အီလက်ထရွန်နစ်စစ်ဆင်ရေးနှင့် ဆက်သွယ်ရေးသတင်းအချက်အလက် (SIGINT) တာဝန်များ ထမ်းဆောင်သည်။

ပြန်လည်အမည်ပြောင်းထားသော PLA-ISF သည် တရုတ်တို့၏ မဟာဗျူဟာမြောက်တွေးခေါ်မှုကို သတင်းအချက်အလက်စစ်ဆင်ရေးများအောင်မြင်ခြင်းမှသည် ဉာဏ်ရည်တုအထောက်အကူပြုစစ်ပွဲအောင်မြင်ရေးဆီသို့ ပြုပြင်ပြောင်းလဲလာမှုကိုထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ ထို့ကြောင့် PLA-SSF ကို အမည်ပြောင်းလဲခြင်းမှသည် စွမ်းဆောင်ရည်များတိုးမြှင့်ရန်လိုအပ်ကြောင်းကို ပိုမိုကျယ်ပြန့်သောမစ်ရှစ်များက ညွှန်ပြလျက်ရှိသည်။



PLA-ISF အဖွဲ့၏ AI နည်းပညာများ လက်တွေ့လုပ်ဆောင်နေစဉ်။

သတင်းစစ်ဆင်ရေးများတွင် အောင်မြင်မှုအခြေခံအုတ်မြစ်သည် စစ်ဆင်ရေးအားလုံးတွင် သတင်းအချက်အလက်နည်းပညာ၏ရိုက်ခတ်မှုကို ဖော်ပြလျက်ရှိသည်။ စက်ဘက်ဆိုင်ရာကြိုးပမ်းအားထုတ်မှုအတွက် ကြိုတင်ပြင်ဆင်မှုများ(PMS)သည် ဒေသတွင်းသတင်းအချက်အလက်စစ်ပွဲများ အောင်မြင်မှု၏ ဆက်စပ်စဉ်းစားရမည့် အခြေအနေများဖြစ်သည့်အတွက် သတင်းအချက်အလက်သည် အနာဂတ်ပဋိပက္ခများ၌အောင်မြင်မှုရရှိရေးတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

ခေတ်သစ်ကာလဆိုင်ရာ ၂၀၁၉ ခုနှစ် တရုတ်အမျိုးသားကာကွယ်ရေးဌာန၏ စက္ကူဖြူစာတမ်း၌ AI၊ ကွမ်တမ်သတင်းအချက်အလက်၊ အရေးပါသောဒေတာအချက်အလက်၊ ကွန်ပျူတာနှင့် အင်တာနက်ချိတ်ဆက်မှုများ(IoT)သည် သတင်းအချက်အလက်မှ ဉာဏ်ရည်တုအထောက်အကူပြုစစ်ဆင်ရေးသို့ ပြုပြင်ပြောင်းလဲလာမှုပင်ဖြစ်သည်။

တရုတ်နိုင်ငံ၏ ဉာဏ်ရည်တုအထောက်အကူပြုစစ်ဆင်ရေးသဘောတရား၏ အဓိကစိတ်ကူးစိတ်သန်းသည် ထိပ်တန်းမူဝါဒချမှတ်သူများ၊ စစ်ခေါင်းဆောင်များနှင့် အရပ်သားများ၏စိတ်ဆန္ဒကို တိုက်ရိုက်လွှမ်းမိုးနိုင်ရေးAI ကို အသုံးပြုသွားရန်ပင်ဖြစ်သည်။ သတင်းအချက်အလက်လွှမ်းမိုးမှုသည် ဉာဏ်ရည်တုအထောက်အကူပြုစစ်ဆင်ရေးတွင် ကြိုးပမ်းရသောနယ်ပယ်သစ်တစ်ခုဖြစ်လာသောကြောင့် စစ်ဘက်ဆိုင်ရာရည်မှန်းချက်များအတွက် တရုတ်နိုင်ငံ၏ AI အသုံးပြုမှုမျှော်မှန်းချက်သည် အမေရိကန်နှင့် ၎င်း၏မဟာမိတ်များ၏ မျှော်မှန်းချက်ထက် မတူကွဲပြားဘဲ ပိုမိုလေးနက်သည့်သဘောဆောင်လျက်ရှိသည်။

ဆိုရလျှင် တရုတ်နိုင်ငံသည် နိုင်ငံရေးနှင့် စစ်ရေးဆိုင်ရာရှုထောင့်များအရ PLA-SSA မှ PLA-ISF သို့ မဖြစ်မနေပြောင်းလဲခဲ့ရခြင်းသည် နိုင်ငံရေးရှုထောင့်အရ ရှီကျင့်ဖျင်အစိုးရအဖွဲ့၏ ဉာဏ်ရည်တုနည်းပညာအသုံးပြုသော စစ်ဆင်ရေးထူထောင်မှုသည် PLA အတွင်း ဗဟိုကချုပ်ကိုင်သော ဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ်ဆီသို့ ဦးတည်သည့်သဘောဆောင်လျက်ရှိသည်။ အဆိုပါလုပ်ငန်းစဉ်သည် PLA အပေါ် ကွန်မြူနစ်ပါတီ၏ထိန်းချုပ်မှု ဆက်လက်ထိန်းသိမ်းထားရန်အပြင် ပါတီ၏ရည်မှန်းချက်များ၊ အတွေးအခေါ်များနှင့် တစ်သားတည်းဖြစ်နေရန် ရည်မှန်းထားရှိသည်။

ဗဟိုချုပ်ကိုင်မှုအတွက် လိုအပ်ချက်ကို စစ်ဘက်-အရပ်ဘက်ပေါင်းစပ်ခြင်း(MCF)ကဲ့သို့သော ပိုမိုကျယ်ပြန့်သည့်မူဝါဒများဖြင့် စစ်ရေးဆိုင်ရာပြုပြင်ပြောင်းလဲမှု၊ ပေါင်းစပ်ဆောင်ရွက်မှုများလုပ်ဆောင်ကာ အလေးထားဆောင်ရွက်လျက်ရှိသည်။ စစ်ဆင်ရေးနယ်ပယ်တွင် နည်းပညာပိုင်းဆိုင်ရာ ပိုမိုအဆင့်မြင့်လာသောကြောင့် နိုင်ငံရေးပညာပေးအရာရှိများမှတစ်ဆင့် PLA ၏ နိုင်ငံရေးဆိုင်ရာပညာပေးမှုနှင့် ထိန်းချုပ်မှုတို့သည် ပိုမိုအရေးပါလာလျက်ရှိသည်။

စစ်ရေးရှုထောင့်အရ ဉာဏ်ရည်တုအထောက်အကူပြုစစ်ဆင်ရေးကိုချိတက်ရန်အတွက် PLA သည် မြေပြင်၊ ဝေဟင်၊ ပင်လယ်၊ အာကာသ၊ ဆိုက်ဘာနှင့် အီလက်ထရွန်နစ်နယ်ပယ်များအပါအဝင် ခေတ်သစ်စစ်ပွဲ၏ မတူညီသောရှုထောင့်များကို ထိရောက်စွာ စီမံခန့်ခွဲနိုင်သည့် ပေါင်းစပ်သတင်းအချက်အလက်စနစ်များကို ထူထောင်သွားရမည်ဖြစ်သည်။ AI ကို ထိရောက်စွာအသုံးပြုနိုင်ခြင်းနှင့် ပကတိအခြေအနေတွင် ဒေတာစုဆောင်းနိုင်မှုသည် အနာဂတ်စစ်ဆင်ရေးအတွက် များစွာအရေးပါလျက်ရှိသည်။ အကြောင်းမှုကား အမျိုးမျိုးသောပလက်ဖောင်းများနှင့် စစ်ဘက်တပ်ဖွဲ့များကြား ဒေတာအချက်အလက်စီးဆင်းမှုနှင့် မှုဘောင်ခွဲခြမ်းစိတ်ဖြာခြင်းတို့ လိုအပ်လျက်ရှိသောကြောင့်ပင်ဖြစ်သည်။

ဗဟိုအဆင့်စစ်ဘက်ဆိုင်ရာခေါင်းဆောင်မှုတွင် လိုက်လျောညီထွေတုံ့ပြန်နိုင်ရေးအတွက် အရပ်ဘက်နှင့် စစ်ဘက်အရင်းအမြစ်များမှ အရေးပါသောပေါင်းစပ်မဟာဗျူဟာများ ပေါ်ထွက်လာလေ့ရှိသည်။ တရုတ်နိုင်ငံ၏ PLA-SSF ကို PLA-ISF အဖြစ် ပြန်လည်အမည်ပြောင်းခြင်းသည် သတင်းအချက်အလက်စစ်ဆင်ရေးနှင့် ပေါ်ထွက်လာသောနည်းပညာများနှင့် စွမ်းဆောင်ရည်များကို နယ်ပယ်စုံပါဝင်သောစစ်ဆင်ရေးသဘောတရားသို့ ပေါင်းစည်းဆောင်ရွက်သွားရန်လိုအပ်ချက်ကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။

ထို့ပြင် AI နှင့် ကျယ်ပြန့်သောဒေတာအချက်အလက်များကိုအသုံးပြုထားသည့် တရုတ်နိုင်ငံ၏ နယ်ပယ်ပေါင်းစုံပါဝင်သော တိကျသည့်စစ်ဆင်ရေး (MDPW)သဘောတရားသည် အမေရိကန်နိုင်ငံ၏ လုပ်ငန်းလည်ပတ်မှုစနစ်တွင် အားနည်းချက်များကို ခွဲခြားဖော်ထုတ်ရန်နှင့် တိကျစွာတိုက်ခိုက်သွားရန် အဆင့်မြှင့်တင်ထားခြင်းဖြစ်သည်။ ၎င်းသဘောတရားသည် တရုတ်နိုင်ငံ၏ စစ်ဘက်အခြေခံသဘောတရားနှင့်အညီ AI အထောက်အကူပြုစွမ်းဆောင်ရည်များကိုစမ်းသပ်ပြီး တိုးတက်အောင်လည်း လုပ်ဆောင်လျက်ရှိသည်။

တရုတ်နိုင်ငံ၏ သတင်းအချက်အလက်အထောက်အကူပြုမဟာဗျူဟာသည် လူသားနှင့် စက်ယန္တရားကွပ်ကဲမှုနှင့် ထိန်းချုပ်မှုစနစ်များပေါင်းစပ်မှုတို့ပါဝင်ရန်မျှော်မှန်းထားရှိသည်။ လူသားတို့သည် အလိုအလျောက်ပစ်ခတ်နိုင်သော လက်နက်များအပေါ် အကန့်အသတ်ဖြင့်သာ ထိန်းချုပ်ကိုင်တွယ်သွားလိမ့်မည်ဖြစ်ပြီး လူသားတို့တာဝန်ထမ်းဆောင်ရန်အခက်အခဲရှိသောနေရာများတွင် MDPW စစ်ဆင်ရေးဆင်နွှဲသွားမည်ဖြစ်သည်။

MDPW သည် အမေရိကန်၏ နယ်ပယ်အားလုံးပူးပေါင်းကွပ်ကဲမှုနှင့် ထိန်းချုပ်မှု(CJADC2)စနစ်ကို တုံ့ပြန်သွားမည့်အဖြေတစ်ရပ် ဖြစ်လာဖွယ်ရာရှိသည်။ CJADC2 သည် မဟာမိတ်နှင့် မိတ်ဖက်နိုင်ငံများကြား စစ်ဘက်အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုနှင့် စစ်ဆင်ရေးနယ်ပယ်အားလုံးတွင် AI ပေါင်းစပ်ဆောင်ရွက်မှုမြှင့်တင်သွားမည့် နည်းပညာအထောက်အကူပြုစီမံကိန်းတစ်ခုဖြစ်သည်။

လက်တွေ့တွင်မူ MDPW သည် လေယာဉ်နှင့် ဂြိုဟ်တုများကိုတိုက်ခိုက်ခြင်း၊ သတင်းအချက်အလက်ကွန်ရက်များကို ပစ်မှတ်ထားနှောင့်ယှက်ခြင်း၊ အီလက်ထရွန်နစ်တိုက်ခိုက်မှုနှင့် ဆိုက်ဘာတိုက်ခိုက်မှုများလုပ်ဆောင်ခြင်းအားဖြင့် အရေးပါသောသတင်းအချက်အလက်ပေါင်းစည်းမှုများကို ပစ်မှတ်ထားလျက် CJADC2 ၏တိုက်ခိုက်မှုစနစ်များကို ဟန့်တားနှောင့်ယှက်သွားမည်ဖြစ်သည်။ ထို့ပြင် အမေရိကန်နှင့် ၎င်း၏မဟာမိတ်များကြား ဆုံးဖြတ်ချက်ချမှတ်မှုများကိုလည်း ဟန့်တားနှောင့်ယှက်နိုင်ရေးကြိုးပမ်းသွားမည်ဖြစ်သည်။ MDPW သည် မတူညီသောတပ်ဖွဲ့များကြား သတင်းအချက်အလက်မျှဝေမှု အားနည်းနေသည့် အမေရိကန်၏တိုက်ခိုက်မှုစနစ်ကို ဗဟိုထိန်းချုပ်မှုဖြင့် ချဉ်းကပ်သွားမည်ဖြစ်သည့်အတွက် အင်ဒို-ပစိဖိတ်ဒေသတွင် အမေရိကန်နှင့် ၎င်း၏မဟာမိတ်များကို ဟာကွက်ဖြစ်ပေါ်စေမည့်အပြင် အကြီးစားပဋိပက္ခများတွင် လိုက်လျောညီထွေတာဝန်ထမ်းဆောင်ရာ၌ အငြင်းပွားဖွယ်ရာဖြစ်လာစေမည်ဖြစ်သည်။

**ကိုးကား**

- **New PLA unit underscores intelligentized warfare shift by Asia Times.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝအဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလတွင် ငါးမြွေထိုးခြောက် ပိဿာချိန် ၇၉၀၀၀ တင်ပို့ရောင်းချခဲ့ရ



**မအူပင် မေ ၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလတွင် ငါးမြွေထိုးခြောက် ပိဿာချိန် ၇၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း မအူပင်မြို့နယ်ရှိ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိထွေးက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်တွင် ငါးခြောက်ရောင်းဝယ်ရေး လုပ်ငန်းရှင်များသည် ဒေသထွက်ငါးမြွေထိုးအစိမ်းများကိုဝယ်ယူပြီး စနစ်တကျအခြောက်လှန်းတင်ပို့ရောင်းချနေကြောင်း၊ ပြီးခဲ့သည့် မတ်လတွင် ငါးမြွေထိုးခြောက် ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ ငါးမြွေထိုးခြောက် ပိဿာချိန် ၇၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မအူပင်မြို့နယ်ကနေ ငါးမြွေထိုးခြောက်တွေကို လစဉ်ရန်ကုန်သို့ တင်ပို့ရောင်းချနေပါတယ်။ ဧပြီလ ပထမပတ်က ရန်ကုန်ဈေးကွက်ကို ငါးမြွေထိုးခြောက်တွေ တင်ပို့ရောင်းချအားကောင်းခဲ့ပါတယ်။ ဧပြီလအတွင်း ငါးမြွေထိုးခြောက် ပိဿာချိန် ၇၉၀၀၀ ထိတင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က ငါးမြွေထိုးခြောက်တွေ မှာယူမှုကောင်းနေပါတယ်။ ငါးမြွေထိုးခြောက်လုပ်ငန်းက ဒေသအတွက် အလုပ်အကိုင်ဖန်တီးပေးတဲ့လုပ်ငန်းပါ။ အခုလို ငါးခြောက်တွေအဝယ်လိုက်လာတာကြောင့် ငါးမြွေထိုးခြောက်လုပ်ငန်းနဲ့ ဆက်စပ်သူတွေအကုန်အဆင်ပြေလာပါတယ်" ဟု မအူပင်မြို့နယ်ရှိ ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိထွေးက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဒေသထွက် ငါးမြွေထိုးခြောက် ၁၀ ပိဿာလျှင် ငွေကျပ် ၁၉၅၀၀၀ ထိဈေးပေါက်နေကြောင်း၊ အဆိုပါဒေသမှငါးခြောက်များ တင်ပို့ရောင်းချနေရခြင်းကြောင့် ငါးခြောက်လုပ်ငန်းရှင်များ၊ ရေလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ညောင်လေးပင်မြို့နယ် ရဲနွယ်သမကျေးရွာ၌ ဂဝံမြေနီခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ညောင်လေးပင် မေ ၉**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်လေးပင်မြို့နယ် ရဲနွယ်သမကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်းလမ်း ဂဝံမြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီး၊ ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ရဲနွယ်သမကျေးရွာ၌ ကျေးရွာတွင်းလမ်း ဂဝံမြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ရဲနွယ်သမကျေးရွာတွင် အရှည်ပေ ၂၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ရှစ်လက်မရှိ ဂဝံမြေနီခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် ၂၅ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် မတ်လဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **နီလာ**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ရုက္ခဗေဒဥယျာဉ်များ အပိုင်း(၂)

ခိုင်ဇင်

သဘာဝပတ်ဝန်းကျင်မှာရှိတဲ့ သစ်ပင်ပန်းမန်အလှအပတွေကို လေ့လာခံစားနိုင်တဲ့ ရုက္ခဗေဒဥယျာဉ်တွေအကြောင်း အရင်က အပိုင်း (၁) မှာ ဖော်ပြပြီးဖြစ်ပါတယ်။ အခုအခါ ကျန်ရှိနေတဲ့ ရုက္ခဗေဒဥယျာဉ်တွေကို ထပ်မံဖော်ပြပေးသွားပါမယ်။

**Jardim Botânico ရုက္ခဗေဒဥယျာဉ်**



ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုမြို့ Corcovado တောင်ခြေရင်းမှာရှိတဲ့ ကြီးမားကျယ်ပြန့်တဲ့ ရုက္ခဗေဒဥယျာဉ်ဟာ UNESCO ရဲ့ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဥယျာဉ်တစ်ခုဖြစ်ပါတယ်။ Jardim Botânicoမှာ မျောက်တွေ၊ ထူးခြားဆန်းပြားတဲ့ငှက်မျိုးစိတ်ပေါင်း ၁၄၀ ကျော်အပြင် ဥရောပမှာ တွေ့ရခဲတဲ့ထန်းပင်တွေကိုပါ တွေ့နိုင်ပါတယ်။ ဥယျာဉ်ဟာ လာရောက်လေ့လာသူတွေကို မိုးသစ်တောရဲ့အရသာ၊ အတွေ့အကြုံကို အပြည့်အဝပေးစွမ်းနိုင်ပါတယ်။ ထိန်းသိမ်းရေးစခန်းတွေနဲ့ ပြုပြင်ထိန်းသိမ်းထားတဲ့ ဧရိယာတွေမှာသာ လူတွေစိုက်ပျိုးတဲ့အပင်တွေကို တွေ့ရပြီး ကျန်နေရာတွေမှာတော့ သစ်ပင်တွေ၊ သဘာဝအတိုင်းပေါက်နေတဲ့သစ်တောတွေ၊ အသားစားအပင်တွေနဲ့ ရှားပါးသစ်ခွတွေကို လေ့လာနိုင်ပါတယ်။

**Adelaide ရုက္ခဗေဒဥယျာဉ်**



ဩစတြေးလျနိုင်ငံ Adelaide မြို့ရဲ့အလယ်မှာရှိတဲ့ Adelaide Botanic ရုက္ခဗေဒဥယျာဉ်ဟာ မြို့ရဲ့အိုအေစစ်လို့တောင် မြို့ခံတွေခေါ်ကြတဲ့နေရာဖြစ်ပါတယ်။ အဲဒီရုက္ခဗေဒဥယျာဉ်ဟာ အကျယ်အဝန်းအားဖြင့် ၁၂၃ ဧကကျော် ကျယ်ဝန်းပြီး ပန်းပေါင်းစုံနဲ့လှပလွန်းတဲ့ ရှုခင်းတွေ ဝန်းရံထားပါတယ်။ အဲဒီဥယျာဉ်ကို ၁၈၇၅ ခုနှစ်မှာ ဂျာမနီနိုင်ငံ Bremen မြို့က တင်သွင်းလာခဲ့တဲ့ လက်ရာမြောက်ဖန်လုံအိမ်တွေနဲ့ တည်ဆောက်ထားတဲ့ ဖန်အိမ်ဥယျာဉ်ဖြစ်ပါတယ်။ အဲဒီဖန်အိမ်အတွင်းမှာ မျိုးသုဉ်းလုနီးပါးဖြစ်နေတဲ့ Madagascan အပင်အမြောက်အမြားကို သေချာစနစ်တကျစိုက်ပျိုးထားတာကို တွေ့ရမှာဖြစ်ပါတယ်။

**Kew ရုက္ခဗေဒဥယျာဉ်**



အင်္ဂလန်နိုင်ငံ လန်ဒန်မြို့မှာရှိတဲ့ Kew ရုက္ခဗေဒဥယျာဉ်ရဲ့ အဆောက်အအုံအရွယ်အစားဟာ ကမ္ဘာပေါ်မှာ အကြီးဆုံးဖြစ်ပြီး ပန်းမျိုးစုံတဲ့ဥယျာဉ်တွေထဲက တစ်ခုဖြစ်ပါတယ်။ Kew ရုက္ခဗေဒဥယျာဉ်ဟာ ၁၇၅၉ ခုနှစ်တုန်းက အင်္ဂလန်ဘုရင်မင်းမြတ်ရဲ့ ဥယျာဉ်ဖြစ်ခဲ့ဖူးပြီး အကျယ်အဝန်းအားဖြင့် ဟက်တာပေါင်း ၁၃၀ ကျယ်ဝန်းကာ သာယာလှပတဲ့ရှုခင်းတွေနဲ့ ဥယျာဉ်ကိုလှပအောင် ပံ့ပိုးပေးထားပါတယ်။ ဗြိတိန်တော်ဝင်နန်းတော်တွေထဲမှာ Kew ရုက္ခဗေဒဥယျာဉ်ဟာ အသေးငယ်ဆုံးဖြစ်ပေမဲ့ ဥယျာဉ်အတွင်းမှာရှိတဲ့ လျှောက်လမ်းတွေက အခြားသောဥယျာဉ်တွေထက် များစွာကျယ်ပြန့်တာကြောင့် လေ့လာသူတွေအတွက် အဆင်ပြေစေပါတယ်။

**ကန္တာရရုက္ခဗေဒဥယျာဉ်**



အရီဇိုးနားပြည်နယ် ဖီးနစ်မြို့မှာရှိတဲ့ ကန္တာရရုက္ခဗေဒဥယျာဉ်ဟာ ဧက ၁၄၀ ကျယ်ဝန်းပြီး သဲကန္တာရဆန်ဆန် ဥယျာဉ်ပုံစံမျိုးစိုက်ပျိုးပုံဖော်ထားတာကြောင့် လာရောက်လည်ပတ်သူတွေ လေ့လာသင့်တဲ့ ရုက္ခဗေဒဥယျာဉ်တစ်ခုဖြစ်ပါတယ်။

အဲဒီဥယျာဉ်မှာ အံ့မခန်းလှပတဲ့ ရှုခင်းတွေနဲ့ ကမ္ဘာ့အကြီးဆုံးကန္တာရအပင်တွေ စုစည်းစိုက်ပျိုးထားတာကြောင့် လည်ပတ်သူတွေကြားမှာ ထူးခြားနေတာဖြစ်ပါတယ်။ ဒါ့ပြင် သဲကန္တာရမှာ ကျက်စားတဲ့ တိရစ္ဆာန်တွေကိုလဲ လေ့လာနိုင်တဲ့အပြင် Cacti၊ Succulents နဲ့ တောရိုင်းပန်းတွေ စီတန်းစိုက်ပျိုးထားတဲ့ပန်းခင်းလမ်းက လည်ပတ်သူတွေ လေ့လာသင့်တဲ့ ဥယျာဉ်ထဲမှာပါပါတယ်။

**FoundationMonet ရုက္ခဗေဒဥယျာဉ်**



ပြင်သစ်နိုင်ငံ Giverny ကွန်မြူနတီမှာရှိတဲ့ FoundationMonet ရုက္ခဗေဒဥယျာဉ်ဟာ ၁၉ ရာစုရဲ့ ဒုတိယနှစ်ဝက်က ပြင်သစ်ပန်းချီကို ပြောင်းလဲခဲ့တဲ့ Impressionist လှုပ်ရှားမှုမှာ အဓိကကျတဲ့ပုဂ္ဂိုလ် Monetရဲ့ အထင်ကရ ရေးဆွဲခဲ့တဲ့ပန်း ပန်းချီကားတွေကို အသက်သွင်းပုံဖော်ထားတဲ့ သာယာလှပတဲ့ပန်းဥယျာဉ်ဖြစ်ပါတယ်။ ဒါကြောင့် လာရောက်ကြည့်ရှုသူတွေကို အလွန်မျက်စိပသာဒဖြစ်စေတာဖြစ်ပြီး အနုပညာဝါသနာပါသူတွေလာရောက်ကာ ပန်းချီဆွဲတာ၊ ဓာတ်ပုံရိုက်တာတွေလုပ်လေ့ရှိတဲ့ နေရာဖြစ်ပါတယ်။

ပန်းတွေနဲ့ခင်းထားတဲ့ ပန်းခင်းလမ်းကြောင့် လည်ပတ်သူတွေကို ဆွဲဆောင်နိုင်တာဖြစ်တဲ့အပြင် သာမန်အားဖြင့်တော့ Foundation Monet ရုက္ခဗေဒဥယျာဉ်ဟာ မြင်နေကျ ရုက္ခဗေဒဥယျာဉ်တွေလို မဟုတ်ဘဲ ရင်သပ်ရှုမောဖွယ်ကောင်းအောင် ပန်းတွေနဲ့ စနစ်တကျစိုက်ပျိုးပုံဖော်ထားပြီး အမြဲလှပအုံ့ဆိုင်းနေအောင် Wisteria ပန်းမျိုးတွေကို စိုက်ထားတဲ့ Monetရဲ့ နှစ်ထပ်အိမ်တစ်ဝိုက်ကို လေ့လာနိုင်မှာဖြစ်ပါတယ်။

**Joaquin Antonio Uribe ရုက္ခဗေဒဥယျာဉ်**



ကိုလံဘီယာနိုင်ငံ မက်ဒလင်းမြို့မှာရှိတဲ့ Joaquin Antonio Uribe ရုက္ခဗေဒဥယျာဉ်မှာ ပန်းမျိုးစိတ်ပေါင်း ၄၅၀၀ ကျော်စိုက်ပျိုးထားပြီး ငှက်မျိုးစိတ်ပေါင်း ၁၃၉ မျိုးမွေးမြူထားပါတယ်။ အဲဒီရုက္ခဗေဒဥယျာဉ်မှာ လည်ပတ်သူတွေလာပြီး အလေ့လာဆုံးနေရာကတော့ "The Orchideorama"ဖြစ်ပါတယ်။ Orchideorama ဆောက်လုပ်မှုဟာ ဗိသုကာပညာနဲ့ သက်ရှိအပင်တွေ၊ သဘာဝနဲ့ရုပ်ဝတ္ထုကြား နက်နက်ရှိုင်းရှိုင်း ဆက်နွှယ်မှုကို သရုပ်ဖော်ဆောက်လုပ်ထားတဲ့ ရောမပျားအုံနဲ့တူတဲ့ ဆဋ္ဌဂံပုံသဏ္ဌာန်အဆောက်အအုံဖြစ်ပါတယ်။ အဲဒီအဆောက်အအုံကို သစ်ခွဥယျာဉ်သဖွယ်ပုံဖော်ထားပြီး အဆောက်အအုံအောက်မှာဖွင့်ထားတဲ့ ချစ်စရာကောင်းတဲ့ကော်ဖီဆိုင်မှာ ကော်ဖီသောက်ရင်း သဘာဝအလှတွေကို ခံစားလေ့လာနိုင်မှာဖြစ်ပါတယ်။

**Higashiyama ရုက္ခဗေဒဥယျာဉ်**



ဂျပန်နိုင်ငံ နာဂိုရာမြို့ရှိ Higashiyama ရုက္ခဗေဒဥယျာဉ်ဟာ အကျော်ကြားဆုံးနေရာတစ်ခုဖြစ်ပြီး ဂျပန်နိုင်ငံမှာရှိတဲ့ ဥယျာဉ်တွေထဲက လာရောက်ကြည့်ရှုသူ ဒုတိယအများဆုံးနေရာလဲဖြစ်ပါတယ်။ အဲဒီဥယျာဉ်မှာ လူကြိုက်များတဲ့ ကိုအာလာ၊ ဆင်၊ မီဒါကာဂျပန် ငါးမျိုးစိတ်ပေါင်း ၃၀ လောက်၊ ခြင်္သေ့၊ သစ်ကုလားအုတ်၊ ပန်ဒါနီ၊ ရက်ကွန်းစတဲ့ တိရစ္ဆာန်မျိုးစိတ်ပေါင်း ၄၅၀ လောက်နဲ့ အပင်အမျိုးပေါင်း ၇၀၀၀ လောက်ရှိပါတယ်။ ဒါ့ပြင် ဥယျာဉ်အတွင်း တည်ဆောက်ထားတဲ့ Higashiyama ကောင်းကင်မျှော်စင်ဟာလဲ အနီးပတ်ဝန်းကျင်ရှိ ရှုခင်းတွေကို အပေါ်စီးက ကြည့်ရှုနိုင်တဲ့အတွက်ကြောင့် လည်ပတ်သူတွေနဲ့ စည်ကားနေတဲ့ ဥယျာဉ်တစ်ခုဖြစ်ပါတယ်။ အဲဒီဥယျာဉ်ဟာ အာရှတိုက်မှာ အကြီးဆုံးရုက္ခဗေဒဥယျာဉ်တွေထဲက တစ်ခုဖြစ်တဲ့အပြင် ချယ်ရီပွင့်ချိန်မှာ နာဂိုယာရဲ့အကောင်းဆုံး ချယ်ရီပန်းရှုခင်းကိုခံစားနိုင်တဲ့ နေရာတစ်ခုလဲဖြစ်ပါတယ်။

အချုပ်အားဖြင့်ဆိုရရင် ရုက္ခဗေဒဥယျာဉ်ဆိုတာ အဓိကအားဖြင့်တော့ သက်ရှိအပင်တွေစုစည်းထားတဲ့ သက်ရှိပြတိုက်ကြီးဖြစ်ပါတယ်။ လူသားတွေဟာ မိမိပတ်ဝန်းကျင်၊ အိမ်အနီးဝန်းကျင်မှာ အပင်တွေကို ဥယျာဉ်သဖွယ် အရိပ်ရအောင် စိမ်းစိုလန်းဆန်းအောင် စိုက်တတ်ကြသလို ရုက္ခဗေဒဥယျာဉ်တွေဟာ နိုင်ငံတစ်ခုရဲ့ ဥယျာဉ်တွေပဲဖြစ်ပါတယ်။ အဲဒီဥယျာဉ်တွေမှာ လူသားတွေအတွက် ပညာပေးတာ၊ ဖြန့်ဝေတာနဲ့ သုတေသနလုပ်ငန်းတွေကို လုပ်ဆောင်နိုင်တာကြောင့် အဲဒီရုက္ခဗေဒဥယျာဉ်တွေဟာ နိုင်ငံတော်အဆင့်ထိန်းသိမ်းစောင့်ရှောက်သင့်တဲ့နေရာတွေဖြစ်ကြောင်း ရေးသားဖော်ပြအပ်ပါတယ်။

**ကိုးကား**

- The best botanical gardens in the world
- About Botinical Gardens

# ဘရာဇီးနိုင်ငံတွင် ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၉၅ ဦးထိ မြင့်တက်လာ



**ဘရာဇီးလီးယား မေ ၉**

ဘရာဇီးနိုင်ငံ ရီယိုဂရန်ဒီဆူလ် ပြည်နယ်တွင် ဧပြီ ၂၇ ရက်မှစတင်၍ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး မေ ၈ ရက်ထိ သေဆုံးသူ ၉၅ ဦးထိ မြင့်တက်လာခဲ့ကာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သည့် ပြည်သူဦးရေ ၁၅၀၀၀၀ ထက်မနည်းရှိခဲ့ကြောင်း ဘရာဇီးအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရေကြီးရေလျှံမှုအပြင် မြေပြိုမှုများပါ ဖြစ်ပေါ်ခဲ့သည့်အတွက်ကြောင့် ပျက်စီးဆုံးရှုံးမှုနှုန်း မြင့်မားခဲ့ပြီး သေဆုံးသူလည်း မြင့်မားခဲ့ခြင်းဖြစ်ကြောင်း၊ ဘရာဇီးအာဏာပိုင်အဖွဲ့အစည်းအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကို စတင်နိုင်ခြင်းမရှိသေးဘဲ ကယ်ဆယ်ရေးလုပ်ငန်းများကိုသာ ဆောင်ရွက်နေရဆဲဖြစ်ကြောင်း၊ ပြည်သူတချို့မှာ ရေလွှမ်းနေသည့် ဧရိယာအတွင်း ပိတ်မိနေခဲ့ပြီး ကယ်ဆယ်ရေးဝန်ထမ်းများ၏ လာရောက်ကယ်ထုတ်မှုကို စောင့်ဆိုင်းနေရဆဲဖြစ်ကြောင်း သိရသည်။

မြေပြိုကျမှုနှင့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သော ဧရိယာတချို့သို့ ကယ်ဆယ်ရေး ဝန်ထမ်းများက မြေပြင်မှသွားရောက်၍ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးရန် ခက်ခဲနေသည့်အတွက် လေကြောင်းအကူအညီကိုယူထားရပြီး ရဟတ်ယာဉ်များဖြင့် အန္တရာယ်ဇုန်အတွင်းမှ ဒေသခံများကိုကယ်ထုတ်ပေးနေဆဲဖြစ်ကြောင်း ဘရာဇီးအရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

ကယ်ဆယ်ရေးဝန်ထမ်းများ၏ လာရောက်ကယ်ဆယ်မှုကို စောင့်ဆိုင်းနေသည့် ဒေသခံတချို့မှာ နှစ်ရက်၊ သုံးရက်ခန့်ထိ အစားအသောက်ပြတ်လပ်သည့် အခြေအနေဖြင့် ရင်ဆိုင်ခဲ့ရကြောင်း၊ ရေကြီးရေလျှံမှုကြောင့် ပျောက်ဆုံးနေသူ ၁၃၁ ဦးထိရှိနေဆဲဖြစ်ကြောင်းလည်း ဘရာဇီးအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**


# Iceland တွင်တည်ဆောက်ထားသော ကမ္ဘာ့အကြီးဆုံးလေသန့်စင်စက်များ စတင်လည်ပတ်

**ရေးကျဗစ်ခ် မေ ၉**

ဆွစ်ဇာလန်နိုင်ငံကုမ္ပဏီ Climeworks မှ တီထွင်ထုတ်လုပ်ထားသော မန်မောက်ဟုအမည်ပေးထားသည့် ကမ္ဘာ့အကြီးဆုံးလေသန့်စင်စက်များကို မြောက်အတ္တလန္တိတ်နှင့် အာတိတ်သမုဒ္ဒရာများကြား မြောက်အမေရိကနှင့် ဥရောပကြားရှိ အတ္တလန္တိတ်ကျွန်းမြင့်ပေါ်ရှိ နော်ဒစ်ကျွန်းနိုင်ငံဖြစ်သည့် Iceland တွင်တည်ဆောက်ထားပြီး အဆိုပါလေသန့်စင်စက်များကို မေ ၈ ရက်က စတင်လည်ပတ်နိုင်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ယခုစတင်လည်ပတ်သည့် လေသန့်စင်စက်များသည် ၂၀၂၁ ခုနှစ်ကစတင်လည်ပတ်ခဲ့သည့်အော်ကာအမျိုးအစားစက်များထက် ၁၀ ဆကြီးမားကြောင်း၊ ၎င်းစက်များသည် လေထဲက ညစ်ညမ်းမှုကို တိုက်ရိုက်ဖမ်းယူခြင်းအပြင် လေထဲက ဓာတုပစ္စည်းများကိုစုပ်ယူကာ လေထုထဲသို့ ကာဗွန်ထုတ်လွှတ်မှုနည်းပါးစေရန် ဒီဇိုင်းထုတ်ထားသည့် နည်းပညာကို အသုံးပြုထားကြောင်း၊ အဆိုပါစက်များကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သော ဘူမိအပူစွမ်းအင်ဖြင့် လည်ပတ်မည်ဖြစ်ကြောင်း သိရသည်။

"မန်မောက်က လေထုထဲက ကာဗွန်တန်ချိန် ၃၆၀၀၀ ကို စုပ်ယူနိုင်ပါတယ်။ ဒါဟာ တစ်နှစ်ပတ်လုံး ဂက်စ်စွမ်းအင်သုံး ကားအစီးရေ ၇၈၀၀ လောက် လမ်းပေါ်မှာမောင်းနှင်တဲ့အခါထွက်တဲ့ ကာဗွန်ပမာဏနဲ့ညီမျှပါတယ်"ဟု Climeworks ကုမ္ပဏီမှ တွဲဖက်အမှုဆောင်အရာရှိချုပ် Jan Wurzbacher က ပြောကြားခဲ့သည်။



Climeworks ကုမ္ပဏီသည် ၂၀၂၂ ခုနှစ် ဇွန်လတွင် မန်မောက်စက်များကို စတင်တည်ဆောက်ခဲ့ကြောင်း၊ ၎င်းတွင်ညစ်ညမ်းမှုများကို စုပ်ယူစုဆောင်းပေးနိုင်သော ကွန်တိန်နာခန်း ၇၂ ခန်းပါရှိပြီး ညစ်ညမ်းမှုများကို စုပ်ယူနိုင်သော ပန်ကာစုပ်စက်အစိတ်အပိုင်းများသည် တစ်ခုနှင့်တစ်ခု အလွယ်တကူ ရွှေ့ပြောင်းနိုင်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KZ**

# အင်ဒိုနီးရှားနိုင်ငံ၌ ဧပြီလတွင်ဖြစ်ပေါ်ခဲ့သော အပူချိန်ပမာဏက ဆယ်စုနှစ်လေးစုအတွင်း အမြင့်ဆုံးအပူချိန်ပမာဏဖြစ်ကြောင်း ထုတ်ပြန်

**ဂျကာတာ မေ ၉**

အင်ဒိုနီးရှားနိုင်ငံတွင် ပြီးခဲ့သည့်ဧပြီလတွင် အပူချိန်စံချိန်တင် မြင့်တက်မှုဖြစ်ပွားခဲ့ပြီး ၎င်းအပူချိန်ပမာဏမှာ ဆယ်စုနှစ်လေးစုအတွင်း အမြင့်ဆုံးသော အပူချိန်ပမာဏတစ်ရပ်ဖြစ်ကြောင်း အင်ဒိုနီးရှား ဇလဗေဒ၊ ရာသီဥတုဗေဒ၊ ဘူမိရူပဗေဒအေဂျင်စီ(BMKG) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဧပြီလအတွင်း ဖြစ်ပေါ်ခဲ့သော ပျမ်းမျှအပူချိန်ပမာဏမှာ ၂၇ ဒသမ ၇၄ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိခဲ့ပြီး ၎င်းပမာဏမှာ ၁၉၈၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း ဧပြီလများတွင်ဖြစ်ပေါ်ခဲ့သော အပူချိန်ပမာဏထက် သုည ဒသမ ၈၉ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ကြောင်း၊ ထို့ပြင် အပူလှိုင်းများလည်း ဖြစ်ထွန်းခဲ့ခြင်းကြောင့် အင်ဒိုနီးရှားနိုင်ငံအတွင်း စာသင်ကျောင်းတချို့ကို ယာယီပိတ်ခဲ့ရကြောင်း သိရသည်။

"ပြီးခဲ့တဲ့ဧပြီလအတွင်း အင်ဒိုနီးရှားနိုင်ငံမှာဖြစ်ပေါ်ခဲ့တဲ့ အပူချိန်ပမာဏဟာ ဆယ်စုနှစ် လေးစုအတွင်း အမြင့်ဆုံးအပူချိန်ပမာဏတစ်ရပ်ဖြစ်ခဲ့ပါတယ်။ အခုလို အပူလှိုင်းဖြစ်တွေဖြစ်သန်းပြီး အပူချိန်တွေမြင့်တက်ခဲ့တဲ့ အကြောင်းရင်းကို သုတေသနလုပ်ကြည့်တော့ ရာသီဥတုပြောင်းလဲမှုရဲ့ နောက်ဆက်တွဲပြဿနာတွေပဲဖြစ်ပါတယ်။ ရာသီဥတုပြောင်းလဲမှုတွေဖြစ်ပေါ်ရတဲ့ အဓိကအကြောင်းရင်းတွေကို ပြန်လေ့လာကြည့်တော့ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာတဲ့ကိစ္စတွေ၊ လူသားတွေရဲ့ ပြုမူလုပ်ဆောင်ချက်တွေကြောင့် ဖြစ်ပေါ်လာတဲ့ကမ္ဘာ့အသီးသီးက ဖြစ်စဉ်တွေကြောင့်ပဲဖြစ်ပါတယ်"ဟု အင်ဒိုနီးရှား ဇလဗေဒ၊ ရာသီဥတုဗေဒ၊ ဘူမိရူပဗေဒအေဂျင်စီ (BMKG) ၏ အကြီးအကဲဖြစ်သူ အက်ဂျ်မက်ဖာချရီကာ ပြောကြားသွားခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**

# အီရတ်နိုင်ငံရှိ ဒါဘန်ဒီခန်ရေလှောင်တမံတွင် မိုးရွာသွန်းမှုကြောင့် ရေပမာဏပြန်လည်မြင့်တက်

**ဘဂ္ဂဒက် မေ ၉**

အီရတ်နိုင်ငံ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေဖြစ်သော ကာဒီစတန်နယ်မြေ ဆူလိုင်မန်နီစီရင်စုတွင် တည်ရှိသည့် ဒါဘန်ဒီခန်ရေလှောင်တမံသည် နှစ်နှစ်တာကာလ မိုးခေါင်ရေရှားပါးမှုကြောင့် ရေပမာဏကျဆင်းမှုဖြင့် ရင်ဆိုင်ခဲ့ရကာ ၂၀၂၄ ခုနှစ်အတွင်း မိုးပြန်လည်ရွာသွန်းလာခဲ့ပြီးနောက် ဒါဘန်ဒီခန်ရေလှောင်တမံတွင် ရေပမာဏမြင့်တက်ကာ စိုးရိမ်မှတ်နားသို့ပင် ရောက်ရှိနေပြီဖြစ်ကြောင်း ဆူလိုင်မန်နီစီရင်စု အာဏာပိုင်အဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်သွားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

၂၀၁၆ ခုနှစ်နောက်ပိုင်း ဒါဘန်ဒီခန်ရေလှောင်တမံသည် ပထမဦးဆုံးအကြိမ် ရေပမာဏစိုးရိမ်မှတ်သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ မကြာသေးမီက မြေငလျင်လှုပ်ခတ်မှုကြောင့် ဒါဘန်ဒီခန်ရေလှောင်တမံတွင် ပျက်စီးမှုများရှိခဲ့ပြီး ရေလှောင်တမံ ထိန်းချုပ်ရေးစနစ်တချို့လည်း ပျက်စီးခဲ့သဖြင့် ရေပမာဏ စိုးရိမ်မှတ်ကိုကျော်လွန်လာပါက ဒေသခံများအတွက် အန္တရာယ်ရှိသည့်အခြေအနေဖြစ်ကြောင်း ဆူလိုင်မန်နီစီရင်စု အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

"ရေလှောင်တမံဟာ မိုးခေါင်တဲ့ပြဿနာနဲ့ နှစ်နှစ်တိုင်တိုင်ရင်ဆိုင်ခဲ့ရပြီးတဲ့နောက် ၂၀၂၄ ခုနှစ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလှောင်တမံအတွင်းမှာ ရေပမာဏတွေ သိသိသာသာ မြင့်တက်လာတယ်။ စိုးရိမ်မှတ်နားကိုတောင် ရောက်နေပြီ။ မကြာသေးမီက မြေငလျင်ဒဏ်သင့်ခဲ့တဲ့ ဒါဘန်ဒီခန်ရေလှောင်တမံမှာ ပျက်စီးဆုံးရှုံးမှုတွေရှိခဲ့ပါတယ်။ ပျက်စီးမှုတွေထဲမှာ ရေလှောင်တမံရဲ့ ထိန်းချုပ်ရေးစနစ်တွေလဲ ပါဝင်ခဲ့တဲ့အတွက် ရေလှောင်တမံမှာ ရေပမာဏဟာ စိုးရိမ်မှတ်ကို ရောက်သွားရင်တော့ အပြည့်အဝထိန်းချုပ်နိုင်ဖို့ ခက်ခဲသွားလိမ့်မယ်။ ရေပမာဏ စိုးရိမ်မှတ်ကို ရောက်လာပြီးအပြည့်အဝ မထိန်းချုပ်နိုင်ဘူးဆိုရင်တော့ ဒေသခံတွေအတွက် စိုးရိမ်ဖွယ်ရာအခြေအနေဖြစ်ပါတယ်"ဟု ဒါဘန်ဒီခန်ရေလှောင်တမံ အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# အာဂျင်တီးနားနိုင်ငံ ဘော်ဒိုဘာပြည်နယ်၌ ရာသီဥတုပူပြင်းမှုကြောင့် ပြောင်းစိုက်ခင်းများတွင် သီးဖျက်ပိုးများ ကျရောက်ခဲ့

**ဗျူနိုအေးရိစ် မေ ၉**

အာဂျင်တီးနားနိုင်ငံ ကော်ဒိုဘာပြည်နယ်၌ ရာသီဥတုပူပြင်းလာမှုကြောင့် ပြောင်းစိုက်ခင်းများတွင် သီးဖျက်ပိုးများ ကျရောက်ခဲ့ပြီး ပြောင်းစိုက်တောင်သူများကို ဆုံးရှုံးမှုများဖြစ်ပေါ်စေခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ပြောင်းစိုက်ခင်းများတွင် ကျရောက်သည့် သီးဖျက်ပိုးအရွယ်အစားမှာ အရှည် လေးမီလီမီတာခန့်ရှိကြောင်း၊ အဆိုပါပိုးများသည် အလွန်ပူပြင်းသည့် အပူချိန်တွင် ရှင်သန်သဖြင့် ပြောင်းစိုက်တောင်သူများ၏ပြောင်းရိတ်သိမ်းမှုတွင် ဆုံးရှုံးမှုများဖြစ်ပေါ်စေကြောင်း သိရသည်။

"ပုံမှန်မဟုတ်တဲ့ ပိုးကျရောက်မှုဟာ ကမ္ဘာ့အပူချိန်တွေ မြင့်တက်လာမှုနဲ့ဆက်စပ်မှုရှိပြီး ၂၀၂၃ ခုနှစ်ဟာ သမိုင်းတစ်လျှောက် အပူဆုံးနှစ်ဖြစ်ပါတယ်"ဟု Buenos Aires တက္ကသိုလ်မှ ရာသီဥတုပြောင်းလဲမှုဆိုင်ရာကျွမ်းကျင်သူ Matilde Rusticucci က ပြောကြားခဲ့သည်။

ပြောင်းတင်ပို့မှုတွင် အာဂျင်တီးနားနိုင်ငံသည် ကမ္ဘာ့အဆင့် နံပါတ်(၃) ရှိပြီး ယခုကဲ့သို့ ပြောင်းစိုက်ခင်းများတွင် အကြီးအကျယ်ပိုးကျရောက်မှုမျိုး တစ်ခါမှမကြုံဖူးကြောင်း၊ ပြောင်းရိတ်သိမ်းချိန်တွင် ပိုးကျရောက်မှုကြောင့် ပြောင်းတန်ချိန် သန်းပေါင်းများစွာ ဆုံးရှုံးခဲ့ရကြောင်း ပြောင်းစိုက်တောင်သူများထံမှ သိရသည်။

အာဂျင်တီးနားအစိုးရသည် ပြောင်းစိုက်ခင်းများ၌ ပိုးကျမှုနှင့်ပတ်သက်၍ ပိုးများကို တိုက်ဖျက်ရန်အတွက် ပိုးသတ်ဆေးအသုံးပြုမှုကို ခွင့်ပြုကာ အရှိန်အဟုန်မြှင့်လုပ်ဆောင်ရန် စိုက်ပျိုးမွေးမြူရေးအသင်းများနှင့် ပြောင်းစိုက်တောင်သူများ ပူးပေါင်းဆောင်ရွက်ကြရန် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KZ**

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**

# စနေနေ့ညပွဲစဉ်တွေထဲက ဥရောပပြိုင်ပွဲဝင်ခွင့်နဲ့ တန်းဆင်းဇုန်ကလွတ်ဖို့ ရမှတ်လိုနေတဲ့ နယူးကာဆယ်အသင်း၊ ယူနီယံဘာလင်အသင်း၊ မာယော့ကာအသင်းတို့ကို ရွေးချယ်ရမှာပါ



စနေနေ့ညကစားမဲ့ အမှတ်ပေးပြိုင်ပွဲမှာ ခြေရည်တူအသင်းတွေနဲ့ တန်းဆင်းဇုန်ကလွတ်ဖို့ကြိုးစားရမဲ့အသင်းတွေ ထိပ်တိုက်တွေ့ဆုံနေလို့ ပြိုင်ဆိုင်မှုပြင်းထန်လာမှာပါ။ လက်ရှိမှာ ရာသီပိတ်သိမ်းဖို့ နှစ်ပွဲသာလိုတော့တာကြောင့် အသင်းအများစုဟာ အမှတ်ပေးဇယားအထက်ရောက်ဖို့ အစွမ်းကုန်ကြိုးစားနေသလို တန်းဆင်းဇုန်ကအသင်းတွေကလဲ တန်းမဆင်းရဖို့ ရေကုန်ရေခန်းပြိုင်ပွဲဝင်နေတာကိုတွေ့ရမှာပါ။ ဒါကြောင့် နောက်ပိုင်းပွဲစဉ်တွေဟာ မထင်မှတ်တဲ့ရလဒ်တွေထွက်ပေါ်ခဲ့ပြီး ပြိုင်ပွဲတိုင်းက နှစ်သင်းပေါင်းဂိုးများခဲ့တာဖြစ်ပါတယ်။ စနေနေ့ညမှာတော့ ခြေရည်တူအသင်းတွေ တွေ့ဆုံနေတဲ့အထဲက ဥရောပပြိုင်ပွဲဝင်ခွင့်နဲ့ တန်းဆင်းဇုန်ကလွတ်ဖို့ ကြိုးစားရမဲ့အသင်းတွေကိုသာ ဦးစားပေးရွေးချယ်သွားမှာပါ။

### နယူးကာဆယ်အသင်း ရလဒ်ကောင်းမှာပါ

ပရီးမီးယားလိဂ်ပွဲစဉ်(၃၇)မှာ အကြိုက်တွေ့မိတာကတော့ နယူးကာဆယ်အသင်းနဲ့ ဘရိုက်တန်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ နယူးကာဆယ်ဟာ ဂိုးသမားအပါအဝင် အဓိကခံစစ်ကစားသမားတွေ ဒဏ်ရာရနေလို့ခံစစ်ကစားပုံအားနည်းနေပေမဲ့ နောက်ပိုင်းပွဲစဉ်တွေမှာတိုက်စစ်ကစားပုံကောင်းလာတာကိုတွေ့ရမှာပါ။ ပြီးခဲ့တဲ့ငါးပွဲမှာ တိုက်စစ်က ၁၄ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး ဖူလ်ဟမ်၊ စပါး၊ ရှက်ဖီး(ယူ)၊ ဘန်လေတို့လို အသင်းတွေကို အနိုင်ရခဲ့တာဖြစ်ပါတယ်။ ဒ့ါပြင် ခံစစ်ပိုင်းက အရန်ကစားသမားတွေကလဲ ခြေစွမ်းပြနိုင်ခဲ့တာကြောင့် အဲဒီငါးပွဲမှာ ပေးဂိုးလေးဂိုးသာရှိခဲ့ပြီး ခံစစ်ပိုင်းပြင်ဆင်နိုင်ခဲ့တာကိုသတိပြုရမှာပါ။ လက်ရှိ ၃၅ ပွဲကစားအပြီးမှာ ရမှတ် ၅၆ မှတ်နဲ့ အဆင့်(၆)မှာ ရောက်နေတာကြောင့် ဥရောပပြိုင်ပွဲဝင်ခွင့်ရဖို့ နီးစပ်နေပေမဲ့ အဆင့်(၇)က ချဲလ်ဆီးနဲ့ ရမှတ်နှစ်မှတ်သာကွာဟနေလို့ အခုပွဲကို ရှုံးလို့မရပါဘူး။ နည်းပြဟိုဝီရဲ့ ၄-၃-၃ ကစားကွက်မှာတိုက်စစ်က အစ်ဆက်ခ်၊ မာဖီ၊ ဂေါ်ဒွန်၊ ဝယ်လ်ဆင်တို့ ခြေစွမ်းပြနေပြီး အစ်ဆက်ခ်က သွင်းဂိုး ၂၀ နဲ့ဂိုးသွင်းအများဆုံးဖြစ်နေတာဖြစ်ပါတယ်။ လက်ရှိမှာလဲ အစ်ခ်ဆက်နဲ့ ဂေါ်ဒွန်တို့အတွဲဟာ ပြိုင်ဘက်ခံစစ်ကို အခက်တွေ့အောင်ကစားနေတာဖြစ်လို့ အသင်းလိုက်ကစားအားကျဆင်းနေတဲ့ဘရိုက်တန်အသင်း ပွဲချိန်ပြည့် ထိန်းချုပ်နိုင်မှာမဟုတ်ပါဘူး။

ဘရိုက်တန်အသင်းဟာ အခုရာသီမှာ အဓိကကစားသမားတွေကို ရောင်းချခဲ့ပေမဲ့ ရာသီအစမှာ ကစားအားကျဆင်းသွားတာ မရှိဘဲ ပြိုင်ဘက်တိုင်းကို အခက်တွေ့အောင်ကစားနိုင်ခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ မီတိုမာ၊ ဖာဂူဆန်၊ လယ်လာနာ၊ အီစတူပီနန်၊ဆိုလီမာ့ချ်တို့လို အဓိကကစားသမားတွေ ဒဏ်ရာရသွားချိန်မှာ ခြေစွမ်းပိုင်းကျဆင်းသွားခဲ့ပြီး ရလဒ်တည်ငြိမ်မှုမရှိတော့ပါဘူး။ ဒါကြောင့် ဖေဖော်ဝါရီလနောက်ပိုင်း ပွဲစဉ်တွေမှာ ပြိုင်ပွဲစုံငါးပွဲကို နိုင်ပွဲရခဲ့ပြီး ရလဒ်ကျဆင်းသွားခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိ ၃၅ ပွဲကစားအပြီးမှာတော့ ရမှတ် ၄၇ မှတ်နဲ့ အဆင့်(၁၁) မှာရပ်တည်နေပေမဲ့ တိုက်စစ်ပိုင်းက နောက်ဆုံးခုနစ်ပွဲမှာသုံးဂိုးသာသွင်းယူနိုင်ခဲ့ပြီး ခံစစ်ကပေးဂိုး ၁၂ ဂိုးထိ ရှိခဲ့တာကိုသတိပြုရမှာပါ။ ပြီးခဲ့တဲ့အိမ်ကွင်းမှာတော့ အေဗီလာကို တစ်ဂိုးဂိုးမရှိနဲ့ အနိုင်ရခဲ့ပေမဲ့ အဝေးကွင်းခံစစ်ပိုင်းကတော့ တည်ငြိမ်မှုမရှိသေးဘဲ နောက်ဆုံးအဝေးကွင်း ခုနစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ပထမအကျော့ ကစားသမားစုံလင်ချိန်မှာ နယူးကာဆယ်ကို သုံးဂိုးတစ်ဂိုးနဲ့ နိုင်ခဲ့ပေမဲ့ အခုလိုခြေစွမ်းကျဆင်းနေချိန်မှာ တိုက်စစ်ထက်မြက်နေတဲ့နယူးကာဆယ်ကို နိုင်ပွဲရဖို့ဆိုတာမဖြစ်နိုင်တော့ပါဘူး။ ဒါကြောင့် အိမ်ကွင်းအားသာချက်နဲ့ ဥရောပပြိုင်ပွဲဝင်ခွင့်ရဖို့ နိုင်ပွဲရယူမဲ့နယူးကာဆယ်အသင်း ရလဒ်ကောင်းမှာပါ။

**နယူးကာဆယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖူလ်ဟမ် | ၀ | - | ၁ | နယူးကာဆယ် |
| နယူးကာဆယ် | ၄ | - | ၀ | စပါး |
| ပဲလေ့စ် | ၂ | - | ၀ | နယူးကာဆယ် |
| နယူးကာဆယ် | ၅ | - | ၁ | ရှက်ဖီး(ယူ) |
| ဘန်လေ | ၁ | - | ၄ | နယူးကာဆယ် |

**ဘရိုက်တန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘရိုက်တန် | ၀ | - | ၃ | အာဆင်နယ် |
| ဘန်လေ | ၁ | - | ၁ | ဘရိုက်တန် |
| ဘရိုက်တန် | ၀ | - | ၄ | မန်စီးတီး |
| ဘုန်းမောက် | ၃ | - | ၀ | ဘရိုက်တန် |
| ဘရိုက်တန် | ၁ | - | ၀ | အေဗီလာ |

### ယူနီယံဘာလင်အသင်းနဲ့ လက်တွဲရမှာပါ

ဘွန်ဒက်လီဂါ ပွဲစဉ် (၃၃) မှာ အကြိုက်တွေ့မိတာကတော့ ကိုလုံးနဲ့ ယူနီယံဘာလင်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ကိုလုံးအသင်းဟာ ကစားသမားစုဖွဲ့မှုအားနည်းတဲ့အသင်းဖြစ်သလို လက်ရှိမှာလဲ ကစားသမားရှစ်ယောက်ထိ ဒဏ်ရာရနေတာကြောင့် ခြေစွမ်းပိုင်းတည်ငြိမ်ဖို့ ရုန်းကန်နေရတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ၃၂ ပွဲကစားအပြီးမှာရမှတ် ၂၄ မှတ်ရခဲ့တာကြောင့် အဆင့်(၁၇) မှာရောက်ရှိခဲ့ပြီး ပြိုင်ပွဲပြီးဆုံးဖို့ နှစ်ပွဲအလိုမှာအဆင့်(၁၆)က မိန့်ဇ်နဲ့ ရမှတ်ငါးမှတ် ကွာဟနေတာကြောင့် တန်းဆင်းရဖို့ သေချာနေတာလဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ငါးပွဲမှာလဲ ဘိုချမ်ကိုသာ အနိုင်ရခဲ့ပြီး ဘိုင်ယန်မြူးနစ်၊ ဒမ်စတက်၊ ကိုလုံး၊ ဖရိုင်းဖတ်တို့နဲ့ပွဲမှာ နိုင်ပွဲပျောက်ခဲ့တာကိုတွေ့ရမှာပါ။ အိမ်ကွင်းခြေစွမ်းပိုင်းကလဲ အမှတ်ပေးပွဲ ၁၆ ပွဲမှာ သုံးပွဲသာနိုင်ခဲ့ပြီး ခံစစ်ပိုင်းကပေးဂိုး ၂၆ ဂိုးထိခွင့်ပြုခဲ့ရတာကြောင့် ကိုလုံးရဲ့အိမ်ကွင်းကစားပုံဟာ ဆိုးရွားတဲ့အသင်းတွေထဲမှာ ပါဝင်နေတာဖြစ်ပါတယ်။ အခုပွဲမှာလဲ ကစားသမားစုဖွဲ့မှုကောင်းတဲ့ ယူနီယံဘာလင်နဲ့တွေ့ဆုံနေတာကြောင့် ကိုလုံးအသင်းရမှတ်ရှာဖို့ခက်ခဲမှာသေချာပါတယ်။

ယူနီယံဘာလင်ဟာ ပြီးခဲ့တဲ့နှစ်တွေမှာ ခြေစွမ်းပိုင်းတိုးတက်လာတာကြောင့် သုံးနှစ်ဆက်တိုက် ဥရောပပြိုင်ပွဲ ကစားခွင့်ရခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ အခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရချိန်မှာတော့ ခြေစွမ်းပိုင်းကျဆင်းသွားခဲ့ပြီး ချန်ပီယံလိဂ်အုပ်စုကထွက်ခဲ့ရသလို အမှတ်ပေးပွဲမှာလဲ ရလဒ်ကောင်းဖို့ ရုန်းကန်ခဲ့ရတာကိုတွေ့ရမှာပါ။ ဒါကြောင့် ဥရောပပြိုင်ပွဲဝင်ခွင့်ရအောင် စွမ်းဆောင်ပေးထားတဲ့ နည်းပြဖစ်ရှာကိုထုတ်ပယ်ပြီး နည်းပြသစ်ခန့်အပ်ခဲ့ပေမဲ့ ရလဒ်ပိုင်းတိုးတက်လာတာမရှိဘဲ ပွဲစဉ် (၃၂) အပြီးမှာ ရမှတ် ၃၀ နဲ့ အဆင့်(၁၅)ထိ ရောက်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် တန်းဆင်းဇုန်အန္တရာယ်ရှိနေတဲ့ သူတို့အသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ ဘိုချမ်ကို ရှုံးနိမ့်ပြီး နောက်ပိုင်းနည်းပြဘီဂျေလီကာကို ထုတ်ပယ်ပြီး ယူ-၁၉ နည်းပြကို ယာယီခန့်အပ်လိုက်တာဖြစ်ပါတယ်။ နည်းပြသစ်အနေနဲ့ နောက်ဆုံးနှစ်ပွဲမှာ ရမှတ်ရှာဖွေနိုင်မှသာ ဘွန်ဒက်လီဂါမှာကျန်ခဲ့မှာဖြစ်လို့ အခုလိုကစားသမားစုဖွဲ့မှုနဲ့ ခံစစ်ပိုင်းကျဆင်းနေတဲ့ ကိုလုံးအသင်းကိုတော့ ပွဲချိန်ပြည့်ဖိအားပေးဖို့ကြိုးစားလာမှာပါ။ အခုပွဲမှာ ကစားသမားတစ်ယောက်သာ ဒဏ်ရာရနေတာကြောင့်လဲ ကစားကွက်ပိုင်းနဲ့ ကစားအားမှာ ကိုလုံးထက်သာလွန်နေမှာဖြစ်သလို ထိပ်တိုက်တွေ့ဆုံမှုမှာလဲ ယူနီယံဘာလင်ကအသာရခဲ့လို့ ယူနီယံဘာလင်နဲ့ပဲလက်တွဲရမှာပါ။

**ကိုလုံးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ကိုလုံး | ၂ | - | ၁ | ဘိုချမ် |
| ဘိုင်ယန်မြူးနစ် | ၂ | - | ၀ | ကိုလုံး |
| ကိုလုံး | ၀ | - | ၂ | ဒမ်စတက် |
| မိန့်ဇ် | ၁ | - | ၁ | ကိုလုံး |
| ကိုလုံး | ၀ | - | ၀ | ဖရိုင်းဖတ် |

**ယူနီယံဘာလင်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ယူနီယံဘာလင် | ၀ | - | ၁ | လေဗာကူဆင် |
| အော့စ်ဘတ် | ၂ | - | ၀ | ယူနီယံဘာလင် |
| ယူနီယံဘာလင် | ၁ | - | ၅ | ဘိုင်ယန်မြူးနစ် |
| ဂလာဘတ် | ၀ | - | ၀ | ယူနီယံဘာလင် |
| ယူနီယံဘာလင် | ၃ | - | ၄ | ဘိုချမ် |

### မာယော့ကာအသင်းကို ရွေးချယ်ရမှာပါ

စနေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်တွေမှာ အကြိုက်တွေ့မိတာကတော့ မာယော့ကာအသင်းနဲ့ လက်ပါးမက်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ မာယော့ကာဟာ အိမ်ကွင်းကစားပုံတည်ငြိမ်တဲ့အသင်းဖြစ်ပေမဲ့ ပြီးခဲ့တဲ့အိမ်ကွင်းနှစ်ပွဲမှာ အေတီကို၊ ရီးရဲလ်မက်ဒရစ်တို့လို ထိပ်သီးအသင်းကြီးတွေနဲ့တွေ့ဆုံခဲ့တာကြောင့် ရှုံးပွဲကြုံတွေ့ခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ အခုရာသီအမှတ်ပေးပွဲအိမ်ကွင်း ၁၇ ပွဲမှာတော့ ငါးပွဲသာရှုံးခဲ့ပြီး ရမှတ် ၂၂ မှတ်ထိ ရှာဖွေနိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ၃၄ ပွဲကစားအပြီးမှာ ရမှတ် ၃၂ မှတ်သာရခဲ့တာကြောင့် အဆင့်(၁၇) မှာရှိနေပြီး အဆင့်(၁၈)က ကာဒီဇက်နဲ့ ရမှတ်ခြောက်မှတ်ကွာဟနေတာကြောင့် လာမဲ့ပွဲစဉ်တွေကို အမှားခံလို့မဖြစ်ပါဘူး။ သူတို့အသင်းဟာ လက်ကျန်ပွဲတွေအဖြစ် အယ်မာရီယာ၊ အိုဆာဆူနာ၊ ဂီတာဖေးတို့လို အသင်းတွေနဲ့ ကစားရမှာဖြစ်လို့ အခုပွဲမှာ ရမှတ်ဆုံးရှုံးခဲ့ရင် တန်းဆင်းဇုန်ထဲရောက်သွားမှာသေချာပါတယ်။ မာယော့ကာဟာ အိမ်ကွင်းကစားပုံတည်ငြိမ်တာကြောင့် နောက်ဆုံးလေးပွဲမှာ ခံစစ်ကပေးဂိုးနှစ်ဂိုးသာရှိခဲ့လို့ လက်ပါးမက်လိုခြေစွမ်းကျဆင်းနေတဲ့အသင်းကို ဖိအားပေးနိုင်မှာသေချာပါတယ်။

လက်ပါးမက်ဟာ နောက်ဆုံးကစားခဲ့တဲ့ ၁၀ ပွဲမှာ နိုင်ပွဲပျောက်ဆုံးခဲ့ပြီးရလဒ်ပိုင်းကျဆင်းနေတဲ့ အသင်းဖြစ်ပါတယ်။ သူတို့အသင်းဟာ ရာသီအစမှာ ခြေစွမ်းပိုင်းထက်မြက်ခဲ့တာကြောင့် ရမှတ်ရှာဖွေနိုင်ခဲ့လို့ ၃၄ ပွဲအပြီးမှာ ရမှတ် ၃၇ မှတ်နဲ့ အဆင့်(၁၄) မှာ ရပ်တည်ခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ တန်းဆင်းဇုန်နဲ့ ဝေးကွာသွားပြီး လာလီဂါမှာကျန်ခဲ့ဖို့ သေချာနေတာလဲဖြစ်ပါတယ်။ သူတို့အသင်းနည်းပြကတော့ နောက်ပိုင်းပွဲစဉ်တွေကို ခံစစ်အားပြုကစားနေတာကြောင့် တိုက်စစ်ကဂိုးရဖို့ ခက်ခဲသွားခဲ့ပြီး နောက်ဆုံးငါးပွဲမှာ တိုက်စစ်ကတစ်ဂိုးသာသွင်းယူနိုင်ခဲ့တာကိုသတိပြုရမှာပါ။ လက်ရှိခံစစ်ပိုင်းကစားပုံကလဲ တိုးတက်လာတာမရှိဘဲ နောက်ဆုံး ၁၀ ပွဲဆက်မှာပေးဂိုးရှိခဲ့ပြီး နိုင်ပွဲပျောက်ဆုံးခဲ့တာကြောင့် အိမ်ကွင်းကစားပုံတည်ငြိမ်တဲ့မာယော့ကာကို ပွဲချိန်ပြည့် ထိန်းချုပ်ဖို့တော့ခက်ခဲမှာပါ။ သူတို့နှစ်သင်း ပထမအကျော့တွေ့ဆုံမှုမှာ မာယော့ကာက သရေကစားနိုင်ခဲ့ပြီး ထိပ်တိုက်တွေ့ဆုံမှုငါးကြိမ်မှာလဲ မာယော့ကာကတစ်ကြိမ်သာရှုံးခဲ့တာကြောင့် အိမ်ရှင်မာယော့ကာကိုပဲ ရွေးချယ်ရမှာပါ။

**မာယော့ကာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘီလ်ဘာအို | ၁ | - | ၁ | မာယော့ကာ |
| မာယော့ကာ | ၀ | - | ၁ | ရီးရဲလ်မက်ဒရစ် |
| ဆီဗီလာ | ၂ | - | ၁ | မာယော့ကာ |
| ကာဒီဇက် | ၁ | - | ၁ | မာယော့ကာ |
| မာယော့ကာ | ၀ | - | ၁ | အေတီကို |

**လက်ပါးမက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘာစီလိုနာ | ၁ | - | ၀ | လက်ပါးမက် |
| လက်ပါးမက် | ၀ | - | ၂ | ဆီဗီလာ |
| ဆဲလ်တာဗီဂို | ၄ | - | ၁ | လက်ပါးမက် |
| လက်ပါးမက် | ၀ | - | ၂ | ဂျီရိုနာ |
| ရီးရဲလ်မက်ဒရစ် | ၂ | - | ၀ | လက်ပါးမက် |




# မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊
အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .

**CNC 3D** ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍
ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊
ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား
ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၀၁၂၃၁၆၃၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅

STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၀၉၀၇၇

STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

---

ကျန်းမာရေးဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
ကျောက်ဆည်အထွေထွေရောဂါကုဆေးရုံကြီး

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ကျောက်ဆည်မြို့၊ အထွေထွေရောဂါကုဆေးရုံကြီးနှင့် ကျောက်ဆည်မြို့နယ်အတွင်းရှိ တိုက်နယ်ဆေးရုံများတွင် လိုအပ်သော FDA အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်းနှင့် ဓာတ်မှန်ခန်းသုံး ဆေးနှင့်ဆေးပစ္စည်းများ၊ Consumable များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းလွှာပုံစံများ
စတင်ရောင်းချမည့်ရက် - ၁၄-၅-၂၀၂၄
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၇-၅-၂၀၂၄ ရက်နေ့၊ ညနေ (၄း၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ ဆေးနှင့်ဆေးပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**အထွေထွေရောဂါကုဆေးရုံကြီး**
**ကျောက်ဆည်မြို့၊ မန္တလေးတိုင်းဒေသကြီး**
**၀၆၆-၂၀၅၀၃၄၅**

---

## စာရေးမတစ်ဦး အလိုရှိသည်

ဒန်/သတ္တုဆိုင်

- ၂၆× ၂၇ ကြား၊ ၈၆×၈၇ ကြား
- ဈေးချိုအနောက်ဘက်၊ ဒဂိုးဝင်းလမ်း
- 09-444015552 , 09-782007157

---

**ပျောက်ဆုံးကြောင်း**

ကန်နီမြို့နယ်နေ ကျော်စိုးနိုင် (ဘ) ဦးသာထွန်း (၅/ကနန(နိုင်)၀၉၈၅၅၈) ၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-877110)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၇၃၈၈၀၆၈၇

---

**ပျောက်ဆုံးကြောင်း**

စစ်ကိုင်းမြို့နယ်နေ အောင်စည်ကိုကို (ဘ) ဦးရဲထွဋ်အေး(၅/စကန(နိုင်)၂၁၃၄၈၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-003973)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၁၅၃၆၀၂၈

---

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့၊ အမှတ်-၂၊ ကံသာရပ်နေ ဦးတင်သောင်း-ဒေါ်ဝင်းမြ တို့၏သမီးဖြစ်သူ **မခင်မျိုးသော်(၉/မခန(နိုင်)၂၂၅၀၁၆)**သည် မိဘတို့၏ဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘောဆန္ဒအလျောက်ပြုမူဆောင်ရွက်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးတင်သောင်း(၉/မခန(နိုင်)၀၀၈၈၇၆)**
**ဒေါ်ဝင်းမြ(၉/မခန(နိုင်)၀၁၃၉၇၇)**

---

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့ အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင် ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ မြန်မာနိုင်ငံ၏ အမျိုးသားနိုင်ငံရေးကို သမိုင်းစဉ်ဆက်မပြတ် တာဝန်ထမ်းရွက်ခဲ့သော၊ နိုင်ငံ့အရေးကြုံလာတိုင်း ကာကွယ်စောင့်ရှောက်ခဲ့သော တပ်မတော်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိပ်ပါးနှောင့်ယှက်လာမည့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ကာကွယ်စောင့်ရှောက်လျက်ရှိပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ကျရောက်သော (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မကျိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



**မန္တလေး မေ ၉**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာအားကစားကွင်းတွင် ယနေ့ညနေပိုင်းက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအားကစားဆပ်ကော်မတီ အသီးသီးမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

**စာမျက်နှာ ၁၉ ကော်လံ ၄** ☆

**မြင်းခြံမြို့နယ် ဆုံရွာကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့သဖြင့် ကျေးရွာနေဒေသခံပြည်သူ ၃၂ ဦး သေဆုံးကာ ၁၄ ဦး ပုံးဝထိမှန်ဒဏ်ရာများရရှိ** စာမျက်နှာ - ၂၃

**PDF အမည်ခံ အကြမ်းဖက်သမားများက မြင်းခြံမြို့နယ် ဆုံရွာကျေးရွာအား လက်နက်ကြီးလက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဒေသခံပြည်သူ ၃၂ ဦး သေဆုံးကာ ၁၄ ဦး ပုံးဝထိမှန်ဒဏ်ရာများရရှိခဲ့မှုနှင့်ပတ်သက်၍ အဖွဲ့အစည်းအသီးသီးမှ သဘောထားကြေညာချက်များ ထုတ်ပြန်** စာမျက်နှာ - ၂၀

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
SIN MINN
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO. TH011875
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၈၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com

